# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလျှုဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလျှုဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ နတ်တော်လကွယ်နေ့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်၊ စနေနေ့ အတွဲ (၆၁)၊ အမှတ် (၁၉၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် ၂၀၂၂ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

ချစ်ခင်လေးစားအပ်ပါတဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး

၂၀၂၂ ခုနှစ် နှစ်သစ်အခါသမယမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သလိုက်ရပါတယ်။

၂၀၂၁ ခုနှစ်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ အရေးပါတဲ့နှစ်တစ်နှစ်ဖြစ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ တစ်နှစ်တာကာလအတွင်းမှာ ကျွန်တော်တို့အနေနဲ့ စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်ခဲ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့လျှောက်လှမ်းနေတဲ့ ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်မှာ မလွဲမသွေ ခိုင်ခိုင်မြဲမြဲရှိစေရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ရပ်တည်ချက်များအပေါ်မှာ တတ်နိုင်သလောက် အကောင်းအထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားတဲ့ တာဝန်ဝတ္တရားများနဲ့အညီ နိုင်ငံတော်ရဲ့အကျိုး၊ တိုင်းရင်းသားပြည်သူလူထုရဲ့အကျိုးကိုသာ အစဉ်ရှေးရှုဆောင်ရွက်ပေးနေတာပဲဖြစ်ပါတယ်။ နိုင်ငံတော်ကြီး ပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာဝပြောဖို့နဲ့ စားရေရိက္ခာဖူလုံစေဖို့တို့အတွက် ကျွန်တော်တို့အစိုးရအနေနဲ့ တိုင်းရင်းသားပြည်သူတို့နဲ့အတူ တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားပါ့မယ်။ "ညီညာမှ ပြည်သာမည်" ဖြစ်လို့ ကျွန်တော်တို့ရဲ့ စုစည်းအားနဲ့ တိုင်းပြည်သာယာဝပြောရေး ဝိုင်းဝန်းတည်ဆောက်ကြပါစို့လို့ မေတ္တာရပ်ခံ တိုက်တွန်းလိုပါတယ်။

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလက စတင်ဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ ကမ္ဘာ့ ကပ်ရောဂါဟာ ကျွန်တော်တို့နိုင်ငံမှာ ၂၀၂၀ ပြည့်နှစ် မတ်လ


*စာမျက်နှာ ၃ ကော်လံ ၁* ◆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

## ယနေ့ ဖတ်စရာ


၇၄ နှစ်ပြည့်ခဲ့ပြီ — ဆောင်းပါး — စာ - ၆

တောင်ကိုရီးယား၌ တင်းကျပ်သည့် လူမှုဝေးကွာအစီအစဉ်ကို နှစ်ပတ်ကြာ တိုးမြှင့်သွားမည် — နိုင်ငံတကာရေးရာ — စာ - ၁၂

ဟောလိဝုဒ်ပွဲတော်ကြီးများကို ဖျက်ခဲ့တဲ့ပိုး ကိုဗစ်- ၁၉ — နိုင်ငံတကာရေးရာ — စာ - ၁၄

လွတ်လပ်ရေးသတိ အမြဲရှိကြစို့ — ဆောင်းပါး — စာ - ၂၀

မြန်မာ့အလင်း

# စိန်ရတုအကြို လွတ်လပ်ရေး

ကမ္ဘာသုံးပြက္ခဒိန်အရ ယနေ့သည် ၂၀၂၂ ခုနှစ်သို့ ရောက်ရှိပြီဖြစ်သည်။ ၂၀၂၁ ခုနှစ်သည် ယမန်နေ့ အတိတ်တွင် ကျန်ရစ်ခဲ့ပြီ။ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးသည်နှင့်အမျှ အတိတ်သည်လည်း ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့မည်သာဖြစ်သည်။ ပြက္ခဒိန်ဟူသည် တစ်ဆက်တစ်စပ်တည်းသော အချိန်ကို နှစ်၊ လ၊ ရက်များအဖြစ် ပိုင်းခြားအမှတ်အသားပြုခြင်းဖြစ်ပြီး လူသားတို့၏ လူရေးလူရာပြုဖွယ်ကိစ္စအဝဝတို့အတွက် အသုံးချခြင်းဖြစ်ရာ နှစ်ဟောင်းကုန်ခြင်း၊ နှစ်သစ်စတင်ခြင်းတို့သည် ပြက္ခဒိန်၏ သဘောသာဖြစ်ပြီး အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဟူသော ကာလသုံးပါး ယန္တရားကမူ ထာဝရလည်ပတ်နေမည်ဖြစ်သည်။

အနီးဆုံးအတိတ်ကာလဖြစ်သည့် ကုန်လွန်ခဲ့သည့် တစ်နှစ်တာကို ပြန်လည်ကြည့်ပါက ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါလှိုင်း ပြင်းထန်စွာရိုက်ခတ်မှုကို ကြံ့ကြံ့ခံကာ ပြန်လည်တွန်းလှန်တုံ့ပြန်ခဲ့ရသည့် မြင်ကွင်းများ၊ မြန်မာ့နိုင်ငံရေးအပြောင်းအလဲတွင် ပေါ်ပေါက်လာသည့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် အကြမ်းဖက်သမားများ၊ လက်နက်ခဲယမ်းများကို ပမာဏကြီးမားစွာ ဖော်ထုတ်ဖမ်းဆီးမိခဲ့သည့် ပုံရိပ်များကသာ အများဆုံးလွှမ်းမိုးနေခဲ့သည်ကို သတိတရ ရှိကြမည်ဖြစ်သည်။ မြန်မာနိုင်ငံအဖို့ ယနေ့မှစ၍ ဖြတ်သန်းကြရမည့် တစ်နှစ်တာကာလအတွင်းတွင်လည်း ကိုဗစ်-၁၉ ကူးစက်မြန် ကမ္ဘာ့ကပ်ရောဂါ တားဆီးကာကွယ်ထိန်းချုပ်ရေးနှင့် နိုင်ငံတစ်ဝန်းလုံးတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့က ပထမဦးစားပေး ဆောင်ရွက်ကြရမည့် အရေးများအဖြစ် ဆက်လက်တည်ရှိနေဦးမည်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခံစားခဲ့ရသည့် စီးပွားရေးလုပ်ငန်းများကို ပြန်လည်ထူမတ်ကုစားပေးရေး၊ ထာဝရငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ရမည့် ကိစ္စများကို ဖြစ်နိုင်သမျှ ဆက်လက်ဆောင်ရွက်ရေး၊ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးတို့ကိုလည်း အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် ဝိုင်းဝန်းဆောင်ရွက်ကြရမှာဖြစ်သည်။

ယခုနှစ် ၂၀၂၂ ခုနှစ်၏ လွတ်လပ်ရေးနေ့သည် စိန်ရတုအကြို လွတ်လပ်ရေးနေ့ဖြစ်ရာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံဘဝသို့ ရောက်ရှိခဲ့ပြီးနောက် ဖြတ်သန်းခဲ့ရသော ၇၄ နှစ်တာသမိုင်းတစ်လျှောက်တွင်လည်း ဂုဏ်ယူဖွယ်ရှိသည်များကို ဂုဏ်ယူ၊ သင်ခန်းစာယူဖွယ်ရှိသည်များကို သင်ခန်းစာယူ၍ နိုင်ငံ၏ ရှေ့ခရီးကို ဆက်ကြရမှာဖြစ်သည်။ သမိုင်းကို သင်ခန်းစာယူသည်ဟုဆိုရာ၌ အငြိုးအတေး၊ အာဃာတတို့ကို သင်ပုန်းချေကာ နာစရာရှိသည်တို့ကို လွမ်းစရာနှင့်ဖြေကြမှသာ အနာဂတ်လမ်းခရီးတွင် မေတ္တာပန်းရနံ့ဝေကာ ထာဝရငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ဆီသို့ ဦးတည်နိုင်မှာဖြစ်သည်။ တစ်သွေးတည်း တစ်သားတည်း စည်းလုံးညီညွတ်မှသာ လမ်းခရီးတစ်လျှောက်မှ အနှောင့်အယှက်အဟန့်အတားနှင့် ဆူးငြောင့်ခလုတ် တံသင်းတို့ကို ဖယ်ရှားရှင်းလင်းနိုင်မှာဖြစ်သည်။

ယနေ့ကမ္ဘာကြီးတွင် အင်အားကြီးတို့၏ အားပြိုင်မှုများကို ထင်ထင်ရှားရှား တွေ့မြင်ကြရမည်ဖြစ်သည်။ နိုင်ငံငယ်များအဖို့မှာမူ ရောမသင်္ဘောကြီးများ ခုတ်မောင်းသွားရာတွင် ဖြစ်ပေါ်လာသည့် လှိုင်းဂယက်များကြားမှ လှေငယ်ကလေးများသဖွယ် မတိမ်းမစောင်းအောင် ထိန်းကျောင်းနိုင်ဖို့လိုသလို လှိုင်းဒဏ်၊ ရေဒဏ်ခံနိုင်အောင် ခိုင်ခံ့နေဖို့လည်း လိုအပ်သည်။ နိုင်ငံကို တည်ဆောက်ရာတွင်လည်းကောင်း၊ ကာကွယ်စောင့်ရှောက်ရာတွင်လည်းကောင်း ပြင်းပြသော ဆန္ဒခွန်အား၊ ထက်သန်သော စိတ်ဓာတ်ခွန်အား၊ ကြီးမားသော ဝီရိယခွန်အား၊ မြင့်မားသော ဉာဏ်ပညာခွန်အားတို့ဖြင့် အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်ကြပါစေကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး။

၃။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး။

၄။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေး။

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြု သင်တန်း (၃/၂၀၂၂) ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဒီဇင်ဘာ ၃၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ သင်တန်းအပတ်စဉ် (၃/ ၂၀၂၂) အား (၁၀-၁-၂၀၂၂)ရက်နေ့မှ (၁၈-၂-၂၀၂၂)ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များ အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊မေမွှစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း၀၁-၅၃၆၂၈၀
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊
  ဖုန်း၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊
  ဖုန်း၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း၀၅၄-၂၃၅၇၁
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊
  ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာငံ)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှာငံမြို့၊
  ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

လူမှုဝန်ထမ်းဦးစီးဌာန

## တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ဒီဇင်ဘာ ၃၀ ရက်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထိန်ဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ (ယာပုံ)



ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံများ အတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင် ရွက်ပေးခဲ့ကြောင်း သတင်းရရှိ သည်။

သတင်းစဉ်



မြန်မာ့ရိုးရာ ဆံရစ်ဝိုင်းအလှ ဓာတ်ပုံ - မြဇော်

နိုင်ငံတော်တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားကြတဲ့ တိုင်းချစ်၊ ပြည်ချစ်၊ နိုင်ငံချစ်၊ ပြည်သူလူထုကိုချစ်တဲ့ ပြည်သူတွေရဲ့ အင်အားသည်သာ အဓိကဖြစ်ပါတယ်။ စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့နိုင်ငံတော်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်၊ မြန်မာရဲ့ အနာဂတ်ကို မြန်မာတိုင်းရင်းသားပြည်သူလူထုရဲ့ ဆန္ဒနှင့်အညီ တည်ဆောက်နိုင်တဲ့ နိုင်ငံတော်ကို ရိုးသားတဲ့နိုင်ငံရေးနဲ့ ကျွန်တော်တို့ တည်ဆောက်ကြပါမယ်။ တိုင်းရင်းသားပြည်သူလူထုအားလုံးက ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးကြဖို့ ကျွန်တော့်အနေနဲ့ လေးလေးနက်နက် မေတ္တာရပ်ခံအပ်ပါတယ်။

**[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၈-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၆)လပြည့် နိုင်ငံတော်တွင်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်]**

◆ *ရှေ့ဖုံးမှ*

၂၃ ရက်နေ့က စတင်တွေ့ရှိခဲ့ပြီး ယခု ၂ နှစ်တာ ကာလအတွင်း ဗီဇပြောင်းရောဂါအဖြစ် ပြောင်းလဲဖြစ်ပွားနေလျက်ရှိပါတယ်။ ကိုဗစ်-၁၉ က စခဲ့တဲ့ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးဟာ အိုမီခရွန်ဗီဇပြောင်းရောဂါပိုးအဖြစ် ပြောင်းလဲခဲ့ပြီး ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း စတင်တွေ့ရှိခဲ့လို့ သတိပြုရမယ့်ရောဂါတစ်ခုဖြစ်ကြောင်း ပြောလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ လုပ်ဆောင်ရမှာက ကြိုတင်ပြင်ဆင်ထားဖို့နဲ့ သတိရှိဖို့သာ ဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးနှံမှုနဲ့ပတ်သက်ပြီး ၂၀၂၁ ခုနှစ်အတွင်းမှာ အကျုံးဝင်သူ ၅၀ ရာခိုင်နှုန်းကျော်ကို ကာကွယ်ဆေးထိုးနှံပြီးစီးဖို့ ကျွန်တော် ရည်မှန်းဆောင်ရွက်ခဲ့ပါတယ်။ ယခုအချိန်အထိ အသက် ၁၈ နှစ်နှင့် အထက် ၅၁ ရာခိုင်နှုန်းကျော်နဲ့ ကျောင်းများ စဖွင့်နေပြီဖြစ်တဲ့အတွက်ကြောင့် အသက် ၁၂ နှစ်နဲ့အထက် ကျောင်းသား၊ ကျောင်းသူ ၈၇ ရာခိုင်နှုန်းကျော် ကာကွယ်ဆေးထိုးနှံပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံ အတိုင်းအတာနဲ့လည်း ကာကွယ်ဆေးကို ပြည်တွင်းမှာပဲ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း မိဘပြည်သူများကို အသိပေးလိုပါတယ်။ အောင်လည်း အောင်မြင်မှာပါ။ ပြည်တွင်းမှာပဲ ထုတ်လုပ်နိုင်ရင် ကျွန်တော်တို့ ၂၀၂၂ ခုနှစ်အတွင်း မျှော်မှန်းအုပ်စုကို ရာနှုန်းပြည့် ထိုးပေးနိုင်မှာ ဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးနှံထားမယ်ဆိုပါက ရောဂါကူးစက်မှုကို အထိုက်အလျောက် ကာကွယ်နိုင်ပြီး ရောဂါကူးစက်ခံရပါကလည်း အတိုင်းအတာတစ်ခုအထိ သက်သာမှုရရှိစေနိုင်မှာ ဖြစ်ပါတယ်။ ကျန်းမာမှုသာ မိမိတို့ရဲ့အနာဂတ်ကို ကိုယ်တိုင်ဖန်တီးနိုင်မှာဖြစ်ပါတယ်။

၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့နှစ်ဖြစ်ပါတယ်။ လာမယ့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတု ပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတု လွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက် ယခုနှစ်ဟာ စိန်ရတု အကြိုကာလ ဖြစ်ပါတယ်။ ဒါကြောင့် ၇၅ နှစ်တာ ကြာခဲ့ပြီဖြစ်တဲ့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်များနဲ့ ပြည့်စုံဖို့ အရေးကြီးပါတယ်။

ဒါ့ကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များ စရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ်ရဲ့ စတုတ္ထအချက်ထဲမှာလည်း ဖော်ပြထားပြီးဖြစ်လို့ သက်ဆိုင်သူ အဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ပါတယ်။

၂၀၂၂ ခုနှစ်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းပြည်စည်ပင်သာယာဝပြောရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးတို့အတွက် အစိုးရအနေနဲ့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်သလို ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံပါတယ်။

“ညီညာမှပြည်သာမည်” စကားကို လက်ကိုင်ထားပြီး ကျွန်တော်တို့အားလုံး ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရင်း တိုင်းရင်းသား မိဘပြည်သူအားလုံး နှစ်သစ်ကစလို့ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝပါစေကြောင်း ထပ်မံဆုတောင်းအပ်ပါတယ် ခင်ဗျာ။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးသိန်းညွန့်၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား



မိဘပြည်သူများခင်ဗျာ-

နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေး၊ ဂျပန်ဖက်ဆစ်တော်လှန်ရေးများကြောင့် မြန်မာနိုင်ငံ လွတ်လပ်ရေး ရခဲ့တာ ၂၀၂၂ ခုနှစ်မှာ (၇၄)နှစ် ပြည့်ပါပြီ။ (၇၅)ခုနှစ် စိန်ရတု လွတ်လပ်ရေးနေ့သို့ ဘယ်လိုဆက်လက် ချီတက်ကြမလဲ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ခေါင်းဆောင်မှုခံယူပြီး လတ်တလောဖြစ်ပေါ်လာတဲ့ အကြမ်းဖက်အဖွဲ့အစည်းများဖြစ်တဲ့ CRPH၊ NUG၊ PDF တို့ကို အပြတ်ရှင်းလင်းရမယ်။

ယနေ့ မြန်မာနိုင်ငံရဲ့အခြေအနေဟာ နိုင်ငံခြားသြဇာခံတွေနဲ့ တိုင်းချစ်ပြည်ချစ်စိတ်ရှိသူတွေရဲ့ ကြားမှာ အမျိုးသားရေးအတွက် စာရင်းရှင်းလင်းမှုကို ဖြတ်သန်းရပါမယ်၊ ဒီလို နိုင်ငံရေးအချိုးအကွေ့မှာ ကျွန်တော်တို့ မြန်မာနိုင်ငံကို ချစ်မြတ်နိုးသူတွေဟာ မြန်မာ့အချုပ်အခြာအာဏာကို ထိပါးလာတဲ့ ဘယ်ပြည်တွင်း၊ ပြည်ပ ရန်သူကိုမဆို ရင်ဆိုင်ရမယ်။ ရန်သူတွေကဖန်တီးတဲ့ အကျပ်အတည်းများကို ရိုက်ချိုးပစ်ရမယ်။

သမိုင်းကပေးခဲ့တဲ့ သင်ခန်းစာများကိုရယူပြီး နောက်တစ်ကြိမ် ကိုလိုနီနိုင်ငံ သူ့ကျွန်ဘဝသို့ ပြန်မရောက်ရေးအတွက် နိုင်ငံခြားကျူးကျော်သူများနဲ့ အမျိုးသားသစ္စာဖောက်များကို ဇုန်းဇုန်းလဲကျရှုံးတဲ့အထိ နှစ်သစ်မှာ အောင်ပွဲဆင်နိုင်ကြပါစေလို့ ကျွန်တော် ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

# ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ကြီး၌ (၄၈) ကြိမ်မြောက် အသံမစဲပိဋကတ်သုံးပုံ ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ (၄၈)ကြိမ်မြောက် အသံမစဲပိဋကတ်သုံးပုံ ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဓမ္မရောင်ခြည် ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သာကေတမြို့နယ် တိပိဋကာလင်္ကာရကျောင်း ဦးစီးပဓာနနာယက၊ တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တအဂ္ဂသာမိထံမှ အနုမောဒနာတရားနာယူကာ ပိဋကတ်သုံးပုံ ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကိုပိတ်သိမ်းခဲ့ပြီး သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေး၊ အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၃၁**

တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ် အသီးသီးရှိဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်နှင့် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အောင်ချမ်းသာရပ်ကွက်ရှိ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ သာသနာ့ဝေပုလ္လာ ရာမကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဝိမလဓမ္မနာဒ (ခတ်လယ်) ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကံသာယာကျေးရွာရှိ ကံသာယာထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်းတိုက်၊ မန္တလေးတိုင်း ဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေရှိ ရေငုံကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံမှ လှူဒါန်းသော ဗုဒ္ဓဆင်းတုတော်မြတ် သီပေါ ပေါ်ကြိုဘုရားကြီး၌ အနေကဇာတင်မင်္ဂလာအခမ်းနားကျင်းပ

**သီပေါ ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ပရိဝုဏ်အတွင်း၌ မဟာသာသနာ့ဗိမာန်တော်ဓမ္မာရုံတွင် ကိုးကွယ်ပူဇော်ထားရှိမည့် ထိုင်းနိုင်ငံအလှူရှင်မိသားစုက ဓမ္မဒါနအဖြစ်လှူဒါန်းသော ဉာဏ်တော်အမြင့် ကိုးပေရှိ ဗုဒ္ဓဂယာမြတ်ဘုရားပုံတော်ကြေးဆင်းတုတော်မြတ်ကြီး ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားမှ တာချီလိတ်ပရဟိတအသင်း၏ ချိတ်ဆက်မှုဖြင့် တာချီလိတ်၊ ကျိုင်းတုံ၊ နမ့်လန်လမ်းကြောင်းအတိုင်း ပင့်ဆောင်ခဲ့သည်။

အဆိုပါ ဗုဒ္ဓဆင်းတုတော်မြတ်ကြီးကို ပေါ်ကြိုဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးဆန်စိုင်းသာညွန့်နှင့် ဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓနွယ်ဝင်သဒ္ဓါကြည်လင်ပါရမီရှင်များ မြို့မိ၊ မြို့ဖများက မော်တော်ယာဉ်ငါးစီးဖြင့် ပင့်ဆောင်လာရာ ယမန်နေ့ညနေပိုင်းက ပေါ်ကြိုဘုရားကြီးဓမ္မာရုံသို့ ရောက်ရှိကိန်းဝပ်စံပယ်တော်မူပြီး ယနေ့နံနက် အရုဏ်တက်ချိန်တွင် ပေါ်ကြိုဘုရားကြီးကျောင်းတိုက်ပဓာနနာယက ဆရာတော် ဗဟုဇနဟိတဓရ မဟာဓမ္မကထိက ဘဒ္ဒန္တဒေဝိန္ဒအရှင်သူမြတ်ထံမှ အနုမောဒနာတရားတော်နှင့် ကိုးပါးသီလခံယူဆောက်တည်ကြပြီး အနေကဇာတင်မင်္ဂလာအခမ်းအနားကျင်းပကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# စစ်တွေမြို့ လေးဝတီပညာရေးရိပ်သာရှိ ကျောင်းသား ကျောင်းသူများအား အထောက်အကူပြုပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ လေးဝတီပညာရေးရိပ်သာတွင် နေထိုင်၍ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူများအား ယနေ့နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံသည်။

ထို့နောက် တိုင်းမှူးက ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး(ယာပုံ) ပညာရေးရိပ်သာအတွင်းရှိ အိပ်ဆောင်များ၊ အားကစားခန်းမနှင့် စုပေါင်းစားချက်ဆောင်တို့အား လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# စလင်းမြို့နယ် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် သင်တန်းဖွင့်

**ပွင့်ဖြူ ဒီဇင်ဘာ ၃၁**

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသခံငါးမွေးတောင်သူများ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP)စနစ်နှင့်အညီ ငါးမွေးမြူရေးနည်းပညာများ ရရှိစေရန်နှင့် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရန်ရည်ရွယ်၍ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် မင်းဘူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒီဇင်ဘာ ၂၈ ရက်က မင်းဘူးခရိုင် စလင်းမြို့နယ် အနောက်ကန်ဘောင်ကျေးရွာ၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) သင်တန်းကို ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် မင်းဘူးခရိုင် တာဝန်ခံ/ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းကိုကိုထွန်း၊ ပွင့်ဖြူငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစိုးလှိုင်တို့က သင်တန်းသားများအား လက်ကမ်းစာစောင်များနှင့် သင်တန်းအထောက်အကူပစ္စည်းများ ပေးအပ်ခဲ့ပြီး ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်နှင့်ပတ်သက်၍ ဟောပြောပို့ချခဲ့ပြီး သင်တန်းသားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ၏ နှစ်သစ်ကူးဆုတောင်း

**မေတ္တသုတ်လာ မေတ္တာပွားနည်း ဆုတောင်းနည်း ၁၁ နည်းဖြင့်**

ဆုတောင်းမေတ္တာပို့ပါသည်

၁။ လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဧကကပွားနည်း

၂။ ကြောက်တတ် မကြောက်တတ် ၂ ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဒုကမေတ္တာပွားနည်း

၃။ ရှည်တိုအလတ် ၃ ရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ တိကမေတ္တာပွားနည်း(က)

၄။ ကြီးငယ်အလတ် ၃ ရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ တိကမေတ္တာပွားနည်း(ခ)

၅။ ဆူဝကြုံအလတ် ၃ ရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ တိကမေတ္တာပွားနည်း(ဂ)

၆။ မြင်အပ် မမြင်အပ် ၂ ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဒုကမေတ္တာပွားနည်း

၇။ ဝေးနေ နီးနေ ၂ ထွေများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဒုကမေတ္တာပွားနည်း

၈။ ဘဝဇာတ်ဆုံး မဆုံးများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဒုကမေတ္တာပွားနည်း

၉။ လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ၊ ဧကကမေတ္တာပွားနည်း

၁၀။ အထင်သေးချင်း အချင်းချင်း ကင်းရှင်းကြပါစေ၊ ဧကကမေတ္တာပွားနည်း


၁၁။ ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ၊ ဧကကမေတ္တာပွားနည်း

| | |
|---|---|
| ဧကကမေတ္တာပွားနည်း | ၄ နည်း |
| ဒုကမေတ္တာပွားနည်း | ၄ နည်း |
| တိကမေတ္တာပွားနည်း | ၃ နည်း |
| | ၁၁ နည်း |

**ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ**
**(အဘိဓဇမဟာရဋ္ဌဂုရု၊**
**အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ)**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊**
**ဗန်းမော်ကျောင်းတိုက်ဆရာတော်၊ မန္တလေးမြို့**



# ဗုဒ္ဓဘာသာဝင်တို့၏ စိတ်နေသဘောထား



ဗုဒ္ဓဘာသာတရားတော်သည် လူသားအားလုံးတို့အပေါ်၌ ကွဲပြားခြားနားခြင်းမရှိဘဲ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားတို့ကို အညီအမျှထားရှိပြီး ငြိမ်းချမ်းညီညွတ်စွာ အတူတကွ ယှဉ်တွဲနေထိုင်သွားကြရန် လမ်းညွှန်ပါသည်။

ဗုဒ္ဓရှင်တော်ကိုယ်တိုင်သည်ပင် သတ္တဝါအားလုံးတို့အပေါ်၌ တစ်သမတ်တည်းထားရှိသော သဘောထားတို့ကို စံနမူနာပြအဖြစ် ကျင့်သုံးတော်မူခဲ့ပါသည်။ မြတ်ဗုဒ္ဓ၏သတ္တဝါအားလုံးတို့အပေါ်၌ ထားရှိသည့် အညီအမျှဖြစ်သည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားတို့ကို ပေါ်လွင်စေရန် အောက်၌ ဖော်ပြထားသော ဖြစ်စဉ်အချို့ကို သာဓကအဖြစ် ဖော်ပြပါအံ့-


- မြတ်ဗုဒ္ဓသည် သူ့ကို ထီးမိုးပေးနေသော ဖြဟ္မာကြီးနှင့် သူ့ကို တိုက်ခိုက်လာသော မာရ်နတ်အပေါ်၌ ထားရှိသော မေတ္တာတော်မှာ ကွဲပြားခြင်းမရှိ တစ်သားတည်းအဖြစ် ထားရှိတော်မူ၏။
- မြတ်ဗုဒ္ဓသည် မွေးသဖခင်ကျေးဇူးရှင် သုဒ္ဓေါဒနမင်းကြီးအပေါ်မှာ ထားရှိသော မေတ္တာတော်နှင့် နှောင့်ယှက်ဖို့ရန် အမြဲအားထုတ်နေသော ယောက္ခမ သုပ္ပဗုဒ္ဓမင်းကြီးအပေါ်မှာ ထားရှိ သော မေတ္တာတို့မှာလည်း အတူတူပင်ဖြစ်၏။
- မြတ်ဗုဒ္ဓသည် သူ့ကိုသတ်အံ့သောငှာ အခွင့်ချောင်းနေသော ဒေဝဒတ်အပေါ်မှာထားသော မေတ္တာတော်မှာ သားချစ်ရာဟုလာအပေါ် ထားရှိသော မေတ္တာတော်နှင့် တစ်သားတည်းဖြစ်၏။
- မြတ်ဗုဒ္ဓသည် ကြင်ယာတော် ယသော်ဓရာနှင့် ဆန့်ကျင်ဘက်တိတ္ထိဂိုဏ်းတို့၏ စေခိုင်းမှုကြောင့် မြတ်ဗုဒ္ဓကို သူမ၏ လင်ယောကျ်ားဟု စွပ်စွဲလာသော စိဉ္စမာနအပေါ်မှာလည်း အညီအမျှမေတ္တာ ထားရှိတော်မူ၏။
- မြတ်ဗုဒ္ဓသည် ဝိဋ္ဋူဍဘ၏သတ်ဖြတ်မှုကြောင့် သေဆုံးကြရသော သာကီဝင်ဆွေတော်မျိုးတော်များနှင့် ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သော ဝိဋ္ဋူဍဘအပေါ်မှာလည်း ကရုဏာတော်ကို အညီအမျှပင် ထားရှိတော်မူ၏။
- မြတ်ဗုဒ္ဓသည် ရိုသေစွာလုပ်ကျွေးပြုစုသော အရှင်အာနန္ဒာနှင့် ဆိုးသွမ်းညစ်ညမ်းသော အလုပ်အကျွေးပြုသော သုနက္ခတ္တရဟန်းတို့အပေါ်မှာလည်း မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့ကို အညီအမျှထားရှိတော်မူ၏။
- မြတ်ဗုဒ္ဓသည် ရာဇဂြိုဟ်၌ သီတင်းသုံးစဉ် သတ်အံ့သောငှာ ချီတက်လာသော နာဠာဂီရိဆင်အပေါ်မှာ ကြီးမားသောမေတ္တာ၊ ကရုဏာထားတော်မူ၏။ ထိုနည်းတူစွာ ပါလိလေယျကတောမှာ နေတော်မူစဉ် တရိတသေလုပ်ကျွေးပြုစုသော ပါလိလေယျက ဆင်အပေါ်မှာလည်း အားကြီးသော မေတ္တာကရုဏာတော်ကို အညီအမျှ ထားရှိတော်မူပါသည်။

တရားချစ်ခင်သူတော်စင်အပေါင်းတို့-

ဗုဒ္ဓဘာသာဝင် ဗုဒ္ဓ၏သားတော်၊ သမီးတော်များ ဖြစ်ကြသော မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့သည် အထက်ဖော်ပြပါ မြတ်ဗုဒ္ဓ၏ အဆုံးအမ မီးရှူးတန်ဆောင်အလင်းရောင်၏ အောက်မှာ လူသားအားလုံးတို့အပေါ် လူမျိုး၊ ဘာသာ မခွဲခြားဘဲ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားတို့ကို အညီအမျှထား၍ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ကြပါစေဟု နှစ်သစ်နှစ်ဦးမှာ ဆုတောင်းလိုက်ရပါသည်။

**‘သီတဂူစန်းလပမာချမ်းမြသာယာရှိကြပါစေ’**
**သီတဂူဆရာတော်**
**၂၀၂၂ ခုနှစ် ဇန်နဝါရီလ (၁) ရက်**

## ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ၏ နှစ်သစ်ကူးဆုတောင်း




**နိုင်ငံတကာနှစ်**
**၂၀၂၂ – ခု၊ နှစ်ဦးမင်္ဂလာ**
**ဆုတောင်းမေတ္တာ ပို့သလ္လာ**
သဗ္ဗရောဂ ဝိနိမုတ္တာ၊
သဗ္ဗသန္တာပ ဝဇ္ဇိတာ။
သဗ္ဗဝေရ မတိက္ကန္တာ၊
သုခိတာ ဟောန္တု ပါဏိနော။

ပါဏိနော – သက်ရှိထင်ရှား၊ သတ္တဝါအများတို့သည်။ သဗ္ဗရောဂ ဝိနိမုတ္တာ–ကိုးဆယ့်ခြောက်ဖြာ၊ ရောဂါဟူသမျှ လွတ်ကင်းကြပါစေ။ သဗ္ဗသန္တာပ ဝဇ္ဇိတာ–ရင်၌စူးဝင်၊ ပူပင်သောက၊ ကင်းဝေးကြပါစေ။ သဗ္ဗဝေရ မတိက္ကန္တာ– ဘေးအဆူဆူ၊ ရန်ဟူသမျှ၊ လွတ်ကင်းနိုင်ကြပါစေ။ သုခိတာဟောန္တု– ကိုယ်စိတ်လန်းဖြာ၊ ဝမ်းပန်းသာ၍၊ ချမ်းသာသုခ၊ ရရှိကြပါစေ။

**ပါမောက္ခချုပ်ဆရာတော်**
**ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ နှစ်သစ်ကူးဆုတောင်း

**“နှစ်သစ်ချိန်ခါ အောင်ကြောင်းဖြာ”**

ယနေ့သည် ခရစ်နှစ် ၂၀၂၁–ခုနှစ်ဟု ဆိုအပ်သော နှစ်ဟောင်းကုန်ပျောက်၍ ၂၀၂၂–ခုနှစ်ဟု ဆိုအပ်သော နှစ်သစ်သို့ရောက်ရှိသည့် ကမ္ဘာ့နှစ်သစ်မင်္ဂလာ နေ့ထူးနေ့မြတ်အချိန်အခါ ဖြစ်ပါသည်။ လူသားတိုင်းသည် မိမိတို့ ပြောဆိုပြုလုပ်နေကြသည့် ကိစ္စဟူသမျှမှာ အောင်မြင်မှုကို ရရှိလိုကြခြင်းသည် လူသားတိုင်း၏ ဓမ္မတာသဘော ဖြစ်သည့်အတွက် အောင်မြင်မှုကို ရရှိနိုင်သည့် အောင်မြင်ကြောင်း တရားလေးပါးကို နှစ်သစ်မင်္ဂလာ ဓမ္မလက်ဆောင်အဖြစ် ဖြန့်ဝေပေးလိုပါသည်။

၁။ အက္ကောဓေန ဇိနေ ကောဓံ –အမျက်ဒေါသဖြင့် ပြောဆိုပြုလုပ်သူကို မေတ္တာနှလုံး မိမိက သုံးခြင်းဖြင့်လည်းကောင်း၊


၂။ အသာဓုံ သာဓုနာ ဇိနေ – မကောင်းသဖြင့် ပြောဆိုပြုလုပ်သူကို မိမိက ကောင်းစွာ ပြောဆိုပြုလုပ်ခြင်းဖြင့် လည်းကောင်း၊

၃။ ဇိနေ ကဒရိယံ ဒါနေန – မပေးရက် မလှူလိုဝန်တိုနေသောသူကို မိမိက လှူဒါန်းပေးကမ်း ချီးမြှောက်ခြင်းဖြင့် လည်းကောင်း၊

၄။ သစ္စေနာလိကဝါဒိနံ–မဟုတ်မမှန် အကြံအဖန် လုပ်ကြံပြောဆိုသောသူကို မိမိက အဟုတ်အမှန်အတိုင်းပြောဆိုခြင်းဖြင့် လည်းကောင်း–

အောင်မြင်မှုကို ရနိုင်ကြမှာဖြစ်ကြောင်း ဓမ္မပဒပါဠိတော်၊ ကောဓဝဂ်မှာ ဘုရားရှင် ဟောတော်မူပါသည်။

သို့အတွက် ယခုတွေ့ကြုံရသည့် ကမ္ဘာ့နှစ်သစ်



မင်္ဂလာအချိန်အခါမှစ၍ မိမိတို့ ပြောဆိုပြုလုပ်နေကြသည့် ကိစ္စဟူသမျှ အောင်မြင်မှုရရှိနိုင်ကြစေရန် မေတ္တာတရားဖြင့် ပွားများနေထိုင်ခြင်း၊ ဓမ္မဟုဆိုအပ်သော ကောင်းသောတရားတို့ဖြင့် ပြောဆိုပြုမူခြင်း၊ ဒါနဟုဆိုအပ်သော ပေးကမ်းလှူဒါန်းချီးမြှောက်ခြင်း၊ သစ္စဝါစာဟုဆိုအပ်သော အမှန်အတိုင်းပြောဆိုပြုမူခြင်းတို့ကို မိမိတို့သန္တာန်၌ ပြည့်စုံအောင် ဆောင်ရွက်တော်မူနိုင်ကြပြီး အောင်မြင်မှုသရဖူ ရယူနိုင်ကြပါစေကြောင်း နှစ်သစ်မင်္ဂလာ ဓမ္မလက်ဆောင်ပြုလိုက်ပါသတည်း။ ။

**ဘဒ္ဒန္တစန္ဒိမာဘိဝံသ**
**(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)**
**အကျိုးတော်ဆောင်**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
**မင်းကျောင်း၊ ပထမပြန်စာသင်တိုက်၊ သန်လျင်မြို့။**

# ၇၄ နှစ်ပြည့်ခဲ့ပြီ

ပြည်ထောင်စုသားတစ်ဦး

မြန်မာပြည်လွတ်လပ်ရေးရရှိခဲ့သည်မှာ ယခု ၇၄ နှစ်ပြည့်ခဲ့လေပြီ။ လွတ်လပ်ရေးနေ့ အခါသမယရောက်လေတိုင်း "လွတ်လပ်ရေးရတဲ့အခါ ယိုးဒယားလိုဖြစ်ချင်သလား၊ တူရကီလိုဖြစ်ချင်သလား၊ အိုင်ယာလန်လို ဖြစ်ချင်သလား၊ ဆိုဗီယက်ရုရှားလို ဖြစ်ချင်သလား"ဆိုသည့် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်မှာချက်ကို သတိရမိသည်။

ဗိုလ်ချုပ်သည် ထိုစဉ်ကတည်းက ကမ္ဘာကြည့် ကြည့်ခဲ့သည်။ တစ်ဖက်ကလည်း လူမျိုးစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲတို့ကြောင့် ပေါ်ပေါက်လာမည့် မြန်မာ့အကွဲအပြဲကို သူစိုးရိမ်ခဲ့သည်။ ထို့ကြောင့် အမျိုးသားညီညွတ်ရေးအတွက် အထပ်ထပ်အခါခါ မှာတမ်းချွေခဲ့သည်။ မြန်မာတွေ စည်းကမ်းရှိဖို့၊ အလုပ်ကြိုးစားဖို့၊ တလွဲဆံပင်မကောင်းဖို့ အကြိမ်ကြိမ် သတိပေးခဲ့သည်။

သို့ရာတွင် ကွဲကြပြဲကြသည်။ ကွဲရုံပြဲရုံမက လက်နက်ကိုင်လမ်းစဉ်ကိုပါ ကိုင်စွဲလာကြသည်။ ဗမာပြည်ကွန်မြူနစ်ပါတီက ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် တောခို၍ လပိုင်းအရွယ်သား ပါလီမန်ဒီမိုကရေစီအစိုးရကို လက်နက်စွဲကိုင်ပုန်ကန်ခြားနားသည်။ ကရင်အမျိုးသား အစည်းအရုံး(KNU)ကလည်း ၁၉၄၉ ခုနှစ်တွင် အင်းစိန်၊ တောင်ငူအပါအဝင် KNDO တပ်များအခြေပြုရာ မြို့ကြီးများကို သိမ်းယူ၍ တင်းပြည့်ကျပ်ပြည့် ပါလီမန်ဒီမိုကရေစီအစိုးရစစ်စစ်ကို ပုန်ကန်ခြားနားခဲ့ပြန်သည်။ ထိုမှအစပြု၍ လွတ်လပ်ရေး၏ ဖွားဖက်တော်လက်နက်ကိုင်ပဋိပက္ခသည် ပစ္စက္ခတိုင်ရှည်ကြာခဲ့သည်။

## တလွဲဆံပင်ကောင်းနေကြဆဲ

ဗိုလ်ချုပ်ပြောခဲ့သလို ပြန်လည်ထူထောင်ရေး၊ အမျိုးသားကြီးပွားတိုးတက်ရေးအတွက် ယခုတိုင် ကျွန်တော်တို့စိတ်မဝင်စားနိုင်ကြသေး၊ မြန်မာအချင်းချင်းချဖို့သာ တလွဲဆံပင်ကောင်းနေကြဆဲ ဖြစ်သည်။

ရွှေမြန်မာအများစု၏ တလွဲဆံပင်ကောင်းမှုများကား ပြော၍မကုန်နိုင်ပါ။ ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများကို မြန်မာအများစု စွဲလမ်းနှစ်ခြိုက်ကြသည်မှာ ဆယ်စုနှစ်မကတော့ပြီ။ စွဲလမ်းမှုနှင့်အတူ အွန်စော၊ ဂျွန်စောတို့ကိုသာမက ကိုရီးယားအစားအသောက်များဖြစ်ကြသည့် ဆိုဂျူတို့၊ ပဲခေါက်ဆွဲတို့ ကင်ချီတို့ကိုပါ မြည်းစမ်းလာကြသည်။ ကိုရီးယားဘာသာစကားနှင့် ယဉ်ကျေးမှုတို့ကိုပါ သဘောကျလာကြသည်။ သို့သော် အများစုက ကိုရီးယားနိုင်ငံ၏ ရုန်းကန်မှု၊ အာရှကျားတစ်ကောင်အဆင့်သို့ ရောက်ရှိလာအောင် နှာခေါင်းသွေးထွက်မျှ (ကိုရီးယားဇာတ်လမ်းတွဲများတွင် သုံးနှုန်းနေကျစကား) ကြိုးပမ်းတည်ဆောက်ခဲ့မှုများကို အများစုက ရေရေရာရာမသိခဲ့ကြ။ လေ့လာအတုယူရကောင်းမှန်းပင် မသိခဲ့ကြ။

တကယ်တော့ ကိုရီးယားနိုင်ငံ၏သမိုင်းကြောင်းသည် လွယ်ကူချောမွေ့ခဲ့ခြင်း မရှိခဲ့ပါချေ။ မြန်မာထက်ပင် ပို၍အခက်အခဲမျိုးစုံ ကြုံတွေ့ခဲ့ကြရသည်။ အိမ်နီးချင်းနိုင်ငံက နှစ်ပေါင်း ၄၀ နီးပါး ကျွန်ပြုခြင်းခံခဲ့ရသည့် ၎င်းနိုင်ငံငယ်လေးသည် ဒုတိယကမ္ဘာစစ်အပြီးတွင် စစ်ပွဲနှင့် တစ်ဖန်ကြုံတွေ့ခဲ့ရပြန်သည်။ ၁၉၅၃ ခုနှစ်တွင် ကိုရီးယားစစ်ပွဲကြီး ပြီးဆုံးသွားခဲ့သော်လည်း တိုင်းပြည်ကထောင်းလမောင်းကြေ ကျန်ခဲ့သည်။ စစ်ဘေးစစ်ဒဏ်ကြောင့် ၎င်းနိုင်ငံငယ်ကလေးသည် ကုန်းကောက်စရာ မကျန်လောက်အောင် ဖျက်ဆီးခြင်းခံခဲ့ရသည်။

ကိုရီးယားစစ်ပွဲကြောင့် ခန့်မှန်းခြေအရပ်သား နှစ်သန်းကျော်သေခဲ့ရပြီး သိန်းပေါင်းများစွာသော ပြည်သူပြည်သားများ ထိခိုက်ဒဏ်ရာရခဲ့ကြသည်။ စစ်ကာလအတွင်း မိသားစုများ ကစဉ့်ကလျားတကွဲတပြားဖြစ်ကုန်သည်။ စစ်ရပ်ဆိုင်းရန် သဘောတူလက်မှတ်ထိုးပြီးသောအခါ ကိုရီးယားကျွန်းဆွယ်သည် နှစ်ပိုင်းကွဲသွားသည်။ ပြည်သူအတော်များများမှာ သူတို့၏ချစ်သူခင်သူများနှင့် ကွဲကွာသွားခဲ့ကြရသည်။ အလုပ်အကိုင်အခွင့်အလမ်းများလည်း မရှိတော့၍ လူတွေမှာ အလုပ်အကိုင်မရှိ၊ စားစရာကလည်း နတ္ထိ။ ကလေးအတော်များများသည် မိဘမဲ့များဖြစ်သွားပြီး အစာရေစာ ငတ်မွတ်ခေါင်းပါးကြသည်။ လမ်းတကာပေါ်လှည့်ပြီး အစားအစာရှာဖွေကြရသည်။

## အကျပ်အတည်းကို ကျော်လွှားနိုင်ခဲ့

ထို့နောက် ပြည်တွင်းအာဏာလုပွဲများ၊ သဘောတရားရေးတိုက်ပွဲများ၊ လူမှုရေး မငြိမ်မသက်ဖြစ်မှုများ စသည့်စိန်ခေါ်မှုများကလည်း ဆက်တိုက်ပေါ်ပေါက်လာသည်။ ထိုသို့သော ခေတ်ကာလများအတွင်း ထောင်ပေါင်းများစွာသော ကိုရီးယားများသည် နိုင်ငံရပ်ခြားသို့သွားရောက်ပြီး သတ္တုတွင်းအလုပ်သမားများ၊ ဆောက်လုပ်ရေးအလုပ်သမားများအဖြစ် အလုပ်လုပ်ကြရသည်။ သူတို့သားသမီးများ ဘဝသာယာလှပရေးအတွက် ကိုရီးယားသို့ သူတို့ပြန်ပို့သော ငွေများကြောင့်သာ ကိုရီးယားနိုင်ငံသည် ဒေဝါလီခံရမည့်ဘေးမှ လွတ်ကင်းခဲ့သည်။ ၁၉၇၃ ခုနှစ် အာရပ်ရေနံသပိတ်ကြောင့် ကြုံခဲ့ရသော အကျပ်အတည်းကို ကျော်လွှားနိုင်ခဲ့သည်။ ထောင်ပေါင်းများစွာသော အမျိုးသမီးများကလည်း ဂျာမနီနိုင်ငံသို့ သူနာပြုဆရာမများအဖြစ် သွားရောက်အမှုထမ်းခဲ့ကြသည်။ သူတို့၏ ညီအစ်ကိုမောင်နှမများ ထမင်းဝရေး၊ စာဖြောင့်ဖြောင့်သင်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီနိုင်ဖို့ဖြစ်သည်။

## အသည်းအသန်ကြိုးစားခဲ့ကြ

ထိုခေတ်ထိုကာလက ကိုရီးယားပြည်သူများ အလွန်အမင်းလိုလားတောင့်တသည်မှာ ပိုမိုသာယာဝပြောသော ဘဝတစ်ခုတွင် နေထိုင်ရှင်သန်ဖို့သာဖြစ်သည်။ ထိုဘဝမျိုးတွင် နေထိုင်နိုင်ရန် ကိုရီးယားနိုင်ငံသားများ အသည်းအသန်ကြိုးစားခဲ့ကြသည်။ ကိုယ်ကျိုးစွန့်အနစ်နာခံခဲ့ကြသည်။ ၎င်းသို့သော ပြင်းပြသည့်ဆန္ဒများနှင့် ဇွဲမာန်တို့ကြောင့် လူအတော်များများက မဖြစ်နိုင်ဟု မှတ်ယူထားသည့်အရာများကို သူတို့အကောင်အထည်ဖော် လုပ်ဆောင်နိုင်ခဲ့ကြသည်။

ယနေ့ဆိုလျှင် ကိုရီးယားသမ္မတနိုင်ငံ(တောင်ကိုရီးယား)သည် ကမ္ဘာ့စီးပွားရေးလောက၏ ထိပ်တန်းစာရင်းဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ယခင်က စစ်ဘေးကြောင့် ကုန်းကောက်စရာ မကျန်လောက်အောင် ပျက်စီးခဲ့ရသည့် ၎င်းနိုင်ငံတွင် ဆဲလ်ဖုန်းများ၊ ကွန်ပျူတာသုံး တစ်ပိုင်းလျှပ်ကူးပစ္စည်းများမှသည် ရောမသင်္ဘောကြီးများနှင့် ဇိမ်ခံမော်တော်ကားများအထိ ထုတ်လုပ်နေသည်။ ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီ ပိစိကွေးကလေးဖြစ်သည့် ဟွန်ဒိုင်းကုမ္ပဏီအပါအဝင် ကုမ္ပဏီများစွာကိုလည်း ကမ္ဘာ့တန်းဝင်ကော်ပိုရေးရှင်းကြီးများဖြစ်လာအောင် တွန်းတင်ပေးနိုင်ခဲ့သည်။ ကမ္ဘာ့အမြင့်ဆုံး မိုးမျှော်တိုက်ကြီးများ၊ ကမ္ဘာ့အရှည်ဆုံးစာရင်းဝင်တံတားများဖြင့်လည်း ဖွံ့ဖြိုးတိုးတက်လာသည်။ အားကစားသမားများ၊ အနုပညာရှင်များ၊ ဂီတပညာရှင်များ၊ သိပ္ပံပညာရှင်များကလည်း ကမ္ဘာတစ်ဝန်း အကျော်ဇေယျဖြစ်လာကြသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ကျော် ၇၀ အတွင်း ကိုရီးယားပြည်သူတို့၏ စုပေါင်းညီညာစွာ ကြိုးပမ်းအားထုတ်ခဲ့မှုများကြောင့် ယနေ့အာရှကျားတစ်ကောင်အဖြစ် အင်အားကြီးမားလာသည့် ကိုရီးယားသမ္မတနိုင်ငံ၏ သမိုင်းကား အတုယူဖွယ်၊ သင်ခန်းစာယူဖွယ်ကောင်းလှပေသည်။

ထို့အတူ ကမ္ဘာ့စက်မှုထိပ်တန်း ဂျပန်နိုင်ငံ။ ဒုတိယကမ္ဘာစစ်အတွင်းက စစ်ဘေးဒဏ်နှင့် အဏုမြူပုံးဒဏ်ကြောင့် ပြာပုံအထိဖြစ်ခဲ့ရသည့်ဘဝမှ ရုန်းကန်ခဲ့ပြီး ယနေ့ဂျပန်အဖြစ် ပြန်လည်နိုးထရှင်သန်လာရန် ကြိုးပမ်းခဲ့ကြသည့် ဂျပန်တို့၏ အမျိုးသားရေးအားမာန်ကလည်း စံနမူနာယူဖို့ ကောင်းလှသည်။

နိုင်ငံကို ပြာပုံဘဝမှ ကမ္ဘာ့ထိပ်တန်းနိုင်ငံ တစ်နိုင်ငံအဖြစ် ထူထောင်ခဲ့ရာတွင် ဂျပန်ပြည်သူတို့၏ တက်ကြွမှု၊ ထက်မြက်မှု၊ အလုပ်ကြိုးစားမှု၊ ဝီရိယကြီးမားမှု၊ စည်းကမ်းလိုက်နာမှုများကို သမိုင်းတွင် ချန်ရစ်ထား၍ မရစကောင်းပေ။

## တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာ

တစ်ဖက်မှာလည်း ဂျပန်တို့သည် အခွင့်ကောင်းကို ကောင်းစွာအသုံးချနိုင်ခဲ့သည်။ စစ်ပြီးကာလတွင် အမေရိကန်က ဂျပန်နိုင်ငံ၏ ကာကွယ်ရေးတာဝန်ကိုယူခဲ့ပြီး ပြန်လည်ထူထောင်ရေးအတွက်လည်း စီးပွားရေးအထောက်အပံ့များ ပေးခဲ့သည်။ ဂျပန်နိုင်ငံအဖို့ ကာကွယ်ရေးအသုံးစရိတ်ကုန်ကျရန် မလိုတော့၍ ဂျပန်၏စီးပွားရေးသည် ခေါင်းထူလာသည်။ ဂျပန်စက်ရုံခေါင်းတိုင်များ၌ မီးခိုးများ လူလာသည်။ တစ်ဖန် ကိုရီးယားစစ်ပွဲကာလတွင် အမေရိကန်တို့သည် ဂျပန်စစ်အခြေစိုက်စခန်းကို အသုံးပြုခဲ့သလို ဂျပန်စက်မှုလုပ်ငန်းကို အားပြုခဲ့သည်။ ၎င်းသို့ဖြင့် ဂျပန်၏စက်မှုလုပ်ငန်းသည် တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာသည်။

နိပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌကြီး မစ္စတာဆာဆာကာဝါက သူငယ်စဉ်အခါက မြန်မာနိုင်ငံမှ ပေးပို့သော ဆန်များကို စားခဲ့ရသည်ဟု တခုတ်တရ ဆိုရလောက်အောင် စစ်ပြီးကာလတွင် စားနပ်ရိက္ခာ အခက်အခဲ ကြုံတွေ့ခဲ့ရသော ဂျပန်သည် ဂျပန်လယ်သမားတို့၏ သိပ္ပံနည်းကျ စိုက်ပျိုးရေးကို တီထွင်ကြံဆခဲ့မှုများကြောင့် ယနေ့ စားနပ်ရိက္ခာဖူလုံလာခဲ့သည်။

သဘာဝသယံဇာတများ ပေါကြွယ်ဝရာ မြန်မာနိုင်ငံကမူ ယနေ့တိုင် အတိတ်သမိုင်းအတွင်းမှာပင် တဝဲလည်လည်ဖြင့် ရှေ့ကိုမရောက်နိုင်တော့။ တိုင်းရင်းသားညီအစ်ကို အချင်းချင်းကြား နိုင်ငံရေးဝါဒ မတူညီမှု၊ အယူအဆမတူညီမှုများနှင့် သံသယအမြင်များကြောင့် ပေါ်ပေါက်ခဲ့သော လက်နက်ကိုင်ပဋိပက္ခကို တစ်စတစ်စလျော့ပါးကင်းစင်သွားအောင် ဆွေးနွေးညှိနှိုင်းအဖြေရှာကြရမည့်အစား ဘေးပယောဂတို့ကြောင့် ပစ္စက္ခကာလတွင် တိုင်းရင်းသားဒေသအချို့၌ တိုက်ပွဲများ တစ်ကျော့ပြန် ပေါ်ပေါက်လာခဲ့ပြန်သည်။ တိုက်ပွဲများကြောင့် ဒေသခံပြည်သူအချို့သည် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ကြရပြန်သည်။

- ၇၄ နှစ်။ လူ့သက်တမ်းအရကြည့်မည်ဆိုလျှင် ဘဝသင်ခန်းစာများအရ၊ အတွေ့အကြုံအရ၊ အမှားနှင့်အမှန်ကိုပိုင်းပိုင်းထင်ထင် သိမြင်နိုင်သည့်အရွယ်၊ အကြောင်းအကျိုး အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားသုံးသပ်နိုင်သည့်အရွယ်၊ တည်ကြည်လေးနက် ရင့်ကျက်သည့်အရွယ် ဖြစ်ပါသည်
- နိုင်ငံတစ်နိုင်ငံ၏ ဖြစ်တည်မှုသက်တမ်းအရဆိုလျှင်လည်း ၇၄ နှစ်ဟူသော သက်တမ်းသည် အတိတ်သမိုင်းသင်ခန်းစာများ၊ သမိုင်းအတွေ့အကြုံများအရ နိုင်ငံတော်၏ ရှေ့အနာဂတ်ခရီးအတွက် အမှားနှင့်အမှန်ကို ကွဲကွဲပြားပြားဝေဖန်ပိုင်းခြား သုံးသပ်နိုင်သည့် သက်တမ်းတစ်ခုဖြစ်သည်

ထို့မှုမက ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကြောင့် ပေါ်ပေါက်လာခဲ့သော ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မြန်မာ့နိုင်ငံရေး အပြောင်းအလဲနှင့်အတူ အကြမ်းဖက်အုပ်စုများကလည်း အသစ်အသစ်ပေါ်ထွက်လာကြပြန်သည်။ ထိုအကြမ်းဖက်အုပ်စုများဖြစ်ကြသည့် CRPH ၊ NUG နှင့် PDF အုပ်စုတို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံ့ဝန်ထမ်းများ၊ ပြိုင်ဘက်ပါတီ အဖွဲ့အစည်းများမှ ပါတီဝင်များ၊ အုပ်ချုပ်ရေးမှူးများ၊ ရဟန်းသံဃာဘုန်းတော်ကြီးများ အပါအဝင် အပြစ်မဲ့ပြည်သူအများအပြား သေကျေဒဏ်ရာရခဲ့ကြသည်။ နိုင်ငံပိုင်အဆောက်အအုံများနှင့် ပစ္စည်းများကို အကြမ်းဖက်မီးရှို့၊ ဗုံးခွဲခဲ့မှုများကြောင့်လည်း နိုင်ငံတော်၏ ဘဏ္ဍာငွေ များစွာဆုံးရှုံးခဲ့ရပြန်သည်။

## အနာဂတ်အတွက် စိတ်မကောင်းစရာ

သမိုင်းတရားခံဖြစ်စေမည့် အဆိုးရွားဆုံးလုပ်ရပ်က မျိုးဆက်သစ်လူငယ်များကို လက်နက်ကိုင်လမ်းစဉ်အား ဆက်လက်အမွေဆက်ခံစေခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်၏ အနာဂတ်အင်အားဖြစ်သည့် လူငယ်မောင်မယ်အချို့သည် ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင်များ၏ ဒေသအချို့သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပြီး ဒုက္ခမျိုးစုံကြုံတွေ့ခဲ့ကြရသည်။ ငါးပိရည်နှင့် ထမင်းတစ်ခဲကို မဝရေစာစားသောက်ပြီး တူမီးသေနတ်များကိုင်စွဲထားကြသော လူငယ်မောင်မယ်တို့၏ လူမှုကွန်ရက်စာမျက်နှာထက်က ပုံရိပ်များကား သူတို့အတွက် သာမက မြန်မာ့ရှေ့အနာဂတ်အတွက်ပါ စိတ်မကောင်းစရာဖြစ်ရသည်။ စိတ်လက်မချမ်းမသာ ဖြစ်စေသည်။

အမေရိကန်စာရေးဆရာကြီး ရစ်ချက်ဘတ်ဝဲလ်က "၁၉၄၈၊ ၄၉၊ ၅၀ ခုနှစ်များအတွင်း မြန်မာပြည်သည် ပြည်တွင်းစစ်ကြောင့် စိုက်ပျိုးနိုင်သောမြေဧရိယာ၏ ၃၅ ရာခိုင်နှုန်းတို့ ကောခဲ့ရသည်။ လူဦးရေ သုံးသန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြသည်။ ပြည်သူပြည်သား ၂၂၀၀၀ နှင့် အစိုးရဘက်မှ စစ်ဘက်နယ်ဘက် အမှုထမ်းပေါင်း ၅၇၀၀ တို့ အသက်ဆုံးရှုံးခဲ့ကြရသည်။

*စာမျက်နှာ ၇ သို့*

# ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် ကာဒီနယ်လ်ချားလ်စ်ဘို၏ ၂၀၂၁ - ၂၀၂၂ နှစ်သစ်ကူး ဆုတောင်းစကား



ချစ်လှစွာသော မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့၊ ညီအစ်ကို မောင်နှမတို့၊ သားသမီးတို့ မျှော်လင့်ခြင်း၊ ပြန်လည်ကုသခြင်းတို့နဲ့ ပြည့်ဝတဲ့ နှစ်သစ်ကူးကာလဖြစ်ပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီနိုင်ငံမှာ ကရုဏာစိတ်ထားကိုအားလုံး လက်ဆုပ်လက်ကိုင်ထားဖို့ လိုပါတယ်။ ကရုဏာတရားဟာ လမ်းစဉ်ဖြစ်ပါတယ်။ သမ္မာတရားဖြစ်ပါတယ်။ ငြိမ်းချမ်းခြင်းနဲ့ ပြန်လည်သင့်မြတ်ခြင်းမရှိဘဲ ကျွန်ုပ်တို့ရဲ့ နိုင်ငံတော်ဟာလည်း တည်ထောင်နိုင်မှာ မဟုတ်ပါဘူး။ ငြိမ်းချမ်းစွာနဲ့ အတူယှဉ်တွဲနေထိုင်မယ့် ပတ်ဝန်းကျင်ကို ကျွန်ုပ်တို့ ဖန်တီးနိုင်ပါတယ်။ မကြာမီမှာ ငြိမ်းချမ်းရေး တေးသီချင်းတွေကို ဆိုရပါလိမ့်မယ်လို့ ကျွန်ုပ်တို့ အခိုင်အမာယုံကြည်ပါတယ်။ ဒီမြေပေါ်မှာ ငြိမ်းချမ်းရေး အလင်းတန်းလည်းပဲ ဝေဖြာပြီးထွက်လာပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

**ကာဒီနယ်လ်ချားလ်စ်ဘို**
**ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်**

## မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဆုတောင်းမေတ္တာ

မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများ အပါအဝင် ကမ္ဘာသူ၊ ကမ္ဘာသား သတ္တဝါများအားလုံး ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ငြိမ်းအေးချမ်းသာ ပျော်ရွှင်စွာဖြင့် အတူယှဉ်တွဲ၍ နေထိုင်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

# ဘာသာပေါင်းစုံမှ နှစ်သစ်ကူး ဆုတောင်းစကားများ

တွေ့ဆုံမေးမြန်း- ကိုသိုက်၊ ဓာတ်ပုံ- ကိုဇော်



ဦးစိန်သန်း



ဦးဘစိန်(ခ) နာဒရာချန်ပိလေး



ဦးမြင့်သန်း



ဦးအောင်ဇော်ဝင်း

**ဦးစိန်သန်း (ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) (ဗုဒ္ဓဘာသာ)**

အားလုံး မင်္ဂလာပါ ခင်ဗျာ။ ယနေ့ဟာ ၂၀၂၁ ခုနှစ် ကုန်ဆုံးပြီး ၂၀၂၂ ခုနှစ်ကို ရောက်ရှိလာတဲ့ နှစ်သစ်မင်္ဂလာ အခါသမယ ဖြစ်ပါတယ်။ နှစ်သစ်အခါသမယမှာ မြန်မာနိုင်ငံအနေနဲ့ တည်ထောင်ထားသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ကနေပြီးတော့ မြန်မာနိုင်ငံအတွင်း မှီတင်းနေကြပါသော တိုင်းရင်းသားပြည်သူအပေါင်း၊ ဘာသာပေါင်းစုံ ကိုးကွယ်ကြသော လူပုဂ္ဂိုလ် အပေါင်းတို့ဟာ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးနဲ့ စုပေါင်းနေထိုင်ကြပြီး မိမိတို့ရဲ့ ယုံကြည်ကိုးကွယ်ရာ ဘာသာ၊ သာသနာများကို ဆတက်ထမ်းပိုးတိုးပြီးတော့ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ယခုလို နှစ်သစ်အခါသမယမှာ ဘာသာပေါင်းစုံ အသင်းကြီးအနေနဲ့ မြန်မာနိုင်ငံအတွင်း ကျရောက်ခဲ့သော ရောဂါဘယဘေးများ ကင်းဝေးပါစေကြောင်းနှင့် ရှေ့ဆက်လက်ပြီး အေးချမ်းသာယာဝပြောတဲ့ တိုင်းပြည်ကြီးဖြစ်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သ အပ်ပါတယ်။

**ဦးဘစိန်(ခ) နာဒရာချန်ပိလေး (ဂုဏ်ထူးဆောင် နာယက၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူပရောဟိတ်- ပူဂျာရီများ ဗဟိုအဖွဲ့ချုပ်) (ဟိန္ဒူဘာသာ)**

ဒီနေ့ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ နှစ်သစ်မင်္ဂလာ အခါသမယမှာ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများအားလုံး ကမ္ဘာသူ ကမ္ဘာသားများအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ မြန်မာနိုင်ငံမှာ ရောဂါဘယတွေ ကင်းဝေးပြီး နိုင်ငံတော်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီး ဖြစ်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

**ဦးမြင့်သန်း(နာယက၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) ဌာနချုပ်၊ ဂုဏ်ထူးဆောင် ကိုယ်စားလှယ်(ခရစ်ယာန်ဘာသာ))**

ဒီနေ့က ၂၀၂၁ ခုနှစ်ကုန်ဆုံးလို့ ၂၀၂၂ခုနှစ်ရဲ့ နှစ်သစ်ပထမဆုံးနေ့ရက် ဖြစ်ပါတယ်။ နှစ်သစ်အခါသမယမှာ တိုင်းရင်းသားလူမျိုးများ အပါအဝင် မြန်မာပြည်သူပြည်သားအပေါင်း ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ မြန်မာပြည်ကြီး ဖွံ့ဖြိုးတိုးတက်အောင် အဓိကထားပြီး ဘာသာပေါင်းစုံ အသီးသီးက လူတွေ ကိုယ်စီကိုယ်စီ ဘာသာတရား အဆုံးအမအောက်မှာနေကြပြီး ညီညီညွတ်ညွတ်နဲ့သွားကြဖို့ တိုက်တွန်းချင်ပါတယ်။ မြန်မာနိုင်ငံအတွင်း ရောဂါဘယတွေ ကင်းဝေးပြီး အပူအပင်ကင်းတဲ့ဘဝနဲ့ နေထိုင်သွားနိုင်ကြဖို့ ၂၀၂၂ ခုနှစ်က မင်္ဂလာနှစ်သစ်ဖြစ်ဖို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

**ဦးအောင်ဇော်ဝင်း (ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) (အစ္စလာမ်ဘာသာ))**

၂၀၂၁ခုနှစ်ကုန်ဆုံးပြီးတော့ ၂၀၂၂ခုနှစ် နှစ်ဦးအခါသမယမှာ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများအားလုံး တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကျန်းမာချမ်းသာကြပြီး မိမိတို့ယုံကြည်ကိုးကွယ်ရာ ဘာသာသာသနာကို ဆတက်ထမ်းပိုးတိုးပြီးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ယနေ့အခါမှာ အရေးတကြီးဖြစ်ပေါ်နေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကြီးကနေ မြန်မာပြည်သူ ပြည်သားအပေါင်း ကင်းဝေးပါစေကြောင်း မေတ္တာပို့သအပ်ပါတယ်။ မြန်မာပြည်သူ ပြည်သားအားလုံး ကျန်းမာချမ်းသာပြီး နိုင်ငံအကျိုး သာသနာအကျိုး ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေ၊ နိုင်ငံတော်ကြီးသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိအောင် အားလုံးဝိုင်းဝန်း ပူးပေါင်းပြီး တည်ဆောက် ကြပါစို့လို့ ပြောကြားလိုပါတယ်။

*စာမျက်နှာ ၆ မှ*

ပြည်သူပိုင်ပစ္စည်းတန်ဖိုးဒေါ်လာ ၅ သန်း၊ ပြည်သူပြည်သားတို့၏ ကိုယ်ပိုင်အိုးအိမ်ပစ္စည်းတန်ဖိုးဒေါ်လာ ၉၅ သန်း ဆုံးရှုံးခဲ့ကြရသည်ဟု သူ၏စာအုပ်တွင် ဖော်ပြခဲ့သည်။

ဤသည်မှာ လွတ်လပ်ရေးရပြီးစ သုံးနှစ်ကာလအတွင်းက တွက်ချက်မှုသာဖြစ်ပေသည်။ လက်ရှိ လက်နက်ကိုင်ပဋိပက္ခ နှစ်ပေါင်း ၇၀ ကျော်ကာလ တွက်ချက်မှုအရဆိုလျှင် မြန်မာတို့၏ဆုံးရှုံးမှုကား အနမတဂ္ဂ မရေမတွက်နိုင်လောက်အောင်ပင် ရှိခဲ့လေသည်။ ထိုလက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းနေရခြင်းကြောင့် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများထက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ခြင်းက အသာထား၊ တိုင်းပြည်မပြိုကွဲ၊ မပျက်စီးခဲ့သည်မှာပင် တော်ပါသေး၏ဟု ဆိုရမည့်အခြေအနေပင်။

၇၄ နှစ်။ လူ့သက်တမ်းအရကြည့်မည်ဆိုလျှင် ဘဝသင်ခန်းစာများအရ၊ အတွေ့အကြုံအရ၊ အမှားနှင့်အမှန်ကိုပိုင်းပိုင်းထင်ထင် သိမြင်နိုင်သည့်အရွယ်၊ အကြောင်းအကျိုး အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားသုံးသပ်နိုင်သည့်အရွယ်၊ တည်ကြည်လေးနက် ရင့်ကျက်သည့်အရွယ် ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖြစ်တည်မှုသက်တမ်းအရဆိုလျှင်လည်း ၇၄ နှစ်ဟူသော သက်တမ်းသည် အတိတ်သမိုင်းသင်ခန်းစာများ၊ သမိုင်းအတွေ့အကြုံများအရ နိုင်ငံတော်၏ ရှေ့အနာဂတ်ခရီးအတွက် အမှားနှင့်အမှန်ကို ကွဲကွဲပြားပြားဝေဖန်ပိုင်းခြား သုံးသပ်နိုင်သည့် သက်တမ်းတစ်ခုဖြစ်သည်။

သို့ဖြစ်ရကား လွတ်လပ်ရေး၏အရသာကို ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး တင်းပြည့်ကျပ်ပြည့် အတူတကွ ခံစားစံစားနိုင်ရန် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အတိတ်သမိုင်းသင်ခန်းစာများကို နိုင်ငံရေးသံဝေဂပွားများရင်း ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်သို့ အတူတကွလျှောက်လှမ်းကြပါစို့။ ။

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၂ ခုနှစ် နှစ်သစ်မင်္ဂလာ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၂ ခုနှစ် နှစ်သစ်မင်္ဂလာ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ယနေ့တွင် ပုသိမ်မြို့ရှိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပုသိမ်မြို့ ဉောင်ပင်သာပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဧရာဝတီတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မရမ်းချိုကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘိတထံမှ သြဝါဒကထာ နာကြားကြသည်။

ထို့နောက် ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သံဃာတော်များက ပဋ္ဌာန်း ပစ္စယုဒ္ဒေသပါဠိကို ရွတ်ဖတ်ပူဇော်ကြကာ အလှည့်ကျပဋ္ဌာနဘာဏက ဆရာတော်အား ပလ္လင်တော်မြတ်သို့ပင့်ဆောင်၍ ပဋ္ဌာန်းဒေသနာတော်ကို စတင်ရွတ်ဖတ်ပူဇော်ကြသည်။

၎င်းနောက် ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ ဂေါက်ကလပ်၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ဓာတ်ပုံ) ထို့နောက် ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပြိုင်ပွဲအား Smoke Ball ရိုက်၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းသားများကို လိုက်လံတွေ့ဆုံ၍ ယှဉ်ပြိုင်ကစားနေမှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စာပေပညာရှင်၊ အနုပညာရှင်တို့၏ နှစ်သစ်ကူးဆုမွန်တောင်း စကားသံများ

**နိုင်ငံတကာ နှစ်သစ်ကူးအချိန်အခါမှစ၍ အေးချမ်းသာယာပြည်မြန်မာကြီး ဖြစ်ထွန်းလာစေရေးအတွက် စာပေပညာရှင်၊ အနုပညာရှင် အသီးသီးတို့၏ နှစ်သစ်ကူးဆုမွန်တောင်း စကားသံတို့ကို ဖော်ပြလိုက်ရပါသည်။**



ဒေါက်တာ သန်းဦး



ဦးကြည်စိုးထွန်း



ပန်းချီဦးစိုးမိုး



ဒေါ်နွဲ့နွဲ့စမ်း



ဦးအုန်းမောင် (ခ) မြင်းမူ မောင်နိုင်မိုး

**ဒေါက်တာ သန်းဦး**
**(စာပေပညာရှင်)**

နှစ်ဟောင်းကုန်ဆုံးပြီး နှစ်သစ်ကို ကူးပြောင်းတဲ့အခါမှာ မင်္ဂလာကျက်သရေအပေါင်း ခညောင်းပြည့်စုံပါစေ။ အားလုံးသောပုဂ္ဂိုလ်သတ္တဝါအပေါင်း သက်ရှည်ကျန်းမာ စိတ်ချမ်းသာ လိုရာဆန္ဒပြည့်စုံကြပါစေ။ အားလုံးကျန်းမာချမ်းသာရွှင်လန်းချမ်းမြေ့ကြပါစေ။

**ဦးကြည်စိုးထွန်း**
**(မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ)**

မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ဘေးဘယာဝေးကွာ၍ အန္တရာယ်အပေါင်းမှ ကင်းဝေးပါစေကြောင်း၊ ၂၀၂၂ ခုနှစ်ရဲ့ နှစ်သစ် မင်္ဂလာအချိန်သမယ၌ မိသားစုတိုင်း ပျော်ရွှင်ချမ်းမြေ့ပါစေလို့ ရုပ်ရှင်လောကသားများ ကိုယ်စား ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

**ပန်းချီဦးစိုးမိုး**
**(ရုပ်ရှင်ဒါရိုက်တာ)**

ကျွန်တော်တို့နိုင်ငံမှာ ကိုဗစ်ရောဂါ ပထမလှိုင်းကစပြီး ယခုထိ အခြားသော တိုင်းပြည်များနဲ့စာရင် တော်တော်ခံသာပါတယ်။ ဆက်လက်ပြီးလည်း မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးအနေနဲ့ ကိုဗစ်-၁၉ ရောဂါကင်းစင်ပြီး ကမ္ဘာသူ ကမ္ဘာသားတွေလည်း ကိုဗစ်ရောဂါ ကင်းဝေးကြပါစေ။ စီးပွားရေး လုပ်ငန်းများလည်း အောင်မြင်ကြပါစေ။ နိုင်ငံတကာ ဆက်ဆံရေးမှာလည်း ကမ္ဘာသူ၊ ကမ္ဘာသားအပေါင်း တစ်ဦးနဲ့တစ်ဦး ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲပြီးတဲ့အခါ စစ်မဲ့ကမ္ဘာကြီး ဖြစ်လာရင် ကမ္ဘာကြီး ပိုပြီးငြိမ်းချမ်းသွားမယ်လို့ ပြောချင်ပါတယ်။

**ဒေါ်နွဲ့နွဲ့စမ်း**
**(ရုပ်ရှင်သရုပ်ဆောင်)**

ကျွန်မအနေနဲ့ ကမ္ဘာကြီးလည်း အေးချမ်းပါစေ၊ မြန်မာပြည်ကြီးလည်း အေးချမ်းပါစေ၊ မြန်မာ ပြည်သူ ပြည်သားများ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်း ပြည့်စုံပါစေလို့ ဆုမွန်ကောင်း ပို့သပါတယ်။ အားလုံးလည်း အေးချမ်းသာယာစေချင်ပါတယ်။

**ဦးအုန်းမောင်(ခ)မြင်းမူ**
**မောင်နိုင်မိုး**
**(မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီဥက္ကဋ္ဌ)**

နှစ်သစ်ကူး ကာလနဲ့အတူ ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ပြည်သူပြည်သားအပေါင်း စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနဲ့ မိမိတို့ရဲ့ လုပ်ငန်းခွင်တို့မှာ ချမ်းမြေ့ပျော်ရွှင်စွာ လုပ်ကိုင်နိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။ ကိုဗစ်-၁၉ ရောဂါနဲ့လည်း ကင်းဝေးပြီး ပြည်သူလူထု အင်အားနဲ့ နိုင်ငံတော်ရဲ့ ဦးဆောင်မှုနဲ့အတူ ညီညီညွတ်ညွတ်နဲ့ ကပ်ရောဂါကို ကျော်လွှားနိုင်ကြပါစေလို့ ဆုတောင်းပါတယ်။ ဒါအပြင် သတင်းမီဒီယာသမားများအနေနဲ့ သတင်းအမှန်၊ တိကျမှန်ကန်တဲ့ သတင်းမျိုးကို ပြည်သူလူထုသိရှိနိုင်အောင် အချိန်နဲ့တစ်ပြေးညီ ဖော်ထုတ်တင်ပြပြီးတော့ သတင်းအတု/ သတင်းမှားများဖြစ်တဲ့ အဆိပ်သင့်တဲ့ သတင်းတွေ ပပျောက်ဖို့အတွက် ကျွန်တော်တို့ သတင်းမီဒီယာသမားများကလည်းပဲ ပြည်သူလူထုနဲ့အတူ နိုင်ငံတော်အတွက် တစ်တပ်တစ်အား ပါဝင်ပြီး တာဝန်ယူထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဆန္ဒပြုအပ်ပါတယ်။ အားလုံးကျန်းမာချမ်းသာတော်မူကြပါစေ။

**ဦးလွင်မြင့်**
**(မြန်မာနိုင်ငံဂီတ အစည်းအရုံးဥက္ကဋ္ဌ)**

နှစ်သစ်ဆိုတာ လူသားအားလုံးအတွက် မင်္ဂလာရှိတဲ့နေ့လည်းဖြစ်ပါတယ်။ လူသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေ။ ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာပါစေ။ အာဃာတတွေ ပပျောက်ပြီး ငြိမ်းချမ်းမှုနဲ့ ချစ်ကြည်မှုအားလုံး တည်ဆောက်နိုင်ပါစေလို့ ဆုမွန်ကောင်းပို့သပါတယ်။ ရင်ဆိုင်နေရတဲ့ ကမ္ဘာ့ကပ်ရောဂါဆိုးကြီးမှလည်း အမြန်ဆုံး အားလုံး ဘေးဘယာ ဝေးကွာကြပါစေကြောင်း မေတ္တာပို့သပါတယ်။

**ဓာတ်ပုံ - ကနူး**
**ညိမ်းသူ (သတင်းစဉ်)**

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပနေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၃၁**

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၂၁ ရက်မှစ၍ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ အားကစားနည်းခြောက်နည်းကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (Sports Complex)ရှိ သက်ဆိုင်ရာ အားကစားကွင်း/ အားကစားရုံများတွင် ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီ ဒုဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဆက်လက်ကျင်းပလျက်ရှိသော လွန်ဆွဲ(အမျိုးသား)ပြိုင်ပွဲ ပွဲစဉ်အဖြစ် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ဆက်လက်ကျင်းပလျက်ရှိသော ဘော်လီဘော (အမျိုးသား)ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။



ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ဆက်လက် ကျင်းပလျက်ရှိသော ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပလျက်ရှိသော ဖူဆယ်(အမျိုးသား) ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ် ကုသရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သစ်လွင်ထူးနှင့် အဖွဲ့ဝင်များ၊




ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တပ်မတော်ဆေးကုသရေးအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် မြိတ်မြို့နယ်၊ ကျွန်းစုမြို့နယ်၊ ပုလောမြို့နယ်၊ တနင်္သာရီမြို့နယ်တို့ရှိ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တပ်မတော်ဆေးကုသရေး အဖွဲ့များကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေ၊ ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး မြိတ်ခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးမှူး ဒေါက်တာယဉ်ယဉ်နွဲ့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဖုန်းဖြင့် သတင်းရေးသားရိုက်ကူး ပေးပို့နည်း သင်တန်းဖွင့်လှစ်

**ဖျာပုံ ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ သတင်းစီးဆင်းမှု လျင်မြန်စေရေးအတွက် ဖုန်းဖြင့် သတင်းရေးသား ရိုက်ကူးပေးပို့နည်း သင်တန်းကို ယမန်နေ့က ဖွင့်လှစ်ခဲ့ကြသည်။ သင်တန်းတွင် သင်တန်းနည်းပြဆရာ ဦးကျော်စိုးမိုးက ဖုန်းဖြင့် ရုပ်သံသတင်း ရိုက်ကူးတည်းဖြတ်ခြင်းဆိုင်ရာ ပညာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်း၊ သင်တန်းတက်ရောက်ခြင်းဖြင့် မိမိတို့၏ နယ်မြေဒေသများ၌ သတင်းရိုက်ကူးတည်းဖြတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဘိုကလေးမြို့နယ် မိန်းမလှကျွန်း၌ မိကျောင်းစာရင်းကောက်ယူ ချောင်းအလျား ၁၆၃ ကီလိုမီတာအတွင်း မိကျောင်းကောင်ရေ ၁၁၅ ကောင်တွေ့ရှိ

ဘိုကလေး ဒီဇင်ဘာ ၃၁

**ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းရှိ မြစ်ချောင်းများတွင် မိကျောင်းများကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ စာရင်းကောက်ယူရာ ချောင်းအလျား ၁၆၃.၀၀ ကီလိုမီတာအတွင်း မိကျောင်းကောင်ရေ စုစုပေါင်း ၁၁၅ ကောင် တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြောင်း မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။**

အဆိုပါဘေးမဲ့တောအတွင်းရှိ မြစ်ချောင်းများအတွင်း မိကျောင်း စာရင်းကောက်ယူခြင်းလုပ်ငန်းကို နှစ်စဉ် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက ကောက်ယူရာတွင် ဝန်ထမ်း ၁၀ ဦးမှ မိန်းမလှကျွန်း အရှေ့ဘက်ခြမ်း၌တစ်ဖွဲ့၊ မိန်းမလှကျွန်း အနောက်ဘက်ခြမ်းတစ်ဖွဲ့ အဖွဲ့နှစ်ဖွဲ့ခွဲ၍ မိကျောင်းများ တွေ့ရှိရမှုကောင်းမွန်သည့် ညပိုင်း ဒီရေအကျဆုံးအချိန်တွင် ဆောင်ရွက်ခဲ့ကြောင်း မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးစိုင်းဝဏ္ဏကြည်က ပြောသည်။

“ဒီဘေးမဲ့တောမှာ နှစ်စဉ် အချိန်ကာလတစ်ခု သတ်မှတ်ထားတဲ့ နိုဝင်ဘာလရောက်တိုင်း မိကျောင်းကောင်ရေ စာရင်းကောက်ယူတာကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနှစ်လည်း ပြီးခဲ့တဲ့ နိုဝင်ဘာလက ဘေးမဲ့တောအတွင်းရှိ ချောင်းအလျား ၁၆၃ ကီလိုမီတာအထိ စာရင်းကောက်ခဲ့ရာမှာ သက်ငယ် ၆၅ ကောင်၊ သက်လတ် ၁၂ ကောင်၊ သက်ကြီး ရှစ်ကောင် စုစုပေါင်း ၁၁၅ ကောင်ကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ နောက်ပြီး ဒီဘေးမဲ့တောကလည်း ရေချိုရေငန်စပ် မိကျောင်းမျိုးတွေ အဓိကအများဆုံး ကျက်စားနေထိုင်ပြီး မျိုးပွားခိုလှုံရာ နေရာတစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့က မိကျောင်း ကောင်ရေတိုးပွားမှု၊ နည်းပါးမှု အခြေအနေတွေကိုလည်း နှစ်အလိုက် စဉ်ဆက်မပြတ် စောင့်ကြည့် လေ့လာမှုတွေလုပ်ဆောင်နေပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါဘေးမဲ့တောတွင် ငှက်မျိုးစိတ်များ ပျံ့နှံ့ကျက်စားမှု၊ ရေချိုရေငန်စပ်မိကျောင်းများ၏ အလေ့အထများနှင့် ဂေဟဗေဒ၊ ရာသီဥတုပြောင်းလဲမှု၏ ဒီရေတောများအပေါ် အကျိုးသက်ရောက်မှု၊ ဒီရေတောမှ ရရှိသည့် သယံဇာတများက ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးကို အထောက်အကူပြုမှု၊ ဒီရေတောဂေဟစနစ် ဝန်ဆောင်မှုများနှင့် သဘာဝဘေးအန္တရာယ် ကျရောက်မှု လျော့နည်းသက်သာခြင်း ဆက်စပ်မှုများအား လေ့လာနိုင်ကြောင်း၊ ရေချိုရေငန်စပ် မိကျောင်း (Crocodylus Porosus)ကို သဘာဝအတိုင်း ထိန်းသိမ်း ကာကွယ်ထားသည့် မြန်မာနိုင်ငံ၏တစ်ခုတည်းသော ဧရိယာလည်း ဖြစ်ကြောင်း၊ လေ့လာ အပန်းဖြေစရာများအဖြစ် ဒီရေတောအတွင်းစက်လှေစီး၍ လေ့လာခြင်း၊ ဒေသခံများ၏ မိရိုးဖလာ ငါးဖမ်းနေမှုများ၊ ငှက်၊ ဧရာဝတီလင်းပိုင်၊ ပင်လယ်လိပ်များ၏ နေထိုင်ကျက်စားမှုများ လေ့လာနိုင်မည်ဖြစ်ကြောင်း၊ ၎င်းဘေးမဲ့တောအား ၁၉၉၄ ခုနှစ်တွင် မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ် ဖွဲ့စည်းခဲ့ကြောင်းနှင့် ရမ်ဆာရေဝပ်ဒေသအဖြစ် ၂၀၁၇ ခုနှစ်တွင် သတ်မှတ်ခဲ့ကြောင်း သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ သိရသည်။



**ပိန်းဇလုပ်သိန်းညွန့်**



# နှစ်သစ်ဦးဆုတောင်းစကား

၂၀၂၁ ခုနှစ်ကုန်ဆုံး၍ ၂၀၂၂ ခုနှစ် နှစ်သစ်မင်္ဂလာ နှစ်ဦးအခါသမယမှာ မြန်မာပြည်သူ ပြည်သား၊ ကမ္ဘာသူ ကမ္ဘာသားအားလုံးတို့သည် ချမ်းမြေ့သာယာဝဖြိုးသော သုခမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြ၍ ဆင်းရဲခြင်းအမျိုးမျိုး၊ ကိုဗစ်-၁၉ အစရှိသော ရောဂါအမျိုးမျိုး၊ သတ္တဝါအချင်းချင်း ညှဉ်းပန်းနှိပ်စက်ခြင်း၊ ကပ်ကြီးသုံးပါးတို့မှ လွတ်မြောက်ကြပါစေ။

ယောဝေကတညုတာ ကတဝေဒီ ဓီယော

ကလျာဏမိတ္တော ဒဠှဘတ္တိဟောတိ။

ဒုက္ခိတဿ သက္ကစ္စံ ကရောတိကိစ္စံ။

တထာဝိဓံ သပ္ပုရိသံ ဝဒန္တိ။

လောကကြီးကို သာယာစိုပြည်ငြိမ်းချမ်းအောင် ပြုလုပ်ပေးနိုင်သော **ကတညုတာ၊** သူတစ်ပါးတို့ ကျေးဇူးအထူးသိတတ်ခြင်း။

**ကတဝေဒီ၊** ကျေးဇူးအထူးတုံ့ပြန်ပေးဆပ်ခြင်း။

**ကလျာဏမိတ္တတာ၊** မိတ်ကောင်းဆွေကောင်း ဆရာသမားကောင်းရှိခြင်း။

**ဒဠှဘတ္တိ၊** လူကြီးမိဘ ဆရာသမားကောင်းတို့ကို အမြဲမပြတ် မှီဝဲဆည်းကပ်ခြင်း။

**ဒုက္ခိတဿ သက္ကစ္စံ၊** ဆင်းရဲဒုက္ခရောက်သူများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်ခြင်း။ ဟူသော သူတော်ကောင်းလက္ခဏာတရား ငါးပါးနှင့် ပြည့်စုံ၍ လောကကြီးကို သာယာဝဖြိုး၊ ငြိမ်းချမ်းစိုပြည်အောင် လုပ်ဆောင်နိုင်ကြသည့် မြန်မာပြည်သူပြည်သား၊ ကမ္ဘာသူကမ္ဘာသားတို့ ဖြစ်နိုင်ကြပါစေလို့ ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တနိမလ (Ph.D, Buddhism)**

**နန္ဒာအောင်မြေကျောင်း – ပဓာနနာယကဆရာတော်**

**လိပ်ပြာကန်ကျောင်းတိုက်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး။**

## နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ (International Commercial Passenger Flights) မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID–19 to Myanmar through Air Travel) ကို Temporary Measures to Prevent Importation of COVID–19 to Myanmar through Air Travel Issue–2 အဖြစ် (၃၁-၁၂-၂၀၂၀) ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး သက်ရောက်မှုကာလကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၁-၁၂-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ သတ်မှတ်ခဲ့ပါသည်။

ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာလေကြောင်း ခရီးသည်များမှတစ်ဆင့် ကိုဗစ်ရောဂါပိုး ကူးစက်မှုအန္တရာယ်မှ ဆက်လက်၍ တားဆီးကာကွယ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် အထက်ပါညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၃၁-၁-၂၀၂၂) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

## နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံသင်တန်းများ ဇန်နဝါရီ ၆ ရက်တွင် စတင်ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ကြေညာချက်

**နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ သင်တန်းများဖွင့်လှစ်ခြင်း**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများတွင် (၂၀၁၉-၂၀၂၀) ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ ဘွဲ့ကြို၊ ဘွဲ့လွန်၊ ဒီပလိုမာနှင့် သင်တန်းအသီးသီးကို (၆-၁-၂၀၂၂)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည် -

**(က) နည်းပညာတက္ကသိုလ်များ**

(၁) B.S Bio–Tech (တတိယနှစ်)

(၂) B.E/B.Arch (ပဉ္စမနှစ်)

(၃) B.E (ဆဋ္ဌမနှစ် – Internship & mini–thesis ဆောင်ရွက်ဆဲ)

(၄) ဘွဲ့လွန် ဒီပလိုမာ

(၅) မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ရှိ ပထမနှစ်မှ ပဉ္စမနှစ်အထိ

**(ခ) ကွန်ပျူတာတက္ကသိုလ်များ**

(၁) စတုတ္ထနှစ်

(၂) ဘွဲ့ကြို ဒီပလိုမာ

(၃) ဘွဲ့လွန် ဒီပလိုမာ

(၄) မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်ရှိ ပထမနှစ်မှ စတုတ္ထနှစ်အထိ

**(ဂ) အစိုးရနည်းပညာကောလိပ်များနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ**

(၁) AGTI ပထမနှစ်

(၂) AGTI ဒုတိယနှစ်

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ရောဝတီတံတား(မကွေး)နှင့် စကုမန်းချောင်းတံတား ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် နေပြည်တော် - တောင်ညို- မြို့သစ်-မကွေး(ကံပြား) လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မိုင်(၃၃/၁-၃၃/၂) အတွင်းရှိ သရက်ခွတံတားထပ်မံဆောင်ရွက်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိုင်(၄၆/၂-၄၈/၀)အတွင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိုင် (၆၂/၇- ၆၃/၀) အတွင်းရှိ ပေါင်းကူးတံတားကြံ့ခိုင်မှုနှင့် ရေစီးလမ်းကြောင်းကောင်းမွန်မှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ရန်ကုန်-ပြည်-မန္တလေးလမ်း မိုင်(၃၃၂/၁-၃၃၂/၂) အတွင်းရှိ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မကွေးမြို့အဝင်မုခ်ဦး တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းနယ်နိမိတ် သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ရန်၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ဘေးကင်းမှုဆိုင်ရာ အစီအမံများကို မေးမြန်း၍ ဌာနဆိုင်ရာအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးတွင် အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်း စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ တာဝန်ထမ်းဆောင်ကြရန်၊ ကိုဗစ်-၁၉ ကပ်ရောဂါ စည်းကမ်းနှင့်အညီ နေထိုင်ရေး အထူးဂရုပြုရန်နှင့် လုပ်ငန်းခွင်တာဝန် ကျေပွန်စွာထမ်းဆောင်ကြရန် မှာကြားပြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာ ဦးစီးဌာနအလိုက် ဒုတိယညွှန်ကြားရေးမှူးချုပ်များကလည်း ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရောဝတီတံတား(မကွေး)နှင့်စကုမန်းချောင်းတံတားကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ **သတင်းစဉ်**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား တစ်ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ခြောက်ဦးကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်များမှ နေ့သင်တန်းများ ပြန်လည်ဖွင့်လှစ်မည့်ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကြေညာချက်

**တက္ကသိုလ်နေ့သင်တန်းများ ဖွင့်လှစ်ခြင်း**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)နှင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တို့တွင် အောက်ဖော်ပြပါအတိုင်း သင်တန်းများဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

**(၁) သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**

| စဉ် | သင်တန်း | ဖွင့်လှစ်မည့်ရက် |
|---|---|---|
| (က) | တတိယနှစ်သင်တန်း | ၆-၁-၂၀၂၂ |
| (ခ) | ဒုတိယနှစ်သင်တန်း | ၃-၂-၂၀၂၂ |
| (ဂ) | ပထမနှစ်သင်တန်း | ၃-၂-၂၀၂၂ |

**(၂) သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)**

| စဉ် | သင်တန်း | ဖွင့်လှစ်မည့်ရက် |
|---|---|---|
| (က) | တတိယနှစ်သင်တန်း | ၆-၁-၂၀၂၂ |
| (ခ) | မဟာတန်းဒုတိယနှစ်သင်တန်း | ၆-၁-၂၀၂၂ |
| (ဂ) | မဟာတန်းပထမနှစ်သင်တန်း | ၆-၁-၂၀၂၂ |

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

# သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ရေဆင်း သစ်တောပညာဘွဲ့ကြိုသင်တန်းများ ၆-၁-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်မည်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ရေဆင်းတွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် အောက်ပါဘွဲ့ကြိုသင်တန်းအသီးသီးကို ၆-၁-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

(က) သစ်တောပညာ ပထမနှစ် (ပထမနှစ်ဝက်) ဘွဲ့ကြိုသင်တန်း
(ခ) သစ်တောပညာ ဒုတိယနှစ် (ပထမနှစ်ဝက်) ဘွဲ့ကြိုသင်တန်း
(ဂ) သစ်တောပညာ တတိယနှစ် (ပထမနှစ်ဝက်) ဘွဲ့ကြိုသင်တန်း
(ဃ) သစ်တောပညာ စတုတ္ထနှစ် (ပထမနှစ်ဝက်) ဘွဲ့ကြိုသင်တန်း

သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း



ရန်ကုန်မြို့ ပြည်လမ်း အင်းလျားကန်ပေါင်ပေါ်တွင် နိုင်ငံတကာနှစ်သစ်ကူးအကြို မီးအလှဆင်ထားမှုနှင့် နှစ်သစ်ကိုကြိုဆိုကြသူများကို တွေ့ရစဉ်။ ဓာတ်ပုံ-အာကာစိုး

# ချောင်းသာကမ်းခြေတွင် အပန်းဖြေရင်း နှစ်သစ်ကြိုမည့်ဧည့်သည်များ ဝင်ရောက်မှုများပြား

**ချောင်းသာ ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့ရှိ ချောင်းသာကမ်းခြေသို့ အပန်းဖြေရင်း နှစ်သစ်ကိုကြိုဆိုကြမည့် ခရီးသွားဧည့်သည်များ ယနေ့ နံနက်ပိုင်းမှစတင်၍ အဆက်မပြတ် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

"မြို့ကိုဝင်လာတဲ့သူတွေကို ခရီးသွားမှတ်တမ်းယူတယ်။ ကာကွယ်ဆေးထိုးနှံပြီးစီးမှုလည်း မှတ်တမ်းယူတယ်။ မပါလာခဲ့ရင်လည်း ဘယ်သွားသွား ယူဆောင်သွားဖို့၊ ကျန်းမာရေးအသိ၊ သတိနဲ့ နေထိုင်ကြဖို့ကို အသိပညာပေးဆောင်ရွက်တယ်။ နယ်ပယ်ဒေသအစုံကအပြင် ပြည်ပနိုင်ငံခြားသားဧည့်သည်တွေလည်း လာကြတာတွေ့ရတယ်" ဟု ပူးပေါင်းစစ်ဆေးဂိတ်အလှည့်ကျအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချောင်းသာမြို့တွင် အပန်းဖြေစရာ ချောင်းသာကမ်းခြေအပြင် သဲဖြူကျွန်းသို့ စက်လှေ၊ မော်တော်ဘုတ်များဖြင့် လည်းကောင်း၊ ကျောက်မောင်နှမသို့ ကား၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်များဖြင့် လည်းကောင်း ဘုရားဖူးရန်နှင့် အပန်းဖြေလည်ပတ်ရန် သွားရောက်နိုင်ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ပုဂံဒေသ၏ နေဝင်ဆည်းဆာ ကြည့်ရှုသူများ ကြိတ်ကြိတ်တိုးစည်ကား

**ပုဂံ-ညောင်ဦး ဒီဇင်ဘာ ၃၁**

နှစ်သစ်ကူးရုံးပိတ်ရက် ပြည်တွင်း ပြည်ပ ခရီးသွားများနှင့် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ သမိုင်းဝင်ဘုရားပုထိုးများ၊ သမိုင်းဝင်သာသနိကအဆောက်အအုံများတွင် လာရောက်လေ့လာသူ၊ ဘုရားဖူးသူများပြားနေကြောင်းနှင့် ပုဂံဒေသ၏ နေဝင်ဆည်းဆာကြည့်ရှုရန် ပြုလုပ်ထားသည့် တောင်ကုန်း(တု)များပေါ်တွင် ပုဂံနေဝင်ဆည်းဆာကြည့်ရှုသူများ တိုးမပေါက်အောင် များပြားနေကြောင်း သိရသည်။

ပုဂံတွင် နေဝင်ဆည်းဆာကြည့်ရှုရန်အတွက် မြေသားကုန်းမြင့်များ ပြုလုပ်ပေးထားပြီး စူဠာမဏိဘုရားမြောက်ဘက်တွင် ညွှန်လက်တစ်ဘက်ကုန်းမြင့်၊ စူဠာမဏိဘုရားတောင်ဘက် ရေကန်ထိပ်တွင် ကိုမောက်ကြီးကုန်းမြင့်နှင့် မင်းနန်သူကျေးရွာ ရေကန်ထိပ်တို့တွင် နေဝင်ဆည်းဆာကြည့်ရှုရန် ကုန်းမြင့်(တု)များ ပြုလုပ်ပေးထားကြောင်း သိရပြီးနှစ်သစ်ကူးရုံးပိတ်ရက်၌ ထိုကုန်းမြင့်များတွင် ၂၀၂၁ ခုနှစ်၏ နောက်ဆုံးနေဝင်ချိန် ကြည့်ရှုသူများ အထူးစည်ကားကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**


ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေ့နေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁-၁-၂၀၂၂ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ဝီရိယနည်း၍ နမော်နမဲ့နိုင်လွန်းသော မစံပယ်၏ အကြောင်းကို ဆရာနိုဦးဇော်က ရေးသား၍ ကာတွန်းဆူးထက်အောင် သရုပ်ဖော်ထားသည့် "နမော်နမဲ့ များကြောင့်" မျက်နှာဖုံးကာတွန်း၊ ကလေးများ လွတ်လပ်ရေးနေ့ကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် လွတ်လပ်ရေး၏ အနှစ်သာရနှင့် လွတ်လပ်ရေးပြန်လည်ရယူပုံ အကြောင်းအရာအကျဉ်းချုပ်ကို တင်ဆက်ထားသည့် ဆရာကိုကျော်စွာ(ကျိုက်ပိ)၏ "ထိန်းသိမ်းစို့လေ လွတ်လပ်ရေးအမွေ" သုတဆောင်းပါး၊ ရိုးသားလွန်းသော မောင်ရိုးအကြောင်းကို တင်ဆက်ထားသည့် ကာတွန်းကြွယ်ကြွယ်၏ "အလွန်ရိုးတဲ့ မောင်ရိုး" နှစ်မျက်နှာကာတွန်း၊ သူတစ်ပါး၏ ကျေးဇူးတရားကို မသိရှိဘဲ စဉ်းစားဉာဏ်မဲ့စွာပြုမူခဲ့၍ ဒုက္ခရောက်ရသော ကျီးအကြောင်းကို တင်ဆက်ထားသည့် ဆရာငွေးကျော်ဦး၏ "မြစ်ထဲကကျီးကန်း" ပုံပြင်၊ ဖြတ်ထိုးဉာဏ်ကောင်းသော ရန်ပိုင်စိုးအကြောင်းကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် ကာတွန်းစောဟန်၏ "ရန်ပိုင်စိုး" တစ်မျက်နှာကာတွန်း၊ သစ်ပင်စိုက်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို တင်ဆက်ထားသည့် ဆရာမစုစုသော်၏ "တစ်ဆင့်စကား" ဝတ္ထု၊ အချင်းချင်း ကူညီရိုင်းပင်းကာ လုပ်ဆောင်ပါက အောင်မြင်မှုများ ရရှိနိုင်ကြောင်းကို သရက်စေ့လေးမှ အသီးအရွက်များဖြင့် ဝေဆာနေသော သရက်ပင်ကြီးဖြစ်လာပုံဖြင့် ဥပမာပြုတင်ဆက်ထားသည့် ကာတွန်းထွန်းထွန်းဝင်း (ရန်ကုန်တက္ကသိုလ်)၏ "ကူညီဖေးမ တို့ဘဝ" နှစ်မျက်နှာကာတွန်း၊ လုပ်ဆောင်ဖွယ်ရာကိစ္စများကို ဆောင်ရွက်ရာ၌ တစ်ဦးနှင့်တစ်ဦး နားလည်မှုထားကာ ဝိုင်းဝန်းလုပ်ဆောင်ပါက အရာရာအောင်မြင်နိုင်ကြောင်းကို တင်ဆက်ထားသည့် ကာတွန်းရွှေရိုး၏ "စိုးကြီး" နှစ်မျက်နှာကာတွန်း၊ Noun များ၏ ပိုင်ဆိုင်မှုများ အကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် အင်္ဂလိပ်စာသင်ခန်းစာ ကဏ္ဍ၊ ဉာဏ်စမ်းနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ပါသည်။

**သတင်းစဉ်**



# အမေရိကန်၌ ကိုဗစ် -၁၉ ဆေးစစ်ကိရိယာများ ပြတ်တောက်မှု အမေရိကန် သတင်းနှင့် ကမ္ဘာ့သတင်းများတွင် ဖော်ပြ




အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်။

**ဝါရှင်တန် ဒီဇင်ဘာ ၃၁**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ပြည်တွင်း၌ ကိုဗစ်-၁၉ ဆေးစစ်ကိရိယာများ ပြတ်တောက်မှုဖြစ်ပေါ်နေသည်ကို သိရှိပြီးဖြစ်ကြောင်း အမေရိကန် သတင်းနှင့် ကမ္ဘာ့သတင်းများတွင် ဖော်ပြကြသည်။

ဆေးစစ်ကိရိယာများမှာ လုံလောက်မှုမရှိဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။ အားလပ်ရက်ခရီးသွားရာသီကာလ အိုမီခရွန် ကူးစက်မှုပြန့်ပွားနေသည့်ကာလနှင့်လည်း ကြုံကြိုက်နေရာ အမေရိကန်၌ ဆေးစစ်ကိရိယာ လိုအပ်ချက်မြင့်မားလျက်ရှိပြီး စတိုးဆိုင်များတွင် အိမ်တွင်းဆေးစစ်နိုင်သည့် ကိရိယာများ ပြတ်တောက်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

သို့သော်လည်း ဆေးစစ်မှုပြဿနာမှာ နိုင်ငံအတွင်း အဓိကပြဿနာတစ်ခုတော့ မဟုတ်ပေ။ အမေရိကန်၌ ဒယ်လ်တာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့စဉ်ကလည်း ကျွမ်းကျင်ပညာရှင်များက ဆေးစစ်ကိရိယာများ ပြတ်တောက်မှုအတွက် ကျယ်ကျယ်လောင်လောင်အသံများ ထွက်ပေါ်ခဲ့သည်။

ဆင်ဟွာ

# တောင်ကိုရီးယား၌ တင်းကျပ်သည့် လူမှုဝေးကွာအစီအစဉ်ကို နှစ်ပတ်ကြာ တိုးမြှင့်သွားမည်

**ဆိုးလ် ဒီဇင်ဘာ ၃၁**

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ဆေးရုံတက်ရမှုနှုန်းကို လျှော့ချရန်နှင့် အိုမီခရွန် ကိုဗစ်-၁၉ ကူးစက်မှုကို ထိန်းချုပ်နိုင်ရေးအတွက် တင်းကျပ်သည့် လူမှုဝေးကွာအစီအစဉ်များကို နောက်ထပ်နှစ်ပတ်ကြာ တိုးမြှင့်သွားရန် ဒီဇင်ဘာ ၃၁ ရက်တွင် ဆုံးဖြတ်ခဲ့သည်။



ဆိုးလ်မြို့ဘူတာရုံ၌ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

**ကူးစက်မှုများ တစ်ရှိန်ထိုးမြင့်တက်**

တောင်ကိုရီးယားအစိုးရသည် ဗိုင်းရပ် တိုက်ဖျက်ရေး တင်းကျပ်သည့် စည်းကမ်းချက်များကို ဒီဇင်ဘာ ၁၈ ရက်တွင် စတင်ချမှတ်ခဲ့သည်။ နိုဝင်ဘာလအတွင်း ကိုဗစ် -၁၉ အသွားအလာကန့်သတ် စောင့်ကြည့်မှုများကို ဖြေလျှော့ပေးပြီးနောက် ကူးစက်မှုများ တစ်ရှိန်ထိုး မြင့်တက်လာပြီးနောက် ယခုလိုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတစ်ဝန်း ချမှတ်ထားသည့်တင်းကျပ်သည့် လူမှုဝေးကွာအစီအစဉ်များအရ လူစုလူဝေးပြုလုပ်နိုင်သည့် အများဆုံးပမာဏမှာ ဇန်နဝါရီ ၁၆ ရက်အထိ လူလေးဦးသာ စုဝေးခွင့်ပြုမည်ဖြစ်သည်။ စားသောက်ဆိုင်များနှင့် ကော်ဖီဆိုင်များကိုလည်း ည ကိုးနာရီအချိန်အထိသာ ဖွင့်ခွင့်ပေးထားသည်။

**ပါဆယ်စနစ်ဖြင့်သာ ဝယ်ယူခွင့်ရှိ**

ကာကွယ်ဆေး အပြည့်ထိုးမထားသူများကိုလည်း စားသောက်ဆိုင်များ အတွင်းသို့ ဝင်ခွင့်ပေးမည် မဟုတ်ပေ။ ပါဆယ်စနစ်ဖြင့်သာ ဝယ်ယူခွင့်ရှိမည်ဖြစ်သည်။ ညဘက်စီးပွားရေးလုပ်ငန်းများဖြစ်သည့် နိုက်ကလပ်များနှင့် ဘားများကိုလည်း ည ကိုးနာရီအထိသာ ဖွင့်ခွင့်ပေးထားသည်။

သို့သော်လည်း ရုပ်ရှင်ရုံများ၊ အင်တာနက်ကဖေးများနှင့် ပွဲကျင်းပရာ ဟောခန်းများကိုမူ ည ၁၀ နာရီမတိုင်မီအထိ ဖွင့်ခွင့်ပေးထားသည်။ နောက်ဆုံး ရရှိထားသည့် အချက်အလက်များအရ တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ် -၁၉ နေ့စဉ်ကူးစက်ခံရသူ ၄၈၇၅ ဦးရှိသည်။ ယခုအချိန်အထိ အိုမီခရွန်ကူးစက်ခံထားရသူ ၈၉၄ ဦးရှိပြီး ပြည်ပမှ ကူးစက်လာသူ ၄၇၉ ဦးရှိသည်။ **ဆင်ဟွာ**

# ပြင်သစ်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့တွင် ကိုဗစ် -၁၉ ကူးစက်မှုများ စံချိန်တင်မြင့်မား

**လန်ဒန် ဒီဇင်ဘာ ၃၁**

ဥရောပနိုင်ငံအချို့တွင် ဒီဇင်ဘာ ၂၉ ရက်နေ့၌ ကိုဗစ်-၁၉ ကူးစက်မှုများ စံချိန်တင်မြင့်မားလျက်ရှိပြီး ပြင်သစ်နိုင်ငံတွင်လည်း နေ့စဉ်ကူးစက်မှုမှာ ၂၀၀၀၀၀ ကျော် အထိ ရှိခဲ့သည်။

ပြင်သစ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူဦးရေမှာ ၂၀၈၀၉၉ ဦးရှိပြီး ကူးစက်မှုစံချိန်တင်မြင့်မားနေသည်မှာ နှစ်ရက်ဆက်တိုက်ရှိနေပြီဖြစ်သည်။ ပြင်သစ်နိုင်ငံ၌ စက္ကန့်တိုင်းတွင် လူနှစ်ဦးမှာ ကိုဗစ်-၁၉ ကူးစက်ခံနေရကြောင်း ကျန်းမာရေးဝန်ကြီး အိုလီဗီယာဗာရန်က ပါလီမန်တွင် ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံသည် တစ်ခါမျှမတွေ့ကြုံဖူးသော အခြေအနေမျိုးနှင့် ရင်ဆိုင်နေရသည်ဟုလည်း ၎င်းက ပြောကြားခဲ့သည်။ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသူများအနက် ၇၀ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးမထိုးရသေးသူများဖြစ်ရာ ကာကွယ်ဆေးထိုးနှံမှုကို ခံယူကြရန်အတွက်လည်း ၎င်းက အလေးအနက်ထား ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူဦးရေမှာ ၁၈၃၀၃၇ ဦးရှိသည်။ အင်္ဂလန်တွင် နောက်ထပ်ကူးစက်ခံရသူများအနက် ၉၃ ရာခိုင်နှုန်းမှာ အိုမီခရွန် ကူးစက်ခံရသူများဖြစ်သည်ဟုလည်း ကျွမ်းကျင်သူများက ယုံကြည်ကြသည်။

အီတလီနိုင်ငံတွင်လည်း နေ့စဉ်ကူးစက်မှုမှာ ၉၈၀၃၀ ရှိပြီး ပေါ်တူဂီနိုင်ငံတွင်လည်း နေ့စဉ်ကူးစက်မှုနှုန်းမှာ ၂၆၈၆၇ ဦးရှိသည်ဟု သိရသည်။

အင်န်အိတ်ချ်ကေ

# ခိုလှုံခွင့်တောင်းခံသူ ၁၇၇ ဦးကို လစ်ဗျားနိုင်ငံမှ နိုင်ဂျာနိုင်ငံသို့ ကယ်ဆယ်ပို့ဆောင်ခဲ့

**ထရီပိုလီ ဒီဇင်ဘာ ၃၁**

ခိုလှုံခွင့်တောင်းခံသူများကို လစ်ဗျားနိုင်ငံမှ နိုင်ဂျာနိုင်ငံသို့ ကယ်တင်ပေးနိုင်ခဲ့သည်ဟု ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးလေယာဉ်ဖြင့် ၎င်းတို့ကို နိုင်ဂျာနိုင်ငံသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များ အေဂျင်စီက ပြောသည်။ ယခုနှစ်အတွင်း နိုင်ဂျာနိုင်ငံသို့ ပြန်လည်ပို့ဆောင်သည့် ဒုတိယမြောက် ကယ်ဆယ်ရေးလေယာဉ်ဖြစ်ကြောင်း သိရသည်။

ယခုအချိန်အထိ လစ်ဗျားနိုင်ငံမှ နိုင်ဂျာနိုင်ငံသို့ ကယ်တင်ပေးနိုင်ခဲ့သူ ဒုက္ခသည်နှင့် ခိုလှုံရာတောင်းခံသူဦးရေမှာ ၃၇၁၀ ရှိပြီဖြစ်သည်။

ဆင်ဟွာ

# လုံခြုံစိတ်ချရမှုဆိုင်ရာပြဿနာကြောင့် တက်စ်လာကားကုမ္ပဏီ ကားစီးရေ ၄၇၀၀၀၀ ကို ပြန်လည်သိမ်းယူ

**နယူးယောက် ဒီဇင်ဘာ ၃၁**

အမေရိကန် လျှပ်စစ်ကားထုတ်လုပ်ရေး ကုမ္ပဏီကြီးဖြစ်သည့် တက်စ်လာကုမ္ပဏီသည် လုံခြုံစိတ်ချရမှုဆိုင်ရာပြဿနာကြောင့် ကားအစီးရေ ၄၇၀၀၀၀ ကျော်ကို ပြန်လည်သိမ်းယူခဲ့သည်ဟု သိရသည်။




အမေရိကန်လျှပ်စစ်ကား ထုတ်လုပ်ရေးကုမ္ပဏီကြီးဖြစ်သည့် တက်စ်လာကုမ္ပဏီ။

ယခုတစ်ကြိမ် ကားများကို ပြန်လည်သိမ်းယူခြင်းမှာ ကုမ္ပဏီအတွက် ပမာဏအများဆုံးပင်ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်ကလည်း တစ်ကမ္ဘာလုံးအနှံ့ အရောင်းတင်ထားသည့် ကားများကို ပြန်လည်သိမ်းဆည်းမှုများ ပြုလုပ်ခဲ့ဖူးကြောင်း သိရသည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလနှင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတို့တွင် ထုတ်လုပ်ထားသည့် Model S ဆီဒင်ကားများနှင့် ၂၀၁၇ ဇူလိုင်လမှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ ထုတ်လုပ်ထားသည့် Model 3 ကားများကို ပြန်လည်သိမ်းယူခြင်းဖြစ်သည်ဟု သိရသည်။

အင်န်အိတ်ချ်ကေ

# ကွာလာလမ်ပူ၏ နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲများ မီးရှူးမီးပန်းများ ပစ်ဖောက်ခွင့်မပြု

ကွာလာလမ်ပူ ဒီဇင်ဘာ ၃၁

**မလေးရှားနိုင်ငံတွင် ဒီဇင်ဘာ ၃၀ ရက် ညသန်းခေါင်အချိန်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၉၉၇ ဦးအထိရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာစုစုပေါင်း ၂၇၅၄၅၁၃ ဦး ရှိလာပြီဖြစ်သည်။**



မလေးရှားနိုင်ငံ မြို့တော်၌ ယမန်နှစ် နှစ်သစ်ကူးအချိန်သမယက မီးရှူးမီးပန်းများ ပစ်ဖောက်နေသည်ကို တွေ့ရစဉ်။

အသစ်ထပ်မံကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၃၆၆ ဦးမှာ ပြည်ပကူးစက်သူများဖြစ်ပြီး ၃၆၃၁ ဦးမှာ ပြည်တွင်းကူးစက်သူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဆိုက်တွင် ဖော်ပြထားသည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ၃၄ ဦး ထပ်မံသေဆုံးခဲ့ရာ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းမှာ ၃၁၄၆၂ ဦးအထိ ရှိလာပြီဖြစ်သည်။

လတ်တလောကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၄၉၉၆၇ ဦးရှိသည့်အနက် ၂၈၁ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသလျက်ရှိပြီး ၁၅၅ ဦးမှာ အသက်ရှူအထောက်အကူပြုကိရိယာ လိုအပ်လျက်ရှိသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးပြီးသူပေါင်း ၈၀ ရာခိုင်နှုန်းရှိပြီး အပြည့်အဝထိုးနှံပြီးသူပေါင်း ၇၈ ရာခိုင်နှုန်းခန့်ရှိကာ အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူပေါင်းမှာ ၁၉ ရာခိုင်နှုန်းအထိ ရှိလာပြီဖြစ်သည်။

ထို့အတူ နှစ်သစ်ကူးအခမ်းအနားများတွင်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခြင်းကို ကာကွယ်ရန် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားရာ ဗဟိုချက်နေရာဖြစ်သည့် ကွာလာလမ်ပူမြို့တွင် မီးရှူးမီးပန်းပစ်ဖောက်ခြင်းများကို ခွင့်မပြုကြောင်း သိရသည်။

ပြည်သူများ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန် ဒီဇင်ဘာ ၃၁ ရက်တွင် မြို့တော်အတွင်းရှိ ထင်ရှားကျော်ကြားသည့် နေရာများတွင် လုံခြုံရေးလှည့်ကင်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ဒန်ဝမ်ဂီဒိစတြိတ်ရဲချုပ် နော်ဒယ်လ်ဟန်ယာဟာရာက ဒီဇင်ဘာ ၃၀ ရက်တွင် ပြောသည်။

**ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၌ အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသူ ၁၄ ဦး တိုးလာမှုကြောင့် အိုမီခရွန်ကူးစက်ခံရသူ စုစုပေါင်း ၁၅ ဦးရှိ

**ဟနွိုင်း ဒီဇင်ဘာ ၃၁**

အိုမီခရွန်ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားသူ နောက်ထပ် ၁၄ ဦးတိုးလာကြောင်း ဗီယက်နမ်ကျန်းမာရေးအာဏာပိုင်များက ဒီဇင်ဘာ ၃၁ ရက်တွင် အတည်ပြုခဲ့မှုနှင့်အတူ ယခုအခါ ဗီယက်နမ်နိုင်ငံတွင် အိုမီခရွန်ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားသူ ၁၅ ဦး ရှိလာကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြသည်။

အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသူများ အားလုံးမှာ မကြာသေးမီက တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ကွမ်နမ်ပြည်နယ်သို့ ရောက်ရှိလာသော ဗီယက်နမ်နိုင်ငံသားများဖြစ်ကြသည်။

ကျန်းမာရေးအာဏာပိုင်များ ချမှတ်ထားသော ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အတူ ၎င်းတို့သည် ယခုအခါ စောင့်ကြပ်ကြည့်ရှုမှုခံယူနေကြပြီး အခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိသည်။

ဗြိတိန်မှ မကြာသေးမီက ပြန်လည်ရောက်ရှိလာသူတစ်ဦးတွင် အိုမီခရွန်ဗိုင်းရပ်စ်သစ် ပထမဆုံးကူးစက်ဖြစ်ပွားနေကြောင်း ဒီဇင်ဘာ ၂၈ ရက်တွင် ဗီယက်နမ်နိုင်ငံက ဖော်ပြခဲ့သည်။ ၎င်းသည် ဗီယက်နမ်မြို့တော် ဟနွိုင်းသို့ ရောက်ရောက်ချင်း စောင့်ကြပ်ကြည့်ရှုမှုခံယူခဲ့သည်။

ဒီဇင်ဘာ ၃၀ ရက်က ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၇၁၄၇၄၂ ဦး ရှိကြောင်း အတည်ပြုဖော်ပြခဲ့ပြီး လွန်ခဲ့သော ဧပြီလကတည်းကစကာ ကူးစက်မြန်ပြင်းထန် ဒယ်လ်တာ ကိုရိုနာဗိုင်းရပ်စ်လှိုင်းဂယက် ရိုက်ခတ်မှုကြောင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁ ဒသမ ၇ သန်းကျော် ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြသည်။

**ဆင်ဟွာ**




ဗီယက်နမ်နိုင်ငံ ဟနွိုင်းတွင် ကိုရိုနာဗိုင်းရပ်စ်သံသယရှိသူများ ကာကွယ်ရေးဝတ်စုံများ ဝတ်ဆင်ထားပြီး ဆေးရုံမှ ပြန်လည်ထွက်ခွာလာသည်ကို တွေ့ရစဉ်။

## အာဖရိက၌ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၉ ဒသမ ၅၉ သန်းကျော်လွန်

**အဒစ်အဘာဘာ ဒီဇင်ဘာ ၃၁**

အာဖရိကတွင် ဒီဇင်ဘာ ၃၀ ရက် ညနေပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၉၅၉၄၀၈၈ ဦးအထိ ရှိလာခဲ့ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန(အာဖရိကစီဒီစီ)က ပြောသည်။

စီဒီစီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်းမှာ ၂၂၈၀၈၁ ဦး ရှိလာပြီဖြစ်ကြောင်းနှင့် ၈၆၀၃၄၉၉ ဦးမှာ ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုးပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံး နိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

အာဖရိကတွင် တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃ဒသမ ၄၃သန်းဖြင့် ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ကာ မော်ရိုကိုနိုင်ငံသည် ၉၅၉၀၉၈ ဦးဖြင့် ဒုတိယနေရာတွင် ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံတွင် အိုမီခရွန် ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားသူ ၁၂၇၀ ရှိ

**နယူးဒေလီ ဒီဇင်ဘာ ၃၁**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၆၇၆၄ ဦး ရှိလာသောကြောင့် ဒီဇင်ဘာ ၃၁ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄၈၃၈၈၀၄ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၂၀ ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၈၁၀၈၀ အထိ ရောက်ရှိလာခဲ့သည်။

အိန္ဒိယနိုင်ငံတွင် လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၉၁၃၆၁ ဦးရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၈၉၅၉ ဦး တိုးလာခဲ့သည်။

လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှဆင်းလာသူ ၇၅၈၅ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူ ၃၄၂၆၆၃၆၃ ဦးရှိလာပြီဖြစ်သည်။

လတ်တလော အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသူ ၁၂၇၀ ရှိလာပြီဖြစ်ပြီး မဟာရက်ရှ်တရာတွင် ၄၅၀ နှင့် ဒေလီတွင် ၃၂၀ ရှိသည်။ လက်တလော အိုမီခရွန် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၃၇၄ ဦးရှိသည်။

**ဆင်ဟွာ**

# တောင်ကိုရီးယားတွင် အိုမီခရွန်ကူးစက်ဖြစ်ပွားသူ ၈၉၄ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၃၀၈၃၈ ဦးရှိ

**ဆိုးလ် ဒီဇင်ဘာ ၃၁**

တောင်ကိုရီးယားနိုင်ငံတွင် ဒီဇင်ဘာ ၃၀ ရက် ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ လွန်ခဲ့သော ၂၄ နာရီနှင့် နှိုင်းယှဉ်ပါက ၄၈၇၅ ဦး တိုးလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၃၀၈၃၈ ဦးအထိ ရှိလာခဲ့သည်။

အစိုးရက ကိုဗစ်-၁၉ ဆန့်ကျင်တားဆီးရေး ဆောင်ရွက်ချက်များ တင်းကျပ်လာသည့်အတွက် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ယမန်နေ့ အမြင့်ဆုံးကူးစက်ဖြစ်ပွားသူ အရေအတွက် ၅၀၃၅ ဦးထက် အနည်းငယ်လျော့နည်းခဲ့သည်။

မကြာသေးမီက မြင့်တက်လာသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် ဆိုးလ်ဒေသ၏ ကိုဗစ်-၁၉ အစုလိုက်ကူးစက်ဖြစ်ပွားမှုကြောင့် ဖြစ်သည်။

ထပ်မံဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၁၆၃၅ ဦးမှာ ဆိုးလ်ဒေသခံများဖြစ်ကာ ၁၄၅၄ ဦးမှာ ချုံဂီပြည်နယ်မှဖြစ်ပြီး ၂၉၃ ဦးမှာ အင်ချွန်မှဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် မြို့တော်မဟုတ်သော ဒေသတွင်လည်း ကိုဗစ်-၁၉ ထပ်မံ ကူးစက်ဖြစ်ပွားသူ ၁၃၇၆ ဦး သို့မဟုတ် ၂၈ ဒသမ ၉ ရာခိုင်နှုန်း ရှိလာခဲ့သည်။

အိုမီခရွန် ဗိုင်းရပ်စ်သစ် ကူးစက်ခံရသူ ၈၉၄ ဦးအထိ ရှိလာခဲ့ပြီး နိုင်ငံခြားကူးစက်ဖြစ်ပွားသူ ၄၇၉ ဦးနှင့် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၄၁၅ ဦးဖြစ်ကြောင်း သိရသည်။ ယမန်နေ့ကထက် ၂၆၉ ဦး တိုးလာခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ခံထားရပြီး စိုးရိမ်ရသော အခြေအနေ ခံစားနေရသူ ၁၀၅၆ ဦးအထိ တိုးလာခဲ့ပြီး ယမန်နေ့ကထက် ၈၉ ဦး ကျဆင်းခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် ၁၀၈ ဦး ထပ်မံ သေဆုံးခဲ့သောကြောင့် စုစုပေါင်းသေဆုံးသူ ၅၅၆၃ ဦးအထိ ရှိလာခဲ့ပြီး သေဆုံးနှုန်းမှာ ၀ ဒသမ ၈၈ ရာခိုင်နှုန်းရှိသည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် အစုလိုက် ကာကွယ်ဆေးထိုးမှုများ စတင်ပြုလုပ်ခဲ့ချိန်မှစကာ ယခုအချိန်အထိ လူပေါင်း ၄၄၂၁၉၆၄၈ ဦး စုစုပေါင်း နိုင်ငံ့လူဦးရေ၏ ၈၆ ဒသမ ၁ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခဲ့ပြီးဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပြီးသူပေါင်း ၄၂၅၃၅၅၁၆ ဦး သို့မဟုတ် ၈၂ ဒသမ ၈ ရာခိုင်နှုန်းရှိပြီဖြစ်ပြီး အပိုဆောင်း ကာကွယ်ဆေး ထိုးပြီးသူ ၁၇၆၇၃၅၉၉ ဦး သို့မဟုတ် ၃၄ ဒသမ ၄ ရာခိုင်နှုန်း ရှိသည်။

**ဆင်ဟွာ**

# ဟောလိဝုဒ်ပွဲတော်ကြီးများကို ဖျက်ခဲ့တဲ့ပိုး ကိုဗစ်- ၁၉

ကေကေစိုး



၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်တွင် နယူးယောက်မြို့၌ နှစ်သစ်ကူးပွဲတော်ကျင်းပနေစဉ်။

ကိုဗစ်- ၁၉ ကာလ အမေရိကန် ဖျော်ဖြေရေးလောကတွင် လှုပ်ရှားမှုများရပ်တန့်ထားရပြီး ကူးစက်မှုများငြိမ်သက်လာသည့်အခါ အင်တိုက်အားတိုက်ဖြင့် ဖျော်ဖြေရေးလုပ်ငန်းများ ပြန်လည်စတင်ရန် မျှော်လင့်ထားကြသည်။

### ပွဲတော်ကြီးများဖျက်သိမ်းလာရ

သို့သော်လည်း ကိုဗစ် -၁၉ မျိုးကွဲ အိုမီခရွန်ကူးစက်မှုများကြောင့် အဆိုပါမျှော်လင့်ချက်များမှာ သဲထဲရေသွန်ဖြစ်ခဲ့ရသည်။ အမေရိကန်၌ အိုမီခရွန်ကူးစက်မှု များပြားလာသည့်အတွက် အဓိက ဟောလိဝုဒ်ပွဲကြီးများကို ဖျက်သိမ်းမှုများနှင့် ရွှေ့ဆိုင်းမှုများ ပြုလုပ်ခဲ့ရသည်။

သေသေချာချာစိစစ်ပြီးနောက် လက်ရှိ ကိုဗစ်-၁၉ ကူးစက်မှုများကြောင့် ၂၀၂၂ ခုနှစ်တွင် ကျင်းပမည့် ရုပ်ရှင်ပွဲတော်ကို ကျင်းပနိုင်ခြင်းမရှိတော့ဟု Palm Spring အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော်ကျင်းပရေးပွဲစီစဉ်သူများက ဒီဇင်ဘာ ၂၉ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါရုပ်ရှင်ပွဲတော်ကို ပုံမှန်အားဖြင့် ဇန်နဝါရီ ၇ ရက်တွင် ကျင်းပလေ့ရှိသည်။

### နောက်ထပ်အခွင့်အရေးများရရှိဦးမည်

ရုပ်ရှင်ထုတ်လုပ်သူများ၊ ရုပ်ရှင်လောကသားများနှင့်ဝန်ထမ်းများ ကျန်းမာရေးကိုရှေးရှုကာ ယခုကဲ့သို့ ကျိုးကြောင်းဆီလျော်သည့် ဆုံးဖြတ်ချက်မျိုးချခဲ့ရခြင်းဖြစ်ကြောင်း ရုပ်ရှင်အသိုင်းအဝိုင်းက ဖော်ပြခဲ့သည်။ အခြားသောသူများကဲ့သို့ပင် ရုပ်ရှင်ကို ချစ်မြတ်နိုးကြောင်း၊ ယခုဖြစ်ရပ်ကြောင့် အချင်းချင်းပို၍နီးကပ်လာမည်ဟု ယုံကြည်ကြောင်း ထုတ်ပြန်ချက်တွင် ပါဝင်သည်။

ယခုရုပ်ရှင်ပွဲတော်ကို ရုပ်ရှင်လောကသားများ လူကိုယ်တိုင် ပွဲတက်ကျင်းပခွင့် မရသော်လည်း နောက်ထပ်အခွင့်အရေးများရရှိမည်ဟု ယုံကြည်ကြောင်း ပွဲစီစဉ်ကျင်းပသူများက ပြောသည်။

### ဂီတပွဲတော်ကိုလည်းဖျက်သိမ်း

၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် အဆိုပါရုပ်ရှင်ပွဲတော်ကို ပြန်လည်ကျင်းပမည်ဟု ပွဲစီစဉ်သူများက ပြောသည်။ ထင်ပေါ်ကျော်ကြားသည့် ဂီတပွဲတော်ဖြစ်သည့် Hamilton ပွဲကို ဇန်နဝါရီ ၂၃ ရက်တွင် ကျင်းပမည်ဟု ရည်ရွယ်ထားသော်လည်း ပွဲတော်ကိုဖျက်သိမ်းရန် ရည်ရွယ်ထားသည်ဟု ထုတ်လုပ်သူများက ပြောသည်။

အဆိုပါပွဲတော်ကို လော့စ်အိန်ဂျလိစ်ကောင်တီ၊ ဟောလိဝုဒ်တွင် ကျင်းပခြင်းဖြစ်သည်။ အဆိုပါပွဲတော်တွင် ဟစ်ဟော့၊ ဂျက်ဇ်၊ အာအင်န်ဘီ အပါအဝင် အခြားသော ဂီတအမျိုးအစားများကို တင်ပြလေ့ရှိသည်။

တင်းကျပ်သည့်ကျန်းမာရေးဆိုင်ရာ စံချိန်စံနှုန်းများနှင့် ဆေးစစ်မှုများကိုပြုလုပ်ပြီး ကိုဗစ် – ၁၉ ကူးစက်မှုများများပြားလာသည်ကို တွေ့ရှိရကြောင်း ဂီတပွဲတော် ထုတ်လုပ်သူများက ပြောသည်။

### ရွှေ့ဆိုင်းရန်ဆုံးဖြတ်ခဲ့

လော့စ်အိန်ဂျလိစ်မြို့၌ နေ့စဉ်နေ့တိုင်း ရောဂါကူးစက်မှုများမှာ မြင့်မားလျက်ရှိပြီး အိုမီခရွန်ကူးစက်မှုများမှာလည်း ဆက်လက်မြင့်မားလျက်ရှိသည်။ လာမည့်သီတင်းပတ်များအတွင်း ပွဲလက်မှတ်အတွက် ငွေကြေးပြန်အမ်းမှုများ ပြုလုပ်သွားမည်ဟု မျှော်လင့်ထားကြောင်း ပွဲထုတ်လုပ်သူဂျက်ဖရီဆယ်လာ က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

**အမေရိကန်၌ အိုမီခရွန်ကူးစက်မှု များပြားလာသည့်အတွက် အဓိက ဟောလိဝုဒ်ပွဲကြီးများကို ဖျက်သိမ်းမှုများနှင့်ရွှေ့ဆိုင်းမှုများ ပြုလုပ်ခဲ့ရသည်။ သေသေချာချာစိစစ်ပြီးနောက် လက်ရှိ ကိုဗစ်- ၁၉ ကူးစက်မှုများကြောင့် ၂၀၂၂ ခုနှစ်တွင် ကျင်းပမည့် ရုပ်ရှင်ပွဲတော်ကို ကျင်းပနိုင်ခြင်းမရှိတော့ဟု Palm Spring အပြည်ပြည်ဆိုင်ရာ ရုပ်ရှင်ပွဲတော် ကျင်းပရေးပွဲစီစဉ်သူများက ဒီဇင်ဘာ ၂၉ ရက်တွင် ကြေညာခဲ့သည်**

အဆိုပါ ဂီတပွဲတော်အတွက် အစီအစဉ်များကို ဇန်နဝါရီ ၂၆ ရက်တွင်ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဝေဖန်သူများ ရွေးချယ်သည့် ဆုပေးပွဲကိုလည်း ဇန်နဝါရီ ၉ ရက်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ် -၁၉ အခြေအနေများကြောင့် ပွဲကျင်းပမှုကိုရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့ကြောင်း ပွဲကျင်းပရေးအဖွဲ့က ကြေညာခဲ့သည်။

### ကြိုးပမ်းလျက်ရှိ

အဆိုပါ ရုပ်ရှင်ဝေဖန်ရေးအဖွဲ့အစည်းမှာ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါတို့တွင် အဖွဲ့ဝင် အများဆုံးပါဝင်သည့် အဖွဲ့အစည်းလည်းဖြစ်သည်။

အဖွဲ့ဝင်ပေါင်း ၅၀၀နီးပါးပါဝင်သည်။ (၂၇) ကြိမ်မြောက် ဝေဖန်သူများချီးမြှင့်သည့် ဆုပေးပွဲအခမ်းအနားကို အားလုံး၏ဆုံးဖြတ်ချက်ဖြင့် ရွှေ့ဆိုင်းရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း အဖွဲ့အစည်းက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

လော့စ်အိန်ဂျလိစ်ကောင်တီမှ ကျန်းမာရေးအရာရှိများနှင့်လည်း အမြဲတစေ ဆက်သွယ်မှုရှိကြောင်း၊ သတင်းအချက်အလက်သစ်များကို အမြဲရရှိအောင် ကြိုးပမ်းနေကြောင်း၊ မကြာမီရောက်ရှိတော့မည့် ဆုပေးပွဲရာသီတွင်လည်း လူတိုင်းလူတိုင်း၏ကျန်းမာရေးကိုဂရုတစိုက်ဖြင့် လူကိုယ်တိုင်ပွဲတက်နိုင်ရေးကြိုးပမ်းနေကြောင်း အဖွဲ့အစည်းက ပြောသည်။

### လုံခြုံစိတ်ချရရေးရှေးရှု

လူတိုင်းလူတိုင်း ဘေးကင်းစွာဖြင့်နေထိုင်နိုင်ရေးမှာအဓိက ဦးစားပေးပင်ဖြစ်သည်ဟု ပြောသည်။ အကယ်ဒမီဆုချီးမြှင့်ရေး ပွဲစီစဉ်သူများကလည်း ၎င်းတို့နှစ်စဉ်ကျင်းပမြဲဖြစ်သော အုပ်ချုပ်ရေးဆုချီးမြှင့်ပွဲအခမ်းအနားကို ရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့ကြောင်း ပြီးခဲ့သည့်သီတင်းပတ်အတွင်းက ကြေညာခဲ့သည်။

ကိုဗစ် – ၁၉ မျိုးကွဲများ၏ သက်ရောက်လာသည့် သက်ရောက်မှုများကြောင့် ပွဲတက်လာမည့် ဧည့်သည်တော်များနှင့် အနုပညာရှင်များ၏ လုံခြုံစိတ်ချရမှုကို ရှေးရှုကာ ရွှေ့ဆိုင်းရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပွဲစီစဉ်သူများက ပြောသည်။

### လူဦးရေအထူထပ်ဆုံးဖြစ်

ဇန်နဝါရီလအတွင်း လော့စ်အိန်ဂျလိစ်တွင် ကျင်းပမည့် အခြားသော ရုပ်ရှင်နှင့် ဂီတပွဲတော်များကို ဖျက်သိမ်းထားကြောင်းလည်း ဟောလိဝုဒ်အသိုင်းအဝိုင်းက ပြောသည်။

လော့စ်အိန်ဂျလိစ်ကောင်တီမှာ အမေရိကန်ပြည်ထောင်စုနှင့် ကယ်လီဖိုးနီးယားပြည်နယ်တွင် လူဦးရေအထူထပ်ဆုံးကောင်တီဖြစ်ပြီး ဒီဇင်ဘာ ၂၉ ရက်တစ်ရက်တည်းတွင်ပင် နောက်ထပ်ကူးစက်ခံရသူ ၁၆၀၀၀ တွေ့ရှိခဲ့သည်။

### ကူးစက်မှုငါးသန်းကျော်လွန်လာ

နေ့စဉ်ကူးစက်မှုများထဲမှ အများဆုံးနေ့ပင်ဖြစ်သည်။ ကယ်လီဖိုးနီးယားပြည်နယ်၌ ဒီဇင်ဘာ ၂၈ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူ ငါးသန်းကျော်လွန်သွားပြီး အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူငါးသန်းကျော် သွားသည့် ပထမဆုံးပြည်နယ်လည်း ဖြစ်သည်။

လော့စ်အိန်ဂျလိစ်၌ တွေ့ရှိရသည့် ကူးစက်မှုများမှာ ဒယ်လ်တာနှင့်အိုမီခရွန် ကူးစက်မှုများဖြစ်သည်။ ။

**ကိုးကား-ဆင်ဟွာ**

# ဒီဇင်ဘာ ၃၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈၉ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၃ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉,၂၆၈ ဦးရှိ

(၃၁–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁–၁၂–၂၀၂၁) ရက် နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၇၁၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈၉) ဦး တွေ့ရှိရ**ပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၇၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၄၀,၆၅၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၀,၈၃၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၇၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၈,၂၃၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၆၈) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၃၁–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၄၁၁) ခု | (၇၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၆) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၁၇) ခု | – |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၃) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၁၂၇) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၅၇) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၁၆၃) ခု | (၉၇) ဦး |
| စုစုပေါင်း | (၁၀,၇၁၄) ခု | (၁၈၉) ဦး |

- ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးဝင်ရောက်ဖြစ်ပွားမှုကြောင့် (၃၁–၁၂–၂၀၂၁)ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ အတည်ပြုလူနာစုစုပေါင်း (၃၆၇,၈၅၂) ဦးရှိ၍ သေဆုံးသူ (၆၁)ဦးရှိပြီဖြစ်ရာ ဥရောပ၊ မြောက်အမေရိက၊ တောင်အမေရိက၊ အာဖရိက၊ သြစတြေးလျ၊ အရှေ့တောင်အာရှအပါအဝင် အာရှဒေသနိုင်ငံများ စသည့်ကမ္ဘာ့ဒေသအသီးသီးရှိ နိုင်ငံ/ဒေသပေါင်း (၁၂၇) ခုအထိ ကျယ်ပြန့်စွာ ပျံ့နှံ့ရောက်ရှိပြီးဖြစ်သည်ဟု သိရှိရပါသည်။
- မြန်မာနိုင်ငံတွင် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများအနက် ကိုဗစ်–၁၉ ရောဂါပိုး တွေ့ရှိရသည့်လူနာများတွင် မျိုးရိုးဗီဇပြောင်းရောဂါပိုး ရှိ/မရှိ ဓာတ်ခွဲစစ်ဆေးမှုများအရ ယူအေအီး နိုင်ငံ၊ ဒူဘိုင်းမြို့မှ Relief Flight ဖြင့် ပြန်လည်ဝင်ရောက်လာသူ မြန်မာနိုင်ငံသား (၄) ဦး၏ ဓာတ်ခွဲနမူနာများတွင် SARS–CoV–2 Variant Omicron (အိုမီခရွန်) ရောဂါပိုးတွေ့ရှိရကြောင်း (၂၈–၁၂–၂၀၂၁) ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ(Quarantine Center)များ၊ ကုသရေးစင်တာ (Treatment Center)များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်းကိုဗစ်–၁၉ရောဂါပိုးနှင့် ပတ်သက်၍ မိဘပြည်သူများအနေဖြင့် အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၃၁- ၁၂ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၅၂၅၂၈၂၃ | ၄၁၄၆၇၆၆၀ | ၈၄၅၇၄၅ |
| ၂။ | အိန္ဒိယ | ၃၄၈၃၈၈၀၄ | ၃၄၂၆၆၃၆၃ | ၄၈၁၀၈၀ |
| ၃။ | ဘရာဇီး | ၂၂၂၇၇၂၃၉ | ၂၁၅၆၇၈၄၅ | ၆၁၉၀၂၄ |
| ၄။ | ဗြိတိန် | ၁၂၇၄၈၀၅၀ | ၁၀၂၇၁၇၀၆ | ၁၄၈၄၂၁ |
| ၅။ | ရုရှား | ၁၀၄၉၉၉၈၂ | ၉၄၆၃၉၁၉ | ၃၀၈၈၆၀ |
| ၆။ | ပြင်သစ် | ၉၇၄၀၆၀၀ | ၈၀၃၇၅၇၂ | ၁၂၃၅၅၂ |
| ၇။ | တူရကီ | ၉၄၄၁၇၆၄ | ၉၀၃၉၃၄၄ | ၈၂၁၉၈ |
| ၈။ | ဂျာမနီ | ၇၁၄၂၉၈၂ | ၆၃၈၂၉၀၀ | ၁၁၂၅၁၂ |
| ၉။ | စပိန် | ၆၂၉၄၇၄၅ | ၅၀၅၆၉၅၅ | ၈၉၄၀၅ |
| ၁၀။ | အီရန် | ၆၁၉၄၄၀၁ | ၆၀၃၇၀၉၀ | ၁၃၁၆၀၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၃၁– ၁၂ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၆၂၇၂၀ | ၄၁၁၄၃၃၄ | ၁၄၄၀၉၄ |
| ဖိလစ်ပိုင် | ၂၈၄၃၉၇၉ | ၂၇၇၈၂၄၂ | ၅၁၅၀၄ |
| မလေးရှား | ၂၇၅၄၅၁၃ | ၂၆၇၇၄၀၆ | ၃၁၄၆၂ |
| ထိုင်း | ၂၂၂၃၄၃၅ | ၂၁၆၈၄၉၄ | ၂၁၆၉၈ |
| ဗီယက်နမ် | ၁၇၃၁၂၅၇ | ၁၃၅၅၂၈၆ | ၃၂၃၉၄ |
| မြန်မာ | ၅၃၀၈၃၄ | ၅၀၈၂၃၂ | ၁၉၂၆၈ |
| စင်ကာပူ | ၂၇၉၀၆၁ | ၂၇၅၃၅၇ | ၈၂၇ |
| ကမ္ဘောဒီးယား | ၁၂၀၄၉၃ | ၁၁၆၉၁၇ | ၃၀၁၂ |
| လာအို | ၁၁၁၀၆၀ | ၁၀၁၆၂၈ | ၃၇၂ |
| ဘရူနိုင်း | ၁၅၄၇၀ | ၁၅၂၇၂ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

❖ *ကျော့ဖုံးမှ*

ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ယနေ့အထိ မြို့ကြီးအချို့တွင် အကြမ်းဖက်မှု ၃၇၅၁ ကြိမ်ရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းသိမ်းခဲ့ရမှုအနေဖြင့် အကြမ်းဖက်သူ ၁၄၈၂ ဦး၊ လက်နက်မျိုးစုံ ၁၃၃ လက်၊ ခဲယမ်းမျိုးစုံ ၁၆၉၃ တောင့်၊ လက်ပစ်ဗုံး ၂၈ လုံး၊ လက်လုပ်မိုင်း ၂၁၇ လုံးနှင့် အခြားဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။ ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုများ မရှိစေရေးအတွက် ရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သူ ၉၉၅၈ ဦး၊ လက်နက်မျိုးစုံ ၃၄၁၇ လက်၊ ခဲယမ်းမျိုးစုံ ၁၆၁၅၀၀ တောင့်၊ လက်ပစ်ဗုံး ၆၄၇ လုံး၊ လက်လုပ်မိုင်း ၆၈၉၅ လုံးနှင့် အခြားဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို အချိန်မီဖော်ထုတ်တားဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ယနေ့အထိ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိမှုအနေဖြင့် မန္တလေးမြို့တွင် ၃ ကြိမ်၊ တရားခံ ၆ ဦးနှင့်အတူ Type 81 သေနတ် ၂၀၀ လက်၊ Type 81 စက်သေနတ် ၂၀ လက်၊ K 2 – 5 သေနတ် ၄ လက်၊ M–79 ဗုံးပစ်လောင်ချာ ၁ လက်တို့အားလည်းကောင်း၊ မုံရွာမြို့တွင် ၁ ကြိမ်၊ တရားခံ ၈ ဦးနှင့်အတူ 779 PADING III – S ၄၀ မမ ဗုံးပစ်လောင်ချာ ၁ လက် တို့အားလည်းကောင်း ဖမ်းဆီးရရှိခဲ့ပြီး မန္တလေးမြို့နှင့် အထက်မြန်မာပြည် မြို့ကြီးအချို့မှ ဖမ်းဆီးရရှိမှု စုစုပေါင်း ၁၇ ကြိမ်၊ တရားခံ ၂၀၉ ဦးတို့နှင့်အတူ M–16 သေနတ် ၃ လက်၊ AK–47 သေနတ် ၅ လက်၊ M–22 သေနတ် ၄၀ လက်၊ ပစ္စတိုသေနတ် ၁၇ လက်၊ K–22 သေနတ် ၆၁ လက်၊ K–12 သေနတ် ၄ လက်၊ KA သေနတ် ၄ လက်၊ KO–3 သေနတ် ၁ လက်၊ KA လောင်ချာ ၂ လက်၊ K 2–5 သေနတ် အရှည် ၇၉ လက်၊ K 2–5 ခေါက်ဒင်သေနတ် ၃၆ လက်၊ Type–81 သေနတ် ၂၂၀ လက်၊ Type–81 စက်သေနတ် ၂၀ လက်၊ M–79 LL ၄၀ မမ ဗုံးပစ်လောင်ချာ ၄၄ လက်၊ 779 PADING III –S ၄၀ မမ ဗုံးပစ်လောင်ချာ ၁၂ လက်အပါအဝင် အခြားလက်နက်ငယ် မျိုးစုံ ၅၄၉ လက်တို့အား လည်းကောင်း ဖမ်းဆီးနိုင်ခဲ့သည်။

ဖမ်းဆီးရမိသည့် အကြမ်းဖက်သမားများအား စစ်ဆေးဖော်ထုတ်ချက်အရ KIA အဖွဲ့တွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့သူ ၄၃ ဦး၊ TNLA အဖွဲ့တွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့သူ ၃၇ ဦး တွေ့ရှိရပြီး ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများကိုစိစစ်ရာ Type–81 ရိုင်ဖယ်သေနတ် ၂၂၀ လက်၊ K2–5 သေနတ် အရှည် ၇၉ လက်၊ K–22 သေနတ် ၆၁ လက်၊ K2–5 ခေါက်ဒင်သေနတ် ၃၆ လက်၊ Type–81 စက်သေနတ် ၂၀ လက်၊ K–12 သေနတ် ၄ လက်၊ KA သေနတ် ၄ လက်၊ KO–3 သေနတ် ၁ လက်၊ KA လောင်ချာ ၂ လက်၊ လက်ပစ်ဗုံး ၇၅၉ လုံးတို့မှာ KIA အဖွဲ့မှထုတ်လုပ်သည့် လက်နက်/ ခဲယမ်းများဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် နိုင်ငံတစ်ဝန်း ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည့် NCA သဘောတူညီချက်ပါ အချက်များကို တိကျစွာလေးစားလိုက်နာဆောင်ရွက်လျက်ရှိသည့်အပြင် **“နိုင်ငံတော်နှင့် ပြည်သူတို့ လိုအပ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်ရာတွင် တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ အတိုင်း တိကျစွာလိုက်နာသွားမည်”** ဟူသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မူဝါဒနှင့်အညီ တစ်နိုင်ငံလုံး ငြိမ်းချမ်းမှုရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ထို့ပြင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးကို ဦးစားပေးလုပ်ငန်းအဖြစ် ထားရှိ၍ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်တို့ကိုချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်၍ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လူမှုစီးပွားထိခိုက်မှုနှင့်အတူ စိတ်နှလုံး ထိခိုက်ခံစားနေရသော ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) အား လက်မှတ်ရေးထိုးထားသည် ဖြစ်စေ၊ လက်မှတ်ရေးထိုးရန် ညှိနှိုင်းဆွေးနွေးဆဲ အခြေအနေတွင်ဖြစ်စေ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်အတွက် ထိခိုက်စေသော လုပ်ရပ်များအား

*စာမျက်နှာ ၁၇ သို့*

အကြမ်းဖက် သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက် ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ။























# အင်းစိန်မြို့နယ် လှိုင်မြစ်လမ်း အင်းစိန်ခုံးကျော်တံတားပေါ်တွင် လုယက်မှုဖြစ်စဉ်မှ တရားခံများ ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် အင်းစိန်မြို့နယ် ဈေးကုန်းရပ်ကွက် လှိုင်မြစ်လမ်း အင်းစိန်ဈေးတွင် ဖွင့်လှစ်ထားရှိသော ကျုံစင်းအာမခံရွှေဆိုင်ပိုင်ရှင် **ဦးနှင်းငွေ** (၅၁)နှစ်သည် အင်းစိန်ခုံးတံတားပေါ်၌ ရွှေထည်ပစ္စည်း စုစုပေါင်း အလေးချိန် ၄ ပိဿာ ၅၀ ကျပ်သားခန့်ထည့်ထားသည့် လက်ဆွဲအိတ် နှစ်လုံး **(ကာလတန်ဖိုး ငွေကျပ် သိန်း ၇၂၀၀ ခန့်)** အား လုယက်ခံရသည့် ဖြစ်စဉ်တွင် **တရားခံ ကျား ၇ ဦး၊ မ ၃ ဦး ပေါင်း ၁၀ ဦးတို့**အား ငွေကျပ် ၁၆၄ သိန်း ၄ သောင်း၊ ရွှေလက်စွပ်မျိုးစုံ ၂၈၄ ကွင်း၊ ရွှေနားကပ်မျိုးစုံ ၈၇ ရန်၊ ရွှေဆွဲပြားမျိုးစုံ ၄၄ ပြား၊ ရွှေဟန်းချိန်း ၁၂ ခု၊ ရွှေဆွဲကြိုးမျိုးစုံ ၆၇ ကုံး၊ ရွှေလက်ကောက်မျိုးစုံ ၂၃ ကွင်း၊ ရွှေကြယ်သီး နှစ်ခု၊ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၅၄၅၀၊ အငှားယာဉ် နှစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်တွင် ထွက်ပြေးတိမ်းရှောင်လျက်ရှိသော တရားခံများကို ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ ဒီဇင်ဘာ ၃၀ ရက်တွင် သထုံမြို့အဝင် စစ်ဆေးရေးဂိတ်၌ **ကုလား(ခ) ဝင်းနိုင်ဦး** (၄၀) နှစ်ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ ညနေပိုင်းတွင် ဖြူးမြို့နယ် စိုက်တန်းခင်ကျေးရွာ၌ ၎င်း၏ဇနီးဖြစ်သူ **သင်းသင်းဝါ** (၃၆)နှစ်ကို လည်းကောင်း၊ မုတ္တမမြို့ အောင်ပင်လယ်ရပ်ကွက်၌ ၎င်း၏ညီမဖြစ်သူ **တင်တင်မိုး** (၃၃)နှစ်ကို ရွှေလက်စွပ် ၄၁ ကွင်း၊ ရွှေလက်ကောက် ၁၁ ကွင်း၊ ရွှေဟန်းချိန်း ရှစ်ခု၊ ပုလဲ/ ရွှေဟန်းချိန်း တစ်ခု၊ ကျောက်စိမ်း/ရွှေဟန်းချိန်း တစ်ခု၊ ရွှေလော့ကတ်သီး ၇၆ ခု၊ ရွှေဆွဲကြိုး ၁၉ ကုံး၊ နားကပ် တစ်ရန်၊ ငွေစက္ကူရောရာ ငွေကျပ်သိန်း ၁၇၀ တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။



၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် မုတ္တမမြို့ အောင်ပင်လယ်ရပ်ကွက်၌ တင်တင်မိုးနှင့်အတူ ဖမ်းဆီးရမိသည့် ငွေကြေးနှင့်ရွှေထည်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။


တရားခံ **ကုလား(ခ)ဝင်းနိုင်ဦး**၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၁၉ ရက်တွင် **နေဇော်၊ ဇော်လင်း၊ မှတ်ကြီး၊ ချိုဦး** တို့သည် Probox အဖြူရောင်ယာဉ်ဖြင့် ၎င်းထံ ရောက်ရှိလာပြီး အင်းစိန်ခုံးတံတားပေါ်တွင် ရွှေထည်ပစ္စည်းများ သယ်ဆောင်လာသည့် ယာဉ်တစ်စီးအား လုယက်ရန် အစီအစဉ်ရှိကြောင်းနှင့် အကျိုးအမြတ်အား ရရှိသည့် အခြေအနေအပေါ် မူတည်၍ ခွဲဝေပေးမည်ဖြစ်ကြောင်း ပြောကြားရာ သဘောတူလက်ခံခဲ့ပြီး အင်းစိန်ခုံးတံတားအလယ်သို့သွားရောက်၍ ကြိုတင်စောင့်ဆိုင်းခဲ့ကာ အင်းစိန်မြို့နယ်ဘက်မှ လှိုင်သာယာမြို့နယ်ဘက်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်ပေါ်မှ ရွှေထည်ပစ္စည်းများ လုယက်ခဲ့ကြောင်းနှင့် **နေဇော်** က ရွှေထည်ပစ္စည်းအချို့ကို ၎င်းထံ ခွဲဝေပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ **ကုလား(ခ)ဝင်းနိုင်ဦး**၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၂၀ ရက်တွင် ဇနီးဖြစ်သူ **သင်းသင်းဝါ** နှင့်အတူ မုတ္တမမြို့ရှိ ညီမဖြစ်သူ **တင်တင်မိုး** ထံ သွားရောက်တိမ်းရှောင်ခဲ့ကြောင်း၊ ခွဲဝေရရှိသော ရွှေထည်ပစ္စည်းအချို့အား ဇနီးဖြစ်သူနှင့်အတူ မော်လမြိုင်မြို့ မြိုင်ရတနာ လေးထပ်ဈေးအပေါ်ထပ်၌ သွားရောက်ရောင်းချခဲ့ရာ ၁၇၅ သိန်းခန့် ရရှိခဲ့ကြောင်းနှင့် ရရှိသော ငွေကြေး၊ ရွှေထည်ပစ္စည်းများကို ညီမဖြစ်သူ **တင်တင်မိုး** ထံ အပ်နှံထားရှိကာ ဇနီး၏ မိတ်ဆွေဖြစ်သူ နေထိုင်သည့် ကညွတ်ကွင်းမြို့သို့ သွားရောက်တိမ်းရှောင်နေထိုင်ခဲ့ကြောင်းနှင့် ညီမဖြစ်သူ **တင်တင်မိုး** ထံ အပ်နှံထားသည့် ရွှေထည်ပစ္စည်းနှင့် ငွေသားများ ယူဆောင်ရန် ထွက်ခွာလာစဉ် ဒီဇင်ဘာ ၃၀ ရက်တွင် ဖမ်းဆီးထိန်းသိမ်းခံရခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများ အမြန်ဆုံးဖမ်းဆီးရမိရေး ၎င်းတို့ပုန်းခိုရာ နေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအသိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## အင်းစိန်မြို့နယ် လှိုင်မြစ်လမ်း အင်းစိန်ခုံးကျော်တံတားပေါ်တွင် လုယက်မှုဖြစ်စဉ်မှ တရားခံများ ဖမ်းဆီးရမိမှု အခြေပြဇယား




---

*စာမျက်နှာ ၁၆ မှ*

ရည်ရွယ်ချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရပ်တန့်ကြရန် တိုက်တွန်းပါသည်။ နိုင်ငံတော်နှင့် ပြည်သူလူထု၏ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ပျက်စီးစေသည့် မည်သည့်လုပ်ရပ်မဆို ထပ်မံလုပ်ဆောင်လာပါက တပ်မတော်အနေဖြင့် လိုအပ်သော လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**







အကြမ်းဖက် သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ။

# ခေတ်မီသူတိုင်း YPS ကတ်အသုံးပြုပြီး YBS ဘတ်စ်ကား စီးနင်းကြပါသည်

## လျှန်ကျင့်မန် (ခ)ငမ်ခိုင်ပါးပါး

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) အနေဖြင့် ဘေးကင်းလုံခြုံပြီး ဝန်ဆောင်မှုကောင်းသော YBS စနစ်ဖြစ်ရေးအတွက် YBS ယာဉ်လိုင်းများတွင် စပယ်ယာ ယာဉ်နောက်လိုက်တင်ပြီး ယာဉ်စီးခ ၅၀၀ နှင့်အထက် ကောက်ခံနေမှုများ၊ စည်းကမ်းဖောက်ဖျက်မှုများကို CNG ပိတ်သိမ်းခြင်း၊ လုပ်ငန်းလိုင်စင် ယာယီရပ်ဆိုင်းခြင်း၊ ပြစ်ဒဏ်များ ချမှတ်ပြီး ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ယင်းကဲ့သို့ အရေးယူမှုများအပြင် နည်းပညာဖြင့် ထိန်းချုပ်နိုင်သော YPS ကတ်ကိုလည်း ခရီးသွားမိဘပြည်သူများ တွင်ကျယ်စွာ အသုံးပြုနိုင်ရေးကိုလည်း အဓိကအလေးထား ဆောင်ရွက်လျက်ရှိပါတယ်။

### အဆင်ပြေစေရန်အတွက်

ယခင်ကာလများက ယာဉ်စီးခကို ကတ်စနစ်ဖြင့် ပေးချေနိုင်ဖို့အတွက် YPS (Yangon Payment Service) ကို Yangon Payment Service Co., Ltd နှင့် Asia Starmar Transport Intelli-gent Co., Ltd တို့အကြား ၂၀၁၉ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် Yangon Payment Service (Build , Own, Operate, Transfer) သဘောတူစာချုပ် ချုပ်ဆိုခဲ့ပါတယ်။ ယာဉ်လိုင်းကုမ္ပဏီများဖြစ်တဲ့ YBPC ကုမ္ပဏီ၊ YUPT ကုမ္ပဏီ၊ ဗန္ဓုလကုမ္ပဏီ၊ လူထုမိတ်ဆွေကုမ္ပဏီ၊ GYCT ကုမ္ပဏီငါးခုမှ ယာဉ်လိုင်းပေါင်း ၃၆ လိုင်း ဘတ်စ်ကားစီးရေ ၁၉၀၂ စီးမှာ Bus Valiadator စက် POS စက်များ တပ်ဆင်ပြီး ခရီးသွားပြည်သူများ အဆင်ပြေစေရန်အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ယင်းသို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ခရီးသည်များရဲ့ ယာဉ်စီးခကို YPS ကတ်ဖြင့် အသုံးပြုနိုင်တဲ့ ယာဉ်အစီးရေ ၁၉၀၂ စီးအထိ အောင်မြင်ခဲ့ပါတယ်။

### နေ့စဉ်ကြုံတွေ့နေရ

ခရီးသွားပြည်သူများအကြား YPS ကတ် ရောင်းချပေးနိုင်ခဲ့မှုမှာလည်း ၆၀၀၀၀ ကျော်ရှိခဲ့ပြီး Active ဖြစ်တဲ့ ကတ် ၃၀၀၀ ကျော်ရှိနေသော အခြေအနေမှာ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါကြောင့်လည်းကောင်း၊ ဝန်ဆောင်မှုပေးနေသော Yangon Payment Service Co., Ltd ရပ်နားခဲ့မှုကြောင့်လည်းကောင်း၊ ယာဉ်စီးခများကို YPS ကတ်စနစ်ဖြင့် အသုံးပြုသွားလာမှုမှာ YBS ခရီးသွားပြည်သူများအကြား အရှိန်အဟုန်ပြတ်သွားခဲ့ရပြီး ယခင်မူလကကဲ့သို့ အပိုစပယ်ယာများ လိုက်ပါလာခြင်း၊ သတ်မှတ်နှုန်းထားများထက် ပိုမိုတောင်းခံနေခြင်း၊ စည်းကမ်းမဲ့စွာ မောင်းနှင်ခြင်း၊ လိုက်ပါလာသည့် ခရီးသည်များအပေါ်တွင်လည်း ယဉ်ကျေးပျူငှာစွာ ဆက်ဆံမှုမရှိခြင်း စသည့်အခက်အခဲများစွာက ရန်ကုန်မြို့တွင်း၌ YBS ဖြင့် သွားလာနေသော ခရီးသွားပြည်သူများမှာ နေ့စဉ် ကြုံတွေ့နေရပါတယ်။

**❒ YRTC အနေဖြင့် ခရီးသွားမိဘပြည်သူများ ခရီးသွားလာရာတွင် စပယ်ယာများနှင့် ဆက်ဆံရသောအခက်အခဲ၊ ငွေအကြွေရှာရသော အခက်အခဲ၊ ငွေစက္ကူများမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြုံတွေ့ရမည့် အခက်အခဲများမှ ကင်းဝေးပြီး စိတ်ချမ်းသာစွာဖြင့် ဘတ်စ်ကားများ နိုင်ငံတကာအဆင့်မီ စီးနင်းနိုင်ရန်အတွက် ယာဉ်စီးခပေးရာတွင် YPS ကတ်စနစ်တွင် ကျယ်ပြန့်စွာ အမြန်ဆုံးအသုံးပြုနိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမှာဖြစ်ပါတယ်**




### အမြန်ဆုံးအသုံးပြုနိုင်ရေး

ယခု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တာဝန်ပေးချက်အရ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) က Yangon Payment Service (BOT)ကို ဒုတိယခြေလှမ်းအနေဖြင့် သဘောတူစာချုပ် ချုပ်ဆိုရန် Asia Starmar Transport Intelligent Co., Ltd နှင့် YRTC တို့ ချုပ်ဆိုရန် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ YRTC အနေဖြင့် ခရီးသွားမိဘပြည်သူများ ခရီးသွားလာရာတွင် စပယ်ယာများနှင့် ဆက်ဆံရသောအခက်အခဲ၊ ငွေအကြွေရှာရသော အခက်အခဲ၊ ငွေစက္ကူများမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကြုံတွေ့ရမည့် အခက်အခဲများမှကင်းဝေးပြီး စိတ်ချမ်းသာစွာဖြင့် ဘတ်စ်ကားများ နိုင်ငံတကာအဆင့်မီ စီးနင်းနိုင်ရန်အတွက် ယာဉ်စီးခပေးရာတွင် YPS ကတ်စနစ်တွင် ကျယ်ပြန့်စွာ အမြန်ဆုံး အသုံးပြုနိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

### ညှိနှိုင်းသဘောတူဆောင်ရွက်

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) ရုံးချုပ်အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ၊ YBPC ကုမ္ပဏီ၊ Asia Starmar Transport Intelligent Co., Ltd ၊ IGE Co., Ltd ၊ Bank နှင့် YBPC ကုမ္ပဏီယာဉ်လိုင်းတွင် ယာဉ်စီးခများကို YPS ငွေချေကတ်စနစ်ဖြင့် ငွေပေးချေနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ အပတ်စဉ်တိုင်းမှာလည်း ကျန်ယာဉ်လိုင်းကုမ္ပဏီများနှင့် ကတ်စနစ်ဖြင့် ယာဉ်စီးခပေးချေနိုင်ရေး ညှိနှိုင်းသဘောတူဆောင်ရွက်မှုများကို YRTC မှ ဦးဆောင်ပြီး ကျင်းပသွားမှာ ဖြစ်ပါတယ်။

### တိုးချဲ့ဝန်ဆောင်မှုပေးနိုင်ရန်

ကတ်ဈေးနှုန်းမှာလည်း တစ်ကတ်လျှင် ငွေကျပ် ၂၀၀၀ သတ်မှတ်ထားပြီး အနည်းဆုံး ငွေကျပ် ၁၀၀၀ မှ အများဆုံး ငွေကျပ် ၃၀၀၀၀ အထိ ထည့်သွင်းနိုင်မှာဖြစ်ပါတယ်။ အထူးအစီအစဉ်အနေဖြင့် ကတ်အသုံးပြုသူများ လွယ်ကူသက်သာ စိတ်ချမ်းသာစွာ အသုံးပြုနိုင်ရန်အတွက် ကနဦးငွေကျပ် ၃၀၀၀ စတင်ဖြည့်သွင်းသည်နှင့်တစ်ပြိုင်နက် ကတ်ကိုအခမဲ့ ထုတ်ပေးသွားမှာဖြစ်ပါတယ်။ ကတ်ဖြန့်ဖြူးရောင်းချခြင်းနှင့် ငွေဖြည့်သွင်းခြင်း ဆောင်ရွက်နိုင်သော နေရာများမှာ YPS အမှတ်တံဆိပ်ရှိသော G & G ဆိုင်များ၊ ဆူးလေမြို့တော်ခန်းမရှေ့ YPS Kiost ဆိုင်၊ မြန်မာပလာဇာရှေ့မှတ်တိုင် YPS Kiost ဆိုင်၊ ယုဇနပလာဇာရှေ့မှတ်တိုင်၊ လှည်းတန်းမှတ်တိုင်၊ အင်းစိန်လမ်း၊ သခင်မြပန်းခြံ၊ တာမွေအဝိုင်းမှတ်တိုင်၊ စံပြဈေးမှတ်တိုင်၊ YPS Stores(YUPT) ၊ YPS stores(Bandola) နေရာများတွင်ရရှိနိုင်ပြီး တိုးချဲ့ဝန်ဆောင်မှုပေးနိုင်ရန်လည်း YRTC အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) အနေဖြင့် ခရီးသွားမိဘပြည်သူများကို မိမိတို့ ကျေးဇူးရှင်များအဖြစ် သတ်မှတ်ကာ ဝန်ဆောင်မှုအကောင်းဆုံးပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ခရီးသွားပြည်သူများ စိတ်ချမ်းသာစွာဖြင့် လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ရန် နိုင်ငံတကာအဆင့်မီ YPS ကတ် အသုံးပြုပြီး YBS ဘတ်စ်ကားများ စီးနင်းကြပါစို့လို့ တိုက်တွန်းနှိုးဆော် ရေးသားလိုက်ရပါတယ်။ ။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိမြို့နယ် ၁၂ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၈၉၉ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်နှင့် မိုင်းပျဉ်းမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၅၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ဒေသခံပြည်သူ ၂၀၆၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၄၃၁၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၆၂၁၀၊ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်၌ ဒေသခံပြည်သူ ၂၅၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၇၄၂၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၃၂၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၈၁၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၁-၂၀၂၂ စနေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၀** ဆရာတော်ကြီးများ၏နှစ်သစ်ကူးဩဝါဒ
**၀၈:၃၀** ၂၀၂၂ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား
**၀၉:၂၀** နဝင်္ဂဥပဒေသထသီလ
**၁၀:၃၀** ၂၀၂၂ခုနှစ် နှစ်သစ်ကူးဆုတောင်းစကား
**၁၀:၄၅** လူငယ်မျိုးဆက်သစ်အစီအစဉ်
**၁၂:၃၀** ၂၀၂၂ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား
**၁၂:၄၅** နှစ်သစ်ကူးတရားတော်
**၁၃:၃၀** MRTV National News
**၁၆:၄၅** ၂၀၂၂ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား
**၁၇:၂၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ)(အပိုင်း-၁)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လှို့ဝှက်ချက်'** (အပိုင်း-၅၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊
**၂၀:၃၀** ၂၀၂၂ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား
**၂၀:၅၀** လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ် **'ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းဖြင့် ခမ်းနားထွန်းပေါ်မြန်မာနိုင်ငံတော်'**
**၂၁:၀၀** လွတ်လပ်ရေးနေ့ဂုဏ်ပြုအငြိမ့် **'ဟားစတိုင်အငြိမ့်'**

**သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
**07:04** Weekly Review
**07:20** Buddha - Dhita (Buddhist Nuns)
**07:46** Myanmar Family Life: Myanmar Code of Dress
**08:01** Quiz Time (Ep-4)
**09:26** Global Partnership for Brighter Future: Bolivia Pavilion at Expo 2020 Dubai
**09:33** Ecotourism: Bat Cave and Chatthin Wildlife Sanctuary
**09:45** Pride of Myanmar - Bagan arts and handicrafts
**10:01** An Da Yel Kin (Htar)
**10:09** Chef Life: Ce'dric Davoine (French Chef)
**10:34** Myanmar's Traditions and Culture: Caves of Myanmar

**MRTV NRC**

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
တိမ်ပင်လယ်သို့ခြေဆန့်ခြင်း

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရှန်းကန်လှုပ်ရှားသူတို့ဘဝများ

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာတောင်တန်းဒေသ

**ချင်း (လိုင်စိုး) (၀၉:၀၀ မှ ၁၀:၀၀)**
စပျစ်ပင်စိုက်ပျိုးနည်း

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
တောင်ကြာပန်းတို့ရှိရာဆီ တစ်ခေါက်တစ်ခါအလည်ရောက်စေချင်

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ချစ်စရာ့မွန်ရိုးရာအိမ်

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
လခြမ်းမြေမှရိုးရာအလှ (အပိုင်း-၁)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
မိုင်းပုန်းဆရာတော်၏တရားတော် (အပိုင်း-၂)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ပြောင်းဖူးဟင်းရည်ပြုလုပ်နည်း

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
လချိဒ်ရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
စိတ်ဝင်စားဖွယ် ဒီးမော့ဆိုတောင်ရိုးရာဓလေ့

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၇)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ပြည်သူ့ဝန်ထမ်း'**
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

**MRTV Farmers' Channel** MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ **Education Channel** ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်စျေးများ

(၃၁-၁၂-၂၀၂၁) ညနေ ၆ နာရီအချိန်ထိစျေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 2 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 3 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| Anti–inflammatory | | | | |
| 4 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 5 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 6 | Injection– Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 7 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 8 | Injection – Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 9 | Injection Enoxaprim 40 mg | 1 Pre–Filled Syringe | 7000 | Nyi Lay Naing |
| 10 | Injection Enoxaprim 60 mg | 1 Pre–Filled Syringe | 9000 | Nyi Lay Naing |

အခြားဆေးဝါးများ၏ စျေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်

## တိမ်အနည်းငယ် ဖြစ်ထွန်း

နေပြည်တော် ဒီဇင်ဘာ ၃၁

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## ယနေ့စျေးကွက်ပေါက်စျေးများ

၃၁ - ၁၂ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် ၁၈၂၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် ၁၇၁၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် ၁၈၂၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် ၁၇၁၂၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီစျေး(ရန်ကုန်) | လက်လီစျေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၀၆/၁၃၄၅ ကျပ် | ၁၃၄၀/၁၃၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၁၅/၁၃၆၅ ကျပ် | ၁၃၆၀/၁၃၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၄၀/၁၃၆၀ ကျပ် | ၁၃၉၀/၁၄၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၉၀/၁၄၂၅ ကျပ် | ၁၄၉၅/၁၅၂၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၀ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၃ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၃၂၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၃ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၇၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၈ . ၉၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၉၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၄၀၀ | ၅၂ | ၄၃၂၁၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၇၆ | ၂၃၅၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၇၉ | ၁၅၄၀၅၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၁၉၈၆ | ၅၁၆၃၆၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# လွတ်လပ်ရေးသတိ အမြဲရှိကြစို့

မောင်ခိုင်မာ(အထက်မင်းလှ)

**၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် (မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်) တနင်္ဂနွေနေ့၊ နံနက် ၄ နာရီ မိနစ် ၂၀ တွင် အမိမြန်မာနိုင်ငံတော်သည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကြေညာခဲ့သည်ဖြစ်ရာ ယခုနှစ် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်ပါသည်။**

## လွတ်လပ်ရေးဟူသည်

လွတ်လပ်ရေးဟူသည်“တိုင်းတစ်ပါးအုပ်စိုးမှု သွေးစုပ်ခြယ်လှယ်မှုတို့ကင်းစင်၍ နိုင်ငံတော် အချုပ်အခြာအာဏာကို မိမိတို့ဘာသာ ဖန်တီးနိုင်ခွင့်ရှိခြင်း” ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် အချုပ်အခြာ အာဏာရှိခြင်း၊ မရှိခြင်းကို ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာတို့ဖြင့် တိုင်းတာနိုင်သည်။ နိုင်ငံတစ်နိုင်ငံကို အပြင်ပန်းအားဖြင့် လွတ်လပ်သည်ဟုဆိုနိုင်သော်လည်း ထိုနိုင်ငံ၏ဥပဒေပြုရေးအခန်းကဏ္ဍများတွင် အခြားနိုင်ငံတစ်နိုင်ငံ (သို့မဟုတ်) တစ်ဦးတစ်ဖွဲ့က ကြိုးကိုင်ခြယ်လှယ် အမိန့်ပေးနေပါက ထိုနိုင်ငံသည် ဥပဒေပြုရေးအာဏာ ကျိုးပေါက်နေသည်မည်၏။ အလားတူ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာတို့တွင်လည်း ကျိုးပေါက်နေတတ်ပေသည်။ ထိုသို့သောနိုင်ငံမျိုးကို အနှစ်သာရအားဖြင့် လုံးဝလွတ်လပ်သော နိုင်ငံ၊ အချုပ်အခြာအာဏာပိုင်နိုင်ငံဟု ခေါ်ဆိုနိုင်မည်မဟုတ်ပေ။

မျက်မှောက်ကာလ၌ လွတ်လပ်ရေးဆုံးရှုံးခြင်းမှာ အခြားနိုင်ငံတစ်ခုက ကိုယ့်နိုင်ငံကို စစ်သည်အင်အား အလုံးအရင်းဖြင့် လာရောက်သိမ်းပိုက်ကျွန်ပြုမှ ဆုံးရှုံးသည်မဟုတ်ပေ။ အင်အားကြီးနိုင်ငံအချို့၏ ကယ်တင်ရှင်ပုံသဏ္ဌာန်ဖြင့် ဩဇာထူထောင် လွှမ်းမိုးချုပ်ကိုင်မှု၊ ကန့်သတ်တားဆီးမှု၊ တွန်းအား၊ ဖိအားပေးမှု၊ ရုပ်သေးအစိုးရတစ်ရပ် (သို့မဟုတ်) ၎င်းဩဇာခံပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အများကို နိုင်ငံတော်အဆင့်တွင် ထည့်သွင်းမြှုပ်နှံထားနိုင်မှု စသည်တို့ကြောင့်လည်း လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးနေတတ်ပါသည်။ ဤနည်းလမ်းက စစ်ရေးနည်းလမ်းထက် ထိရောက်သည်ဟု ဆိုကြသည်ကို မမေ့သင့်ပါ။

## ခေမဋ္ဌိတာဇနပဒါ

လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးသည်ခေါင်းနှင့်ပန်းပမာအညမညဖြစ်သည်။ အကျိုးပြုနေကြခြင်းဖြစ်၏။ လွတ်လပ်သောနိုင်ငံဟုဆိုသော်ငြား၊ မငြိမ်းချမ်းသောဒေသရှိနေပါလျှင် ထိုဒေသသည် လွတ်လပ်ရေးအရသာကို တင်းပြည့်ကျပ်ပြည့် ခံစားရမည်မဟုတ်ပေ။ “ကူဋဒန္တသုတ်တော်” တွင် “ခေမဋ္ဌိတာဇနပဒါ” (ဒေသအားလုံး ငြိမ်းချမ်းရေးအခိုင်အမာရရှိထားခြင်း)ဟူသည့်အချက်ကို ဖော်ပြထားသည်နှင့်အညီ နိုင်ငံအဝန်း ငြိမ်းချမ်းမှသာလျှင် လွတ်လပ်ငြိမ်းချမ်းသော နိုင်ငံတော်ဖြစ်ပေမည်။

မြန်မာနိုင်ငံတွင် ထာဝရငြိမ်းချမ်းရေးကို ခေတ်အဆက်ဆက်အစိုးရများက ကြိုးပမ်းခဲ့ကြသော်လည်း တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခအပါအဝင် အကြောင်းကြောင်းကြောင့် ငြိမ်းချမ်းရေးခရီးသည် နီးမလိုနှင့် ဝေးနေဆဲဖြစ်၏။ ယခုအခါနိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ထာဝရငြိမ်းချမ်းရေးကိုတည်ဆောက်ရန် စီမံစိုင်းပြင်းနေကြောင်း တွေ့မြင်ကြားသိနေရပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ် အနက် အမှတ်စဉ်(၄)တွင် “တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်”ဟု အတိအလင်း ဖော်ပြထားပါသည်။ ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် ၉ ရပ်တွင် “တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး”ဟူသောအချက်ကို သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။

တစ်ဆက်တည်းဖော်ပြလိုသည်မှာ – အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၁၅–၁၀–၂၀၂၁) ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း(၆) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပေးပို့သည့် သဝဏ်လွှာ၌ “မိမိတို့အစိုးရသည် ထာဝရငြိမ်းချမ်းရေးအတွက် (NCA) စာချုပ်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တွေ့ဆုံဆွေးနွေးရေးအတွက် အမြဲတံခါးဖွင့်ထားသည်ကို အတိအလင်းကြေညာပြီးဖြစ်ကြောင်း”နှင့် “ နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ မထိခိုက်စေရန် သဘောထားကြီးစွာဖြင့် တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည်လည်း အကြမ်းဖက်လုပ်ရပ်များ၊ ပြည်တွင်းပြည်ပ ပယောဂများ၊ မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် (NCA)ငြိမ်းချမ်းရေးလမ်းကြောင်းမှ သွေဖည်မသွားစေရန် အထူးသတိပြုကြစေလိုပါသည်။” ဟူ၍ ထည့်သွင်းပြောကြားခဲ့ပါသည်။ ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆)နှစ်မြောက် နှစ်ပတ်လည်နေ့၌ မိန့်ခွန်းတစ်ရပ်ပြောကြားရာတွင် “သဘာဝသယံဇာတများ ပေါကြွယ်ဝတဲ့ မိမိတို့နိုင်ငံအနေနဲ့ ငြိမ်းချမ်းရေးအမြန်ရရှိလေ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လေဖြစ်မှာဖြစ်ပါတယ်…”ဟု ပြောကြားခဲ့သည်မှာ မှတ်သားလိုက်နာဖွယ်ရာ ဖြစ်ပါသည်။

> **“ကျွန်ုပ်တို့အမြတ်တနိုးတန်ဖိုးထားသည့် လွတ်လပ်ရေးဟူသည် သတိမထားမိလျှင် မျက်စိတစ်မှိတ် လျှပ်တပြက်အတွင်း အလွယ်တကူ ဆုံးရှုံးသွားတတ်သော်လည်း လွတ်လပ်ရေးပြန်လည်ရရှိရန် ကြိုးပမ်းသည့်အခါတွင်မူ ဘဝပေါင်းများစွာ အသက်ပေါင်းများစွာကို စတေးရပါသည်။ ရင်းနှီးရပါသည်။ အလွယ်တကူပြန်မရတတ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လွတ်လပ်ရေးသတိ အမြဲရှိကြဖို့ လိုအပ်”**

ကျွန်ုပ်တို့တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ထာဝရငြိမ်းချမ်းရေးအတွက် ကျရာတာဝန်ကို ထမ်းဆောင်ကြရန်အခြေအနေက တောင်းဆိုနေပြီဖြစ်ပါသည်။

## သမဂ္ဂါနံတပေါသုခေါ

လွတ်လပ်ရေးနှင့် စည်းလုံးညီညွတ်ရေးသည် ဒွန်တွဲလျက်ရှိသည်။ မြန်မာတို့၏ ကံဇာတာကိုကြည့်လျှင် တစ်မျိုးသားလုံးစည်းလုံးညီညွတ်ချိန်သည် မြန်မာတို့၏ ကံဇာတာတက်ချိန်ဖြစ်သည်။ အတိတ်သမိုင်းကိုပြန်ပြောင်းကြည့်လျှင် မြန်မာ့ရှေးဦးကာလက မြို့ပြနိုင်ငံငယ်လေးများအသွင်ဖြင့် အကွဲကွဲအပြားပြားရှိရာမှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုတည်ဆောက်နိုင်သော မင်းကောင်းမင်းမြတ်များလက်ထက်တွင် ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်ဟူ၍တည်ထောင်နိုင်ခဲ့ပါသည်။ သို့သော် ကုန်းဘောင်ခေတ်မင်းဆက်(၁၁)ဆက် ကာလတွင် နိုင်ငံကို သုံးပိုင်းပိုင်းကာ သုံးကြိမ်သုံးခါ ကျွန်ပြုခြင်းကို ခံခဲ့ရပါသည်။ အင်္ဂလိပ်–မြန်မာ ပထမကျူးကျော်စစ်ဖြစ်ခဲ့သည့်၁၈၂၄ ခုနှစ်မှ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်အထိ စုစုပေါင်းကျွန်သက် ၁၂၄ နှစ်တာ ကျွန်သက်ရှည်ကာလအတွင်း နယ်ချဲ့တို့က သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုလည်း အားနည်းခဲ့ရသည်။ သို့သော် ခေါင်းဆောင်အသီးသီး၏ အမြော်အမြင်ရှိရှိ စည်းရုံးမှုကြောင့် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးသည် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံသော စည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်ရေးအောင်ပန်းကိုပြန်လည်ဆွတ်ခူးနိုင်ခဲ့ပေသည်။

ဖော်ပြပါအတိတ်သမိုင်းက “လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အဓိကအကျဆုံးအချက်သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းပကား ဖြစ်ကြောင်း” မီးမောင်းထိုးပြနေပါသည်။ အမှန်တကယ်အားဖြင့် စည်းလုံးညီညွတ်မှုသည် အောင်မြင်ခြင်း၏ အခြေခံအကြောင်းတရားဖြစ်သောကြောင့် ရရှိပြီးသော လွတ်လပ်ရေးအစွန့်ရှည်တည်တံ့စေရေးမှာလည်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကသာ အခရာမဟုတ်ပါလား။

“သမဂ္ဂါနံတပေါသုခေါ” (စည်းလုံးညီညွတ်ခြင်းသည် ချမ်းသာခြင်းကို ယူဆောင်လာတတ်၏) ဟူသည့် စကားနှင့်အညီ ကျွန်ုပ်တို့ တိုင်းရင်းသားလူမျိုးများအားလုံးအကြား ရေပက်မဝင်သည့် စည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်ကြရပေမည်။ ထိုသို့ တည်ဆောက်ရန်မှာလည်း “တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏ ရေသောက်မြစ်”သည် ပြည်တွင်းမှာသာ တည်ရှိသဖြင့် ပြည်တွင်းအင်အားဖြင့်ပင် ရယူတည်ဆောက်အပ်ပေသည်။ သို့မှလည်း(ကဗျာဆရာကြီး “နှောင်” ၏ ကဗျာစာသားဖြင့် ဖော်ပြရလျှင်) “သွေးနှင့် ချွေးနှင့် အဆင့်ဆင့်ဆက်၊ အသက်သက်များ၊ စတေးထား၍၊ ဘိုးဘွားပေးဝေ၊ ချစ်အမွေ” ဖြစ်သည့် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အား ကျွန်ုပ်တို့ နှောင်းလူများက ကမ္ဘာတည်သရွေ့ ထိန်းသိမ်းစောင့်ရှောက်နိုင်ပေလိမ့်မည်။

## ဇာတိမာန်ဇာတိသွေး

ကျွန်ုပ်တို့သည် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ထာဝရငြိမ်းချမ်းရေး စသည့် … စသည့်တို့အတွက် စည်းလုံးညီညွတ်ကြရန် လိုအပ်သည်ဟုဆိုကြငြား၊ ဇာတိမာန် ဇာတိသွေး အားနည်းနေကြပါလျှင် သကြံန်အမြောက်ပမာသာဖြစ်နေပေလိမ့်မည်။ ဤနေရာတွင် ဇာတိမာန်၊ ဇာတိသွေးနှင့် ပတ်သက်၍ တင်ပြလိုပါသည်။

မိမိတို့မြန်မာလူမျိုးများသည် ဇာတိပျက်သော၊ ယဉ်ကျေးမှုမဲ့သော ကြံုရာကျပန်းလူမျိုးများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော နိုင်ငံမဟုတ်၊ ယဉ်ကျေးမှုအစဉ်အလာ၊ ဘာသာတရား ကြီးမားစွာဖြင့် နှစ်ပေါင်းရှည်ကြာ တည်တံ့လာသောနိုင်ငံဖြစ်သည်ဟု စိတ်နေမြင့်မားခြင်းသည် ဇာတိမာန်ဖြစ်သည်ဟု ဆိုချင်ပါသည်။ အမျိုးအနွယ်အားဖြင့် သန့်စင်မွန်မြတ်ခြင်း၊ စိတ်နေမြင့်မားခြင်း၊ ဂုဏ်ယူခြင်း စသည်တို့ကို ဆိုလိုရင်းဖြစ်ပြီး မိမိအမျိုးမှ အမျိုးဟူသည့် အစွန်းရောက်စိတ်ဓာတ်အစွဲကို မဆိုလိုပါ။ တစ်နည်းအားဖြင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကို ဆိုလိုပါသည်။ ထို့ကြောင့် ဇာတိမာန်တွင် အမျိုးဂုဏ်မြင့်မားခြင်း၊ မျိုးချစ်စိတ်ဓာတ် ထက်သန်ခြင်း၊ လွတ်လပ်ရေးကိုမြတ်နိုးခြင်း၊ နိုင်ငံနှင့်လူမျိုးကိုချစ်မြတ်နိုးခြင်း၊ အဖျက်ရန်ကို စုပေါင်းတွန်းလှန်ကာကွယ်ခြင်းဟူသည့် ဂုဏ်ဒြပ်များ ပါဝင်နေပါသည်။

“ဇာတိသွေး” ဟူသည်မှာ “ တိုင်းပြည်နှင့် လူမျိုးအတွက် အသက်စွန့်ကြိုးပမ်း တတ်သောသတ္တိ” ဖြစ်ပါသည်။ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲတစ်လျှောက်ကိုကြည့်လျှင် တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် တိုင်းပြည်တွင် ရန်စွယ်အန္တရာယ်နှင့် ကြုံလာလျှင် အသက်စွန့်ကာကွယ် တတ်ကြသည်။ ကာကွယ်ရဲသော သတ္တိလည်းရှိကြကြောင်း တွေ့ရသည်။ ဤသည်ပင်လျှင် နိုင်ငံချစ်သည့်သတ္တိသွေး “ဇာတိသွေး”ဖြစ်ပေသည်။

ယနေ့မြန်မာနိုင်ငံသည် ကိုဗစ်– ၁၉ တည်းဟူသော ကမ္ဘာ့ကပ်ရောဂါကြောင့် ခံစားနေရသည့် စီးပွားရေး နောက်ကျမှုများ၊ အကြမ်းဖက်အန္တရာယ်များ၊ လက်နက်ကိုင်ပဋိပက္ခများ၊ ပြည်ပနိုင်ငံကြီးအချို့၏ ပယောဂများစသည်တို့ကို ရင်ဆိုင်ကြုံတွေ့နေရသည့် ကာလဖြစ်ပါသည်။ အခြားတစ်ဖက်တွင်လည်း ကမ္ဘာ့သစ်အစီအစဉ်နှင့် ကမ္ဘာ့ပါဝါမျှခြေ အပြောင်းအလဲ၊ အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှု၊ အကျိုးစီးပွား ထိပ်တိုက်တွေ့မှုများကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများကိုလည်း အထိုက်အလျောက် ခံစားနေရသည့် ခံစားရမည့် ကာလဖြစ်ပါသည်။ ဤအခြေအနေများကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ရင်ဆိုင်ကျော်လွှားရမည်ဖြစ်ပါသည်။ ဤသည်ကပင်လျှင် လွတ်လပ်ရေးကို ထိန်းသိမ်းခြင်းမည်ပါသည်။

## လွတ်လပ်ရေးသတိအမြဲရှိကြစို့

ကျွန်ုပ်တို့နှောင်းလူများသည် လွတ်လပ်ရေးတိုက်ပွဲအကြောင်းကို ကြားဖူးရုံသာ ရှိပေမည်။ သူ့ကျွန်ဘဝ၏ခါးသီးနာကြည်းဖွယ်ရာ အနိဋ္ဌာရုံများကိုလည်း သိရှိနိုင်မည် မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့သည် လွတ်လပ်ရေးကို မြတ်နိုးသောစိတ်ဖြင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲအောင် အခက်အခဲအမျိုးမျိုးကြားမှ နှစ်ပေါင်းများစွာ လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့ကြသည်မှာ စိန်ရတုတိုင်တော့မည်ဖြစ်ပါသည်။

အမှန်တကယ်အားဖြင့် ကျွန်ုပ်တို့အမြတ်တနိုးတန်ဖိုးထားသည့် လွတ်လပ်ရေးဟူသည် သတိမထားမိလျှင် မျက်စိတစ်မှိတ် လျှပ်တပြက်အတွင်း အလွယ်တကူဆုံးရှုံးသွားတတ်သော်လည်း လွတ်လပ်ရေးပြန်လည်ရရှိရန် ကြိုးပမ်းသည့်အခါတွင်မူ ဘဝပေါင်းများစွာ အသက်ပေါင်းများစွာကို စတေးရပါသည်။ ရင်းနှီးရပါသည်။ အလွယ်တကူ ပြန်မရတတ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးက အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လွတ်လပ်ရေးသတိအမြဲရှိကြဖို့လိုအပ်ပါကြောင်း(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယဝယ် တိုက်တွန်းတင်ပြလိုက်ရပေသည်။ ။

# ရန်ကုန်မြို့လယ် ရေကြီးရေလျှံမှုလျော့ချရေး ရေစုကန်တည်ဆောက်မှုပြီးစီးလုနီး

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန(ရေစီးရေလာစီမံခန့်ခွဲမှု)က ရန်ကုန်မြို့၏ ပထမဆုံး ရေဂါလန် တစ်သိန်းဆံ့ ရေစုကန် (RC Ground Tank)ကို မြို့တော်ခန်းမရှေ့၌ တည်ဆောက်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

"ရေစုကန် တည်ဆောက်ရေးစီမံကိန်းကို ဇန်နဝါရီ ဒုတိယပတ်အတွင်း တည်ဆောက်ပြီးစီးရန် လျာထားပါတယ်။ အဓိကကတော့ ဆူးလေဘုရားလမ်းတစ်ဝိုက်နဲ့ မဟာဗန္ဓုလလမ်းတစ်လျှောက်အပါအဝင် မြို့တော်ခန်းမဝန်းကျင်မှာ မိုးတွင်းကာလ နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေတာမို့ မိုးတွင်းကာလ ရေကြီးရေလျှံဖြစ်ပေါ်တာကို ဒီရေစုကန်မှာစုပြီး မိုးတိတ်သွားတဲ့အချိန်မှာ ပန့်နဲ့စုပ်ထုတ်ဖို့အတွက် တည်ဆောက်နေတာဖြစ်ပါတယ်။ အချိန်ကြာမိုးရွာသွန်းနေရင်လည်း ပန့်နဲ့စုပ်ထုတ်မှာဖြစ်သလို မြောင်းကျော်လာတဲ့ရေတွေကိုပါ ပန့်နဲ့စုပ်ထုတ်မှာဖြစ်ပါတယ်။ ဒါ ရန်ကုန်မြို့မှာ ပထမဦးဆုံးဆောက်လုပ်တဲ့ မိုးရေကိုစုမယ့်ကန်ဖြစ်ပြီး မိုးကြီးတာနဲ့ လမ်းပေါ်ရေတင်မှုအတွက် ပထမဦးဆုံး တည်ဆောက်လိုက်တဲ့ မိုးရေစုကန်လည်းဖြစ်ပါတယ်။ ဒီမိုးရေစုကန် တည်ဆောက်ပြီးစီးသွားပြီဆိုရင်တော့ နှစ်စဉ် မိုးတွင်းကာလမှာ ပြည်သူတွေကြုံတွေ့နေကြရတဲ့ရေကြီးရေလျှံဖြစ်ပေါ်မှု မရှိတော့ဘဲ မြို့ထဲပတ်ဝန်းကျင် ဖြတ်သန်းသွားလာနေကြတဲ့ ပြည်သူတွေအနေနဲ့ အေးချမ်းသာစွာ ဖြတ်သန်းသွားလာနိုင်ကြတော့မှာဖြစ်ပါတယ်"ဟု အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)မှ ဦးစီးအရာရှိဒေါ်မိုးမိုးအေးက ပြောသည်။



အဆိုပါ ရေဂါလန်တစ်သိန်း ဝင်ဆံ့မည့် ရေစုကန်သည် အလျား ပေ ၇၀ ၊ အနံ ၃၃ ပေ နှင့် အနက် ခုနစ်ပေရှိသည်။ ရေစုကန် တည်ဆောက်ပြီးစီးပါက ဆူးလေဘုရားလမ်းတစ်ဝိုက်နှင့် မဟာဗန္ဓုလလမ်းတစ်လျှောက် အပါအဝင် မြို့တော်ခန်းမဝန်းကျင်၌ နှစ်စဉ် မိုးတွင်းကာလတွင်ဖြစ်ပေါ်သော ရေကြီးရေလျှံမှုများ ပပျောက်သွားမည်ဖြစ်ပြီး ရေစီးရေလာ ကောင်းမွန်စေမည်ဖြစ်ကြောင်း၊ ရေစုကန်တည်ဆောက်ရေးစီမံကိန်းကို နိုဝင်ဘာ ၂၁ ရက်ကလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ တည်ဆောက်ရေးလုပ်ငန်း ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မိုးရာသီကာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းချိန်နှင့် မြစ်ရေတက်ချိန်တိုက်ဆိုင်ပါက ရန်ကုန်မြို့လယ်တွင် ယာယီရေကြီးရေလျှံမှု ဖြစ်ပေါ်လေ့ရှိသဖြင့် မိုးရေများကို ယာယီသိုလှောင်နိုင်ရန် တည်ဆောက်နေခြင်းလည်းဖြစ်ရာ လမ်းပေါ်မှရေများကို ရေစုကန်အတွင်း နည်းလမ်းအဖုံဖုံဖြင့်စီးဝင်စေ၍ ယာယီ ရေစုသိုလှောင်ပြီး မဟာဗန္ဓုလလမ်းရှိ ယခင် မြေအောက်ရေမြောင်းမှတစ်ဆင့် မဟာဗန္ဓုလပန်းခြံအတွင်းရှိ အနက် ငါးပေ ရေမြောင်းထဲသို့ စီးဆင်းစေမည်ဖြစ်ကာ ဆူးလေဘုရားလမ်းမြစ်ထွက်ပေါက်မှတစ်ဆင့် ရန်ကုန်မြစ်အတွင်းသို့ ရေများစီးထွက်နိုင်ရန် တည်ဆောက်နေခြင်း ဖြစ်ကြောင်း သိရသည်။

**အာကာစိုး၊ ခတ်ပုံတင်စိုး**

## လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဆင်း



**ကျောင်းကုန်း ဒီဇင်ဘာ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၉)စက်မှုလယ်ယာစခန်း၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၃၁ ရက်က ကျင်းပသည်။

ကျောင်းကုန်းမြို့နယ်ရှိ တောင်သူများအနေဖြင့် လယ်ယာကဏ္ဍတွင် စက်ကိရိယာများ ပိုမိုသုံးစွဲလာစေရန် လက်တွန်းထွန်စက်၊ ထွန်စက်ကြီး၊ ကောက်စိုက်စက်၊ စပါးရိတ်သိမ်းခြွေလှေ့စက်များ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်ရာတွင် စနစ်တကျမောင်းနှင်ထိန်းသိမ်းတတ်စေရန်၊ စက်ကိရိယာများ ကြံ့ခိုင်မှုအတွက် စနစ်တကျဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ သင်တန်းသား ၃၀ အား ၁၂ ရက်ကြာသင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်းပွဲတွင် မြို့နယ်ဦးစီးမှူး ဦးမင်းဇော်က သင်တန်းသားများအနေဖြင့် ဆက်လက်လေ့လာဆည်းပူးကြရန် တိုက်တွန်းပြောကြား၍ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု သင်တန်းကို ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းနှင့်အညီ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ယခုတက်ရောက်လာသော သင်တန်းသားများက မိမိသင်ကြားတတ်မြောက်မှုကို မိမိတို့ပတ်ဝန်းကျင်ကျေးရွာရှိ တောင်သူများအား တစ်ဆင့်ပြန်လည်သင်ကြားပေးခြင်းဖြင့် စက်ကိရိယာများ ပျက်စီးမှုနည်းခြင်း၊ ရာသီချိန်တွင် စက်စွမ်းအား အပြည့် ဆောင်ရွက်နိုင်ခြင်းစသည့် လက်ငင်းအကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာ၌ ကေ ၆၀၀ ကျော် အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်

**မော်လမြိုင် ဒီဇင်ဘာ ၃၁**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့လွယ်ကူလျင်မြန်စွာပို့ဆောင်နိုင်စေရန် ရည်ရွယ်၍ ရိုးဂိုးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်နွယ်ဦး၊ မော်လမြိုင်မြို့ နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးမင်းမင်းစိုးနှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာကော်မတီဝင်များနှင့်အတူ ရိုးဂိုးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း ၇ ဒသမ ၇၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မထု မြေသား၊ ဂဝံခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၁-၂၀၂၂ခု ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက်ခွင့်ပြုရန်ပုံငွေကျပ် ၉၈ ဒသမ ၄၀၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရိုးဂိုးကျေးရွာကုန်ထုတ်လမ်းသည် အဆိုပါကျေးရွာရှိ အိမ်ခြေ ၃၁၈ အိမ်၊ လူဦးရေ ၁၅၂၈ ဦးတို့၏ လယ်ယာထုတ်ကုန်ကေ ၆၀၀ ကျော် အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းမင်းစိုးက ပြောသည်။




**စိုးမိုးကျော်**

## မန္တလေး၌ ဒီဇင်ဘာအားကစားလ တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၃၁**

ဒီဇင်ဘာအားကစားလ တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို မန္တလေး ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပပြီး တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန်ဦးကျော်ဆန်း၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေး၊ လူမှု ရေးရာဝန်ကြီးဦးယဉ်ထွေး၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်၊ တိုင်းအားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးစောနေမင်းထွန်း၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အား/ကာသိပ္ပံကျောင်းသူကျောင်းသားများ၊ ပြည်သူများက သတ်မှတ်စုရပ်ဖြစ်သည့် ၇၃ လမ်း မန္တလာသီရိဂိတ်ပေါက်မှ အားကစားကွင်းအပြင် လျှောက်လမ်းအတိုင်း ကွင်းတစ်ပတ် စုပေါင်းလမ်းလျှောက်ကာ အားကစားကွင်းအတွင်း၌ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့သည်။

**တင်မောင်(မန်း)**



ယခုတစ်ပတ် ပရီမီယာလိဂ်ပွဲစဉ် (၂၁) မှာ အမှတ်ပေးဇယား အဆင့် ၂ နဲ့ ၃ နေရာမှာ ရပ်တည်နေတဲ့ ချယ်ဆီးနဲ့ လီဗာပူးအသင်းတို့ ဆုံတွေ့နေတဲ့ ပွဲစဉ်အပါအဝင် တန်းဆင်းဇုန်မှ ဘန်လေက လိဒ်စ်၊ ပြိုင်ပွဲစုံ သုံးပွဲဆက်ရှုံးနိမ့်ထားတဲ့ ဘရန့်ဖို့ဒ်က အက်စ်တွန်ဗီလာအသင်းနဲ့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းပါတယ်။

## အမှတ်ပေးဇယားရပ်တည်မှုအရ ပြိုင်ဆိုင်မှုပြင်းထန်လာဦးမည့် ချယ်ဆီးနှင့် လီဗာပူး

### ချယ်ဆီး VS လီဗာပူး

**နောက်ဆုံးအကြိမ်တွေ့ဆုံမှု လီဗာပူး ၁ - ၁ ချယ်ဆီး ပရီမီယာလိဂ်**

လီဗာပူးအသင်းအနေနဲ့ ပြီးခဲ့တဲ့ပွဲစဉ်မှာ လက်စတာအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် ယခုပွဲစဉ်ကို အနိုင်ရရှိရေး အားစိုက်ကစားလာမှာပါ။ ချယ်ဆီးအသင်းကလည်း ဦးဆောင်သူ မန်စီးတီးအသင်းကို ထက်ကြပ်မကွာဖိအားပေးနိုင်ဖို့ သုံးမှတ်အပြည့်ရရှိရေး ဦးတည်လာမှာပါ။ နှစ်သင်းကြား ရမှတ်ကွာဟမှုကလည်း တစ်မှတ်သာ ရှိတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာပါ။ လီဗာပူးအသင်းက ယခုနှစ်ရာသီမှာ အိမ်ကွင်း၊ အဝေးကွင်းစွမ်းဆောင်ရည် တည်ငြိမ်နေတာကို တွေ့ရတယ်။ ယခုပွဲစဉ်ပြီးရင် ချယ်ဆီးအသင်းရော လီဗာပူးအသင်းပါ ကာရာဘောင်ဖလားဆီမီးဖိုင်နယ်ကစားရမှာဖြစ်တာကြောင့် အဓိက ကစားသမားအများစု အသုံးပြုကာ ပွဲထွက်လာမလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေ ပြီးခဲ့တဲ့ပွဲစဉ်က ရှုံးနိမ့်မှုကို ယခုပွဲစဉ်မှာ ချေဖျက်ဖို့ကြိုးစားလာမယ့် လီဗာပူးကို ချယ်ဆီးအသင်း ဟန့်တားနိုင်ဖို့ခက်မယ်။

■ 02-01-2022 | Game Week 21 | KO 23:00

**ချယ်ဆီး၏ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| ချယ်ဆီး | ၁ - ၁ | အဲဗာတန် |
| ဝုဖ် | ၀ - ၀ | ချယ်ဆီး |
| ဘရန့်ဖို့ဒ် | ၀ - ၂ | ချယ်ဆီး |
| ဗီလာ | ၁ - ၃ | ချယ်ဆီး |
| ချယ်ဆီး | ၁ - ၁ | ဘရိုက်တန် |

**လီဗာပူး၏ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| လီဗာပူး | ၁ - ၀ | ဗီလာ |
| လီဗာပူး | ၃ - ၁ | ကာဆယ် |
| စပါး | ၂ - ၂ | လီဗာပူး |
| လီဗာပူး | ၃ - ၃ | လက်စတာ |
| လက်စတာ | ၁ - ၀ | လီဗာပူး |

### လိဒ်စ် VS ဘန်လေ

လိဒ်စ်အသင်းအနေနဲ့ နောက်ဆုံးသုံးပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ရတာကြောင့် ယခုပွဲစဉ်ကို နိုင်ပွဲရရှိအောင် အသေအချာပြင်ဆင်လာမှာပါ။ ဘန်လေအသင်းကလည်း တန်းဆင်းဇုန်က လွတ်မြောက်ဖို့ ကြိုးစားလာမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာဖွယ်ရှိပါတယ်။ ဘယ်အသင်းက အနိုင်ရရှိသွားမလဲ စိတ်ဝင်စားဖွယ်ရာပင်။

### ဘရန့်ဖို့ဒ် VS ဗီလာ

သုံးပွဲဆက်ရှုံးနိမ့်ထားတာကြောင့် ယခုပွဲစဉ်မှာ အနိုင်ရရှိဖို့ ကြိုးစားလာမယ့် ဘရန့်ဖို့ဒ်အသင်းကို ဗီလာအသင်း အနိုင်ရရှိဖို့ ခက်ပါလိမ့်မယ်။ နှစ်သင်းစလုံး ပြီးခဲ့တဲ့ပွဲစဉ်မှာ ရှုံးနိမ့်ထားတဲ့အတွက် ယခုပွဲစဉ်မှာ ရလဒ်ကောင်းရရှိဖို့ကြိုးစားလာမှာ ဖြစ်တာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်သွားမလဲ စောင့်ကြည့်ရမှာပါ။

**ပရီမီယာလိဂ်ပွဲစဉ် (၂၁)**

| | |
|---|---|
| ၁-၁-၂၀၂၂ | စနေနေ့ |
| အာဆင်နယ် - မန်စီးတီး | ည ၇:၀၀ |
| ဝက်ဖို့ဒ် - စပါး | ည ၉:၃၀ |
| ပဲလေ့စ် - ဝက်စ်ဟမ်း | နံနက် ၀၀:၀၀ |
| ၂-၁-၂၀၂၂ | တနင်္ဂနွေနေ့ |
| ဘရန့်ဖို့ဒ် - ဗီလာ | ည ၈:၃၀ |
| အဲဗာတန် - ဘရိုက်တန် | ည ၈:၃၀ |
| လိဒ်စ် - ဘန်လေ | ည ၈:၃၀ |
| ဆောက်သမ်တန်-ကာဆယ် | ည ၈:၃၀ |
| ချယ်ဆီး - လီဗာပူး | ည ၁၁:၀၀ |

■ မိုးဇက် - စုစည်းသည်

## နောက်ဆုံးရအားကစားသတင်းတိုများ

- လီဗာပူးနှင့် နယူးကာဆယ်အသင်းတို့သည် အိုလံပီယာကော့စ် အသင်းမှ တိုက်စစ်ကစားသမား ကာမာရာ (၂၀နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ဘတ်ဆီးတပ်စ်အသင်းသည် အဲဗာတန်အသင်းမှ တူရကီတိုက်စစ်ကစားသမား ဆန့်တိုဆန်ကို ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိနေသည်။
- နာပိုလီအသင်းသည် မန်ယူအသင်းမှ အက်စ်တွန်ဗီလာအသင်းသို့ အငှားချထားသည့် ခံစစ်ကစားသမား တွန်ဇီဘီကို ခေါ်ယူလိုနေသည်။
- နယူးကာဆယ်အသင်းသည် လာမည့်သီတင်းပတ်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ထရစ်ပီယာကို အပြီးသတ်ခေါ်ယူနိုင်လိမ့်မှ ယုံကြည်နေသည်။
- ဂျူဗင်တပ်စ်အသင်းသည် အာဆင်နယ်၊ စပါးနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသည့် ဆွီဒင်တောင်ပံကစားသမား ကလူဆက်စကီး (၂၁နှစ်) ကို ဇန်နဝါရီတွင် ရောင်းချသွားဖွယ်ရှိသည်။

## ဇန်နဝါရီမှာ အသင်းပြောင်းရွှေ့ဖွယ်ရှိတဲ့ နာမည်ကြီး ကစားသမားများ

### အူဘာမီယန် (အာဆင်နယ်)



အူဘာမီယန်ဟာ ကလပ်အသင်းက ချမှတ်ထားတဲ့ စည်းမျဉ်းချိုးဖောက်သည်ဟုဆိုကာ အသင်းခေါင်းဆောင်ရာထူးမှ ဖယ်ရှားခံထားရပြီး ဒီဇင်ဘာ ၇ ရက် နောက်ပိုင်း အာဆင်နယ်အသင်းရဲ့ပွဲစဉ်တွေကို လွဲချော်ထားပါတယ်။ အူဘာမီယန်မပါတဲ့ အာဆင်နယ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်ငါးပွဲမှာ တိုက်စစ်ခြေစွမ်းပြကာ ငါးပွဲစလုံး ဂိုးပြတ်အနိုင်ရရှိထားတာ တွေ့ရတယ်။ ဒါကြောင့် အူဘာမီယန်အနေနဲ့ ပုံမှန်ပွဲထွက်ခွင့်ရရှိရန်အလို့ငှာ အမ်းမရိတ်မှ ထွက်ခွာပြီး အသင်းသစ်ရှာဖွေသင့်ကြောင်း အားကစားကျွမ်းကျင်သူတွေက သုံးသပ်ထားပါတယ်။ အူဘာမီယန်ရဲ့ ထက်မြက်တဲ့ ဂိုးသွင်းစွမ်းဆောင်ရည်ကြောင့် နာမည်ကြီး ဘာစီလိုနာအသင်းအပါအဝင် ကလပ်အသင်းအများအပြားက ခေါ်ယူဖို့ စိတ်ဝင်စားနေပါတယ်။ အူဘာမီယန်ကိုယ်တိုင်က အမ်းမရိတ်မှာ ပုံမှန်ပွဲထွက်ခွင့်ရဖို့ ကြိုးစားမှာမဟုတ်ဘူးလို့ ပြောကြားထားတဲ့အတွက် ဇန်နဝါရီအပြောင်းအရွှေ့မှာ အသင်းပြောင်းရွှေ့သွားမလား စောင့်ကြည့်ရမှာပါ။

### ကော်တင်ဟို (ဘာစီလိုနာ)



ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးနေတဲ့ ကော်တင်ဟိုဟာ ဒီရာသီမှာ ဘာစီလိုနာအသင်းအတွက် ၄၉၉ မိနစ်ပဲ ကစားထားရပါသေးတယ်။ နာမည်ကြီး ကစားသမားတစ်ယောက်အနေနဲ့ အဆိုပါ မိနစ်ဟာ အလွန်နည်းပါးတဲ့ အရေအတွက်လို့ ဆိုနိုင်ပါတယ်။ ဒ့ါအပြင် ကော်တင်ဟိုကို ဒီရာသီမှာ ပွဲထွက်ခွင့်နည်းပါးနိုင်တယ်လို့ နည်းပြ ဇာဗီက သတိပေးပြောကြားထားတဲ့အတွက် ဇန်နဝါရီမှာ အသင်းပြောင်းရွှေ့သွားမလား စိတ်ဝင်စားဖွယ်ရာပါ။ ကော်တင်ဟိုကို အင်္ဂလန်ပရီမီယာလိဂ်ကလပ်တွေဖြစ်တဲ့ အာဆင်နယ်၊ အဲဗာတန်၊ စပါးနဲ့ နယူးကာဆယ်အသင်းတို့က ခေါ်ယူဖို့ စိတ်ဝင်စားနေပါတယ်။ ဒါကြောင့် ကော်တင်ဟိုဟိုအနေနဲ့ ဇန်နဝါရီအပြောင်းအရွှေ့မှာ ပရီမီယာလိဂ်ကို တစ်ကျော့ပြန်ပြောင်းရွှေ့လာမလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။

### မာရှယ် (မန်ယူ)



မန်ယူအသင်းဟာ မကြာသေးမီက အသင်းမှ တိုက်စစ်ကစားသမား မာရှယ်အားလာလီဂါကလပ် ဆီဗီလာအသင်းက ရာသီဝက်အငှားကမ်းလှမ်းမှုကို ပယ်ချထားတယ်ဆိုပေမယ့် ဒီရာသီမှာ မိနစ် ၂၀၀ သာ ကစားထားရသေးတဲ့ မာရှယ်အနေနဲ့ ပုံမှန်ပွဲထွက်ခွင့်ရရှိဖို့ အသင်းသစ်ရှာဖွေမှုပြုလုပ်သင့်တယ်လို့ အားကစားကျွမ်းကျင်သူတွေ့ သုံးသပ်ထားပါတယ်။ ဒ့ါအပြင် ကစားသမားကိုယ်တိုင်က ပွဲထွက်ကစားခွင့်နည်းပါးနေတဲ့အတွက် အိုးထရက်ဖို့ဒ်မှ ထွက်ခွာလိုကြောင်း ယာယီနည်းပြ ရန်းနစ်ခ်ကို ပြောကြားထားတာကြောင့် ဇန်နဝါရီမှာ အသင်းပြောင်းရွှေ့သွားမလား စောင့်ကြည့်ရမှာပါ။

### အမ်တီတီ (ဘာစီလိုနာ)

ပြင်သစ်အသင်းနဲ့အတူ ကမ္ဘာ့ဖလားဆွတ်ခူးထားနိုင်ခဲ့တယ်ဆိုပေမယ့်လည်း ခံစစ်ကစားသမား အမ်တီတီအနေနဲ့ ဘာစီလိုနာမှာတော့ ပွဲထွက်ကစားခွင့်ရဖို့ ရုန်းကန်နေရပါတယ်။ အမ်တီတီဟာ ဒီရာသီမှာ လက်ရှိအချိန်အထိ မိနစ် ၉၀ သာ ကစားထားရပါသေးတယ်။ အမ်တီတီဟာ ဘာစီလိုနာအသင်း ဘဏ္ဍာရေးအခက်အခဲကြောင့် လုပ်ခလစာလျှော့ယူဖို့ ကမ်းလှမ်းမှုကို ပယ်ချထားခဲ့သူလည်းဖြစ်ပါတယ်။ အဆိုပါ ခံစစ်ကစားသမား အမ်တီတီကို ပရီမီယာလိဂ်ကလပ် နယူးကာဆယ်အသင်း အပါအဝင် ကလပ်အသင်းအများအပြားက ခေါ်ယူဖို့ စိတ်ဝင်စားနေပါတယ်။ ဒါကြောင့် ခံစစ်ကစားသမား အမ်တီတီအနေနဲ့ ဇန်နဝါရီမှာ အသင်းပြောင်းရွှေ့သွားမလား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာပါ။



## တိုက်စစ်ကစားသမား ဟာလန်းကို လုပ်ခလစာ နှစ်ဆတိုးပေးပြီး အသင်းတွင်ထိန်းထားရန် ဒေါ့မွန်အသင်း ပြင်ဆင်

ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်းသည် အသင်းမှ အားထားရသည့် တိုက်စစ်ကစားသမား ဟာလန်းကို အသင်းသမိုင်းတစ်လျှောက် အမြင့်မားဆုံးလုပ်ခလစာ ပေးချေကာ အသင်းတွင် ဆက်လက်ထိန်းထားနိုင်ရေး ဆွေးနွေးသွားမည် ဖြစ်သည်။

ဒေါ့မွန်အသင်းသည် မန်ယူ၊ မန်စီးတီးနှင့် ရီးရဲမက်ဒရစ်အသင်းတို့က ခေါ်ယူရန် ကြိုးပမ်းနေသည့် တိုက်စစ်ကစားသမား ဟာလန်း၏ လုပ်ခလစာကို နှစ်ဆတိုးမြှင့်ပေးကာ စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းသွားဖွယ်ရှိနေသည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီတွင် ဆောလ်ဘတ်အသင်းမှ ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့လာသော နော်ဝေတိုက်စစ်ကစားသမား ဟာလန်းသည် ဒေါ့မွန်အသင်းနှင့် စာချုပ်သက်တမ်း ၂၀၂၃ ခုနှစ်အထိ ရှိနေသည်။ သို့သော်လည်း အဆိုပါ ကစားသမား၏ စာချုပ်လျော်ကြေး ပေါင် ၆၈ သန်းသည် လာမည့်နှစ်နွေရာသီတွင် သက်တမ်းကုန်ဆုံးတော့မည် ဖြစ်သည်။ ထို့ကြောင့် ဒေါ့မွန်အသင်းသည် အားထားရသည့် တိုက်စစ်ကစားသမား ဟာလန်းကို အသင်းတွင် ဆက်လက်ထိန်းထားရန်အတွက် သက်တမ်းတိုး လုပ်ဆောင်နေခြင်း ဖြစ်သည်။

ဒေါ့မွန်အသင်းသည် သက်တမ်းတိုးစာချုပ်နှင့်ပတ်သက်ပြီး ဇန်နဝါရီလ အစောပိုင်းတွင် ဟာလန်း၏ အေးဂျင့်ဖြစ်သူ မီနိုရိုင်အိုလာနှင့်စတင်ဆွေးနွေးသွားမည်ဖြစ်သည်။ ဟာလန်းသည် ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် ပြိုင်ပွဲအရပ်ရပ် ၇၄ ပွဲပါဝင်ကစားထားပြီး ၇၆ ဂိုးအထိ သွင်းယူပေးထားသည်။

**အောင်ဇော်**



ဘန်လေအသင်းဘက်သို့ စီရော်နယ်ဒို ဂိုးသွင်းယူစဉ်။

## ပရီမီယာလိဂ်ပွဲစဉ် (၂၀) တွင် ဘန်လေကို အနိုင်ရရှိခဲ့သည့် မန်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၂၀) အဖြစ် မန်ယူအသင်းနှင့် ဘန်လေအသင်းတို့ပွဲစဉ်ကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက အိုးထရက်ဖို့ဒ်ကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူအသင်းသည် ယခုအနိုင်ပွဲကြောင့် ၁၈ ပွဲကစားပြီး ရမှတ် ၃၁ မှတ် ရရှိလာပြီ ဖြစ်သည်။ ပြိုင်ဘက် ဘန်လေအသင်းက ယခုပွဲရှုံးနိမ့်မှုကြောင့် ၁၆ ပွဲ ကစားပြီး တန်းဆင်းဇုန်အတွင်း ဆက်လက်ရပ်တည်နေသည်။ ထို့ကြောင့် ဘန်လေအသင်းသည် လာမည့်နှစ်ပရီမီယာလိဂ်တွင် တင်ကျန်ရန် လက်ကျန်ပွဲစဉ်များကို ရလဒ်ကောင်းရရှိအောင် ကြိုးစားရတော့မည် ဖြစ်သည်။

ယခုပွဲစဉ်တွင် မန်ယူအသင်းသည် တိုက်စစ်တွင် ကာဗာနီနှင့် စီရော်နယ်ဒိုတို့ကို အသုံးပြုကာ ပွဲထွက်လာခဲ့သည်။ ဘန်လေအသင်း၏ မာကျောသည့် ကစားဟန်ကြောင့် မန်ယူအသင်း သွင်းဂိုးရရှိရန် အခက်တွေ့ခဲ့သည်။ မန်ယူအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ရှစ်မိနစ်တွင် တွန်မီနေးက သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၂၇ မိနစ်တွင် ဘန်လေအသင်းမှ ဘင်မီး ကိုယ့်ဂိုးကိုယ်သွင်းယူမိသလိုဖြစ်ခဲ့၍ မန်ယူအသင်း ဒုတိယဂိုးရရှိခဲ့သည်။ မန်ယူအသင်းအတွက် တတိယဂိုးကို ပွဲချိန် ၃၅ မိနစ်တွင် စီရော်နယ်ဒိုက သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၃၈ မိနစ်တွင် ဘန်လေအသင်း ချေပဂိုးရရှိခဲ့ပြီး လန်နွန်က သွင်းယူပေးခဲ့သည်။

ထို့နောက်တွင် တစ်ဖက်နှင့်တစ်ဖက်ထပ်မံဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် မန်ယူအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

**အောင်ဇော်**

## တင်းနစ်အကျော်အမော် ဂျိုကိုဗစ် အေတီပီဖလားမှ နုတ်ထွက်

တင်းနစ်အကျော်အမော်နိုဗက် ဂျိုကိုဗစ်သည် ဒီဇင်ဘာ ၂၈ ရက်တွင် အေတီပီဖလားပြိုင်ပွဲမှ နုတ်ထွက်သွားသည်ဟု သိရသည်။ နာအိုမီအိုဆာကာ ဦးဆောင်သည့် အခြားသော ကစားသမားများသည် ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲသို့ ဦးတည်ရောက်ရှိလာကြပြီဟုလည်းသိရသည်။ ကမ္ဘာ့တင်းနစ် နံပါတ်တစ် အားကစားသမားဖြစ်သူ ဂျိုကိုဗစ်မှာ ကိုဗစ်-၁၉ကာကွယ်ဆေးထိုးထားခြင်း ရှိမရှိကိုဖော်ပြရန် ငြင်းဆိုထားရာ ၎င်းအနေဖြင့် ဩစတြေးလျသို့လာရောက်နိုင်ခြင်းရှိ မရှိကို သံသယများစွာရှိခဲ့ကြသည်။ ဩစတြေးလျအိုးပင်းပွဲမတိုင်မီ အေတီပီဖလား ပြိုင်ပွဲသို့ ဂျိုကိုဗစ်ပါဝင်နိုင်ခြင်းမရှိသည်မှာ ဇွဲရာခိုင်နှုန်းသေချာသည်ဟုလည်း ဂျိုကိုဗစ်၏အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက သတင်းစာတွင်ပြောကြားခဲ့သည်။



တင်းနစ်အကျော်အမော် နိုဗက် ဂျိုကိုဗစ်

အဆိုပါပြိုင်ပွဲမှ ဂျိုကိုဗစ်နုတ်ထွက်ခဲ့ခြင်းမရှိပါက ဇန်နဝါရီ ၁ ရက်တွင် နော်ဝေမှ ကက်စ်ပါရုဒ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းနောက် ၁၆ ရက်အကြာတွင် ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ဩစတြေးလျအိုးပင်းပြိုင်ပွဲကျင်းပမည်ဖြစ်သည်။ ဩစတြေးလျအိုးပင်း ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများမှာ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးထားရန် လိုအပ်သည်။

**အောင်**

## အင်္ဂလန်အသင်းနှင့် ဩစတြေးလျ ခရစ်ကက်အသင်းမှ အသင်းသားများအားလုံးတွင် ကိုဗစ်-၁၉ ကူးစက်ခံထားရခြင်းမရှိ

အင်္ဂလန်နှင့် ဩစတြေးလျ ခရစ်ကက်အသင်းများမှကစားသမားများအားလုံးတွင် ကိုဗစ် -၁၉ကူးစက်ခံထားရခြင်းမရှိသည့်အတွက် အသင်းမှ တာဝန်ရှိသူများ အသက်ရှူချောင်သွားပြီ ဖြစ်သည်။ အင်္ဂလန်အသင်းမှ ဝန်ထမ်းနှစ်ဦးနှင့် မိသားစုဝင်နှစ်ဦးတို့တွင် ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်းတွေ့ရှိခဲ့ရာ အသင်းသားများ ကူးစက်ခံရမည့်အရေး စိုးရိမ်ခဲ့ရခြင်း ဖြစ်သည်။



ထို့ကြောင့် အင်္ဂလန်အသင်းသားများနှင့် အုပ်ချုပ်သူအဖွဲ့အစည်းမှ လူများ ကိုဗစ်-၁၉ ရှိမရှိကို ဆေးစစ်ခဲ့ကြခြင်း ဖြစ်သည်။ ဒီဇင်ဘာ ၂၇ ရက်က အင်္ဂလန်အသင်းနှင့် ဩစတြေးလျအသင်းတို့မှ ကစားသမားများအားလုံး၏ မိသားစုများကိုလည်း ပီစီအာဆေးစစ်မှုပြုလုပ်ခဲ့ရာ မည်သူ့မျှ ရောဂါကူးစက်ခံထားရခြင်း မရှိကြောင်း သိရသည်။ အင်္ဂလန်အသင်းမှ ဝန်ထမ်းမိသားစုတွင် ရောဂါကူးစက်ခံထားရသူ နှစ်ဦးကိုလည်း သီးခြားခွဲထားကြောင်း သိရသည်။ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တည်ရှိရာ နယူးဆောက်ဝေးပြည်နယ်တွင် နေ့စဉ်ကိုဗစ်-၁၉ ကူးစက်မှုမှာ ၆၀၀၀ ကျော်ရှိသည်။

**အောင်**

## အသင်းဟောင်း နိုက်စ်အသင်းသို့ ဂိုးသမား လောရစ် ပြန်လည်ပြောင်းရွှေ့ဖွယ်ရှိ



အသက် ၃၅ နှစ်အရွယ်ရှိပြီဖြစ်သည့် စပါးဂိုးသမား ဟူဂိုလောရစ်သည် နွေရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးပါက အသင်းဟောင်း နိုက်စ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ဖွယ်ရှိနေသည်။ ထို့အပြင် လက်ရှိနံပါတ်တစ်ဂိုးသမားဖြစ်သူ ဝေါ်တာ ဘင်နီတက်ဇ်သည် အသင်းမှထွက်ခွာဖွယ်ရှိနေသည့်အတွက် နိုက်စ်အသင်းအနေဖြင့် အဆိုပါ ဂိုးသမား၏ နေရာကို လောရစ်ဖြင့် အစားထိုးရန် ချိန်ရွယ်နေခြင်းကြောင့် အပြောင်းအရွှေ့မှာ ဖြစ်မြောက်လာဖွယ်ရှိနေသည်။

**နိုက်စ်အသင်းတွင် စတင်ခဲ့**

လောရစ်သည် ကစားသမားဘဝကို နိုက်စ်အသင်းတွင် စတင်ခဲ့သူဖြစ်ပြီး နိုက်စ်အသင်းနှင့် ၎င်း၏ ပွဲဦးထွက်ကို ၂၀၀၆ ခုနှစ် မတ်လတွင် နန်စီအသင်းကို အနိုင်ရရှိခဲ့သောပွဲစဉ်၌ ပါဝင်ကစားခဲ့သည်။ ၎င်းသည် နိုက်စ်အသင်းတွင် သုံးရာသီကြာ ဖြတ်သန်းခဲ့ပြီး ၇၈ ပွဲပါဝင်ကစားခဲ့သည်။

**ကမ္ဘာ့ဖလား ဆွတ်ခူးထား**

၎င်းသည် လက်ရှိတွင် စပါးအသင်း၌ ပုံမှန်ပွဲထွက်ခွင့်ရရှိထားသူဖြစ်ပြီး ယခုနှစ်ရာသီတွင် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၉ ပွဲ ပါဝင်ကစားထားသည်။ ထို့အပြင် ပြင်သစ်အသင်းအတွက်လည်း ၁၃၆ ပွဲ ပါဝင်ကစားထားပြီး ပြင်သစ်အသင်းနှင့်အတူ ၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့ဖလားကို ဆွတ်ခူးထားသည်။

**အောင်ဇော်**

# တက္ကသိုလ်နေ့သင်တန်းများ ၆-၁-၂၀၂၂ ရက်နေ့တွင် စတင်ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်
တက္ကသိုလ်နေ့သင်တန်းများဖွင့်လှစ်ခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် (၂၀၁၉-၂၀၂၀) ပညာသင်နှစ်နှင့် (၂၀၂၁-၂၀၂၂) ပညာသင်နှစ်များအတွက် အောက်ပါဘွဲ့သင်တန်းအသီးသီးကို (၆-၁-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

(က) ဥပဒေပညာ စတုတ္ထနှစ် (ဒုတိယနှစ်ဝက်)
(ခ) ပညာရေး စတုတ္ထနှစ် (ဒုတိယနှစ်ဝက်)
(ဂ) ဂုဏ်ထူးတန်း တတိယနှစ် (ပထမနှစ်ဝက်)
(ဃ) မဟာအရည်အချင်းစစ်သင်တန်း (ပထမနှစ်ဝက်)
(င) မဟာဘွဲ့သင်တန်း ပထမနှစ် (ပထမနှစ်ဝက်)
(စ) မဟာဘွဲ့သင်တန်း ဒုတိယနှစ် (ပထမနှစ်ဝက်)

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန


## ရွှေဘို-မြစ်ကြီးနားလမ်း လွှဲခမ်းတောင် အန္တရာယ်ကွေ့ တောင်ပြိုမြေဖယ်ရှားခြင်းနှင့် ကျောက်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်း ပြီးစီး

**မိုးညှင်း ဒီဇင်ဘာ ၃၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ရွှေဘို - မြစ်ကြီးနားလမ်းမကြီးပေါ်ရှိမော်ဟန်ကျေးရွာ လွမ်းစေတီအနီး လွှဲခမ်းတောင် အန္တရာယ်(S)ကွေ့တွင် တောင်ပြိုမြေဖယ်ရှားခြင်းလုပ်ငန်းနှင့် ကျောက်စီရေနုတ်မြောင်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးသွားပြီဖြစ်၍ ပြည်တွင်းပြည်ပ ခရီးသွားများနှင့် ဒေသအတွင်း ကုန်စည်စီးဆင်းမှုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ တစ်ရှိန်ထိုး တိုးတက်အောင်မြင်ဖြစ်ထွန်းလာတော့မည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ လွှဲခမ်းတောင် အန္တရာယ်ကွေ့နေရာတွင် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ် မိုးတွင်းကာလများက မိုးသည်းထန်စွာ ရွာသွန်းချိန်များတွင် တောင်တန်းမြေလွှာများ ပြတ်ကျခြင်း၊ တောင်ပြိုခြင်းတို့ကြောင့် ကားလမ်းများ မကြာ ခဏပျက်စီးကာ ပြုပြင်ရခက်ခဲခြင်းများ ဖြစ်ပွားခဲ့သည်။ အဆိုပါ ဖြစ်စဉ်များကြောင့် မြို့နယ် လမ်း/တံတားဦးစီးအဖွဲ့က မိုးတွင်းကာလတွင် လမ်းပန်းဆက်သွယ်သွားလာရေးလုပ်ငန်း မပြတ်တောက်စေရန်အတွက် ယာယီပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရကြောင်း၊ ကားလမ်းပြုပြင်ရေးလုပ်ငန်းများဖြစ်သည့် တောင်ပြိုမြေလွှာဖယ်ရှားခြင်း လုပ်ငန်း အရှည် ၃၆၁ ပေနှင့် ကျောက်စီရေထိန်းနံရံရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်း အရှည် ၃၆၁ ပေတို့ကို ကချင်ပြည်နယ် လမ်းဦးစီးဌာန၏ ၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၇၁ သန်းဖြင့် ပြတ်ကျမြေစာသယ်ယူခြင်းလုပ်ငန်းနှင့် မြေထိန်းကမ်းနံရံအမြင့် ၇ပေ/၅ပေ နှင့် ရေမြောင်းတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၈ ရက်တွင် ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း မိုးညှင်းမြို့နယ်လမ်းဦးစီးဌာန တာဝန်ခံကြီးကြပ်ရေးမှူး ဦးဝေလျှံ(AE) ထံမှ သိရသည်။

အဆိုပါ ပြတ်ကျမြေစာသယ်ယူခြင်းလုပ်ငန်းနှင့် မြေထိန်းကမ်းနံရံနှင့် ကျောက်စီရေနုတ်မြောင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၂ ဘီးနှင့်အထက် ကုန်တင်ယာဉ်ကြီးများ၊ ပြည်တွင်းပြည်ပ ခရီးသွားမော်တော်ယာဉ်လိုင်းများနှင့် ဒေသတွင်း ခရီးသွားလာကြသူများ အနေဖြင့် ဘေးအန္တရာယ် ကင်းရှင်းပြီး အဆင်ပြေစွာ သွားလာနိုင်တော့မည်ဖြစ်သည့်အတွက် ဒေသတွင်း လူမှုရေး၊ ပညာရေးနှင့် စီးပွားရေးတို့အတွက် များစွာအထောက်အကူပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ (ဝ၇၈)

## ကျိုင်းတုံမြို့နယ်၌ ဘိန်းခင်း ၁၁ ဧက ဖျက်ဆီး

**ကျိုင်းတုံ ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်အတွင်း ဘိန်းစိုက်ပျိုးမှု ပပျောက်စေရန် ကတ်ထိုက်ကျေးရွာအုပ်စုအတွင်းရှိ သီးပွင့်ဆဲဘိန်းခင်း ၁၁ ဧကကို ကျိုင်းတုံမြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၃၀ ရက်က ဖျက်ဆီးခဲ့သည်။



ကျိုင်းတုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးငွေမောင် ဦးစီးတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ အမှတ်(၂၈) မူးယစ်တပ်ဖွဲ့စုမှ ရဲအုပ် ကျော်မိုးနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ကတ်ထိုက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်းဆိုက်နွန်းတို့ ပါဝင်သော ပူးပေါင်းအဖွဲ့က ကတ်ထိုက်ကျေးရွာအုပ်စု နောင်ဆုံ (၃) ကျေးရွာ၏ အနောက်ဘက် လေးမိုင်ခွဲခန့်အကွာမှ အမြင့် တစ်ပေခွဲခန့်ရှိ သီးပွင့်ဆဲဘိန်းခင်း ငါးဧက၊ နောင်ဆုံ(၃)ကျေးရွာ၏ အနောက်ဘက် ငါးမိုင်ခန့်အကွာမှ အမြင့် ၁ပေခွဲခန့်ရှိ သီးပွင့်ဆဲ ဘိန်းခင်း ခြောက်ဧကခန့်တို့ကို ဖျက်ဆီးခဲ့ခြင်း ဖြစ်သည်။

ကျိုင်းတုံမြို့နယ်အတွင်း ဘိန်းစိုက်ပျိုးမှုပပျောက်စေရန်အတွက် ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးရန်လည်း သက်ဆိုင်ရာဌာနများက စီမံချက်များရေးဆွဲကာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုင်းရွှေအောင်(ပြန်/ဆက်)

## ဟိုပန်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး

**ဟိုပန် ဒီဇင်ဘာ ၃၁**

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်သို့ တရုတ်နိုင်ငံမှ လှူဒါန်းထားသည့် ဆီနိုဖမ်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ယမန်နေ့က ရုံးကုန်းရပ်ကွက်ရှိ မြို့တော်ခန်းမနှင့် နောင်မိုကျေးရွာအုပ်စု နောင်အွန် ခန်းမတို့၌ ပဉ္စမအသုတ်(ပထမအကြိမ်)အဖြစ် ဆေးထိုးရန်ကျန်ရှိသည့် အသက် ၁၈ နှစ်နှင့်အထက် ဒေသခံပြည်သူများအား ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ဟိုပန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းထိုက်၏ စီစဉ်ကြီးကြပ်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးပရဟိတအဖွဲ့ဝင်များ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရပ်ကျေးစာရေးများ ပါဝင်သည့် ပူးပေါင်းအဖွဲ့ကလည်း ဆေးလာရောက်ထိုးနှံသည့် ပြည်သူများအား ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခြင်း၊ စာရင်းအချက်အလက်များ ကောက်ယူခြင်း၊ ကိုယ်အပူချိန်တိုင်းတာပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီးချိန်တွင် ခေတ္တအနားယူစေခြင်း စသည့်လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟိုပန်မြို့နယ်တွင် ပဉ္စမအသုတ်(ပထမအကြိမ်)အဖြစ် တရုတ်နိုင်ငံမှ လှူဒါန်းထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အသက် ၁၈ နှစ်နှင့်အထက် ဒေသခံပြည်သူ ၁၀၁၀ တို့အား ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

## နမ္မတူ၌ ကြားဖြတ်တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်း သင်တန်းဖွင့်

**နမ္မတူ ဒီဇင်ဘာ ၃၁**

နမ္မတူမြို့နယ်အတွင်း နှစ်အလိုက် တိရစ္ဆာန်ကောင်ရေ တိုးပွား/လျော့နည်း ခန့်မှန်းနိုင်ရန်၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံချက်များ ဆောင်ရွက်နိုင်ရန်၊ တိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ထုတ်လုပ်မှုအတည်ပြုနိုင်ရန်၊ တိရစ္ဆာန်ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ စီမံကိန်းများ ရေးဆွဲအကောင် အထည်ဖော်နိုင်ရန်၊ တိရစ္ဆာန်ကောင်ရေ တိုးပွားမှု စံနှုန်းများ ပြင်ဆင်တွက်ချက်ရန်၊ မြန်မာနိုင်ငံရှိ တိရစ္ဆာန်ကောင်ရေစုစုပေါင်းကို အနီးစပ်ဆုံး အတည်ပြုနိုင်ရန် ရည်ရွယ်၍ ကြားဖြတ်တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းလုပ်ငန်းသင်တန်းကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဒီဇင်ဘာ ၃၀ ရက်တွင် ဖွင့်လှစ်သည်။

သင်တန်းတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ညီညီသန့်က မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၅ အုပ်စု၊ ကျေးရွာ ၂၈ ရွာ ရှိ အိမ်ထောင်စု ၈၀၀ ကျော်တွင် ကြားဖြတ်တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း၊ မြို့နယ်အတွင်းရှိ ကျေးရွာများ၏ ၂၀ ရာခိုင်နှုန်းဖြစ်ပြီး ကျွဲ၊ နွား၊ မြင်း၊ ဝက်၊ ဆိတ်၊ သိုး၊ ခွေး၊ ကြက် ကောင်ရေစာရင်းများ ကောက်ယူသွားမည်ဖြစ်ကြောင်းနှင့် ယခုလို စာရင်းကောက်ယူသည်မှာ လေးကြိမ်ရှိပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ကြားဖြတ်တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရန် လိုအပ်သည့် အချက်အလက်များကို သင်ကြားပို့ချဆွေးနွေးခဲ့သည်။ အဆိုပါ သင်တန်းသို့ ကြားဖြတ်တိရစ္ဆာန်ကောင်ရေစာရင်း ကွင်းဆင်းကောက်ယူမည့် ရပ်ကွက်/ကျေးရွာအုပ်စု စာရေးများ တက်ရောက်ခဲ့ကြသည်။

လှမော်(ပြန်/ဆက်)

# သတိပြုကာကွယ် ငလျင်ဘေးအန္တရာယ်

မေယု-မျိုးအောင် (MANA)

### မြန်မာနိုင်ငံနှင့်ငလျင်ဘေး

မြန်မာနိုင်ငံတစ်ဝန်း၌ ငလျင်လှုပ်ခတ်မှုအသေးစားများ ခပ်စိပ်စိပ်ဖြစ်ပွားလျက်ရှိရာ ထိုကဲ့သို့ မကြာခဏငလျင်လှုပ်မှု ရှိနေခြင်းသည် အင်အားပြင်းငလျင်ကို သတိမူလာစေရန် အချက်ပြနေခြင်းဖြစ်ကြောင်း ငလျင်ပညာရှင်များက သုံးသပ်ကြသည်။ မှတ်တမ်းများအရ မြန်မာနိုင်ငံ၌ ၂၀၁၆ ခုနှစ်တွင် မြေငလျင်လှုပ်ခတ်မှု ၄၂ ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် အကြိမ် ၇၀၊ ၂၀၁၈ ခုနှစ်တွင် အကြိမ် ၁၅၀ ကျော်နှင့် ၂၀၁၉ ခုနှစ်အတွင်း အကြိမ်ရေ ၁၄၀ ကျော်ရှိခဲ့ကြောင်း သိရသည်။ အထူးသဖြင့် လူဦးရေထူထပ်ပြီး မြို့ပြဖြစ်ထွန်းမှု မြန်ဆန်နေသည့် ရန်ကုန်၊ မန္တလေး၊ ပဲခူးနှင့် နေပြည်တော် စသောမြို့ကြီးများသည် ငလျင်ကြောပေါ်တွင် တည်ရှိပြီး အင်အားလတ်ဇုန်နှင့် အင်အားပြင်းဇုန်များအတွင်း ကျရောက်လျက်ရှိသဖြင့် ငလျင်ဘေးအတွက် အသိပညာပေးလုပ်ငန်းများ၊ ဇာတ်တိုက်လေ့ကျင့်မှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်လိုအပ်ကြောင်း ပညာရှင်များက ထောက်ပြထားသည်။

ရန်ကုန်အပါအဝင် မြန်မာနိုင်ငံနေရာအနှံ့တွင်ရှိနေသော ပြည်သူများအနေဖြင့် သဘာဝဘေးအန္တရာယ်များတွင် ငလျင်ဘေးအန္တရာယ်ကိုပါ သတိပြု၍ ကြိုတင်ပြင်ဆင်မှုများ၊ အသိပညာပေးမှုများ လိုအပ်လာပြီဟူ၍ သုံးသပ်မှုများ ရှိလာကြသည်။ အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်မှုများ ဖြစ်ပွားခဲ့ခြင်းမရှိသော်လည်း ၂၀၁၈ ခုနှစ်တစ်နှစ်တာအတွင်း မြန်မာနိုင်ငံပြည်တွင်းနေရာများကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သည့် မြေငလျင်အကြိမ်အရေအတွက် ၁၅၀ ကျော်အထိရှိခဲ့သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲမှ သိရသည်။

ပြည်တွင်းနေရာများကို ဗဟိုပြုလှုပ်ခတ်ခဲ့သည့် မြေငလျင်လှုပ်ခတ်မှု အကြိမ်အရေအတွက် ၁၁၂ ကြိမ်သာရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင်မူ ပြည်တွင်းနေရာများကို ဗဟိုပြုလှုပ်ခတ်ခဲ့သည့် မြေငလျင်အကြိမ်အရေအတွက် ၁၅၀ ကျော်ရှိခဲ့ပြန်သည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်းက ဖြူးမြို့နယ်အနီးတွင် ဗဟိုပြုလှုပ်ခတ်ခဲ့သည့် အင်အားရစ်ချ်တာ စကေး ၆ ဒသမ ၀ အဆင့်ရှိ ငလျင်မှာ အင်အားအများဆုံးမြေငလျင်တစ်ခုဖြစ်ခဲ့သည်။ မြန်မာနိုင်ငံတွင် အနီးကပ်ဆုံး အင်အားပြင်း ငလျင်လှုပ်ခတ်မှုများအနေဖြင့် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် ပုဂံနှင့်တိုက်ကြီးမြို့များ၌ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အင်အားပြင်းမြေငလျင်လှုပ်ခတ်မှုများရှိခဲ့သည်။

သမိုင်းတစ်လျှောက်၌ ၁၇၆၂ ခုနှစ်တွင် ရခိုင်ကမ်းရိုးတန်းဒေသတွင် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၅ အဆင့်ရှိ မြေငလျင်၊ ၁၉၃၀ ပြည့်နှစ်တွင် ပဲခူးမြို့နှင့် ရန်ကုန်မြို့၌ လူ ၅၅၀ ကျော် သေဆုံးခဲ့သည့် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၀ အဆင့်ရှိ မြေငလျင်များ လှုပ်ခတ်ခဲ့ဖူးပြီး ၂၀၁၁ ခုနှစ်တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း၌ လူ ၈၀ သေဆုံးခဲ့သည့် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ မြေငလျင်၊ ၂၀၁၂ ခုနှစ်တွင် မန္တလေးမြို့၏ မြောက်ဘက် ၁၀၀ ကီလိုမီတာအကွာ၌ လှုပ်ခတ်ခဲ့သည့်လူ ၂၆ ဦး သေဆုံးခဲ့သော အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ မြေငလျင်များ ဖြစ်ပေါ်လှုပ်ခတ်ခဲ့သည်။

### မြန်မာနိုင်ငံမှပြတ်ရွေ့ကြီးများ

မြန်မာနိုင်ငံသည် စစ်ကိုင်းပြတ်ရွေ့၊ ကျောက်ကြမ်းပြတ်ရွေ့၊ ကုလားတန်ပြတ်ရွေ့၊ ကဘော်ပြတ်ရွေ့များကဲ့သို့ အင်အားပြင်း ငလျင်လှုပ်ခတ်စေသည့် ပြတ်ရွေ့ကြောကြီးများပေါ်တွင် တည်ရှိနေပြီး အင်အားရစ်ချ်တာစကေး ၆ နှင့်အထက် လှုပ်ခတ်နိုင်သည့် ငလျင်ကြောကြီး ငါးခုနှင့် ရစ်ချ်တာစကေး ၂ မှ ၅ အထိ လှုပ်ခတ်တတ်သည့် မြေငလျင်ကြော ၄၀ ခန့် ရှိနေခြင်းကြောင့် မြေငလျင်အန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုများစွာ ပြုလုပ်ထားရန် လိုအပ်သည့် နိုင်ငံတစ်ခုဟုပင် မှတ်ယူရပေလိမ့်မည်။ ဆင်းရဲသော နိုင်ငံတစ်နိုင်ငံတွင် သဘာဝဘေးဒဏ်၏ နောက်ဆက်တွဲ ဆိုးကျိုးများသည် မခန့်မှန်းနိုင်အောင်ပင် ကြီးမားသည့်အတွက် သဘာဝဘေးအန္တရာယ်များအတွက် သတိရှိရှိအမြင်ကျယ်ကျယ်ဖြင့် ကြိုတင်စီမံထားသင့်ပေသည်။ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် မြေငလျင်အန္တရာယ်အကြီးမားဆုံး နိုင်ငံများစာရင်းတွင် ပါဝင်နေပြီး ပမာဏကြီးမားသည့် အဓိက မြေငလျင်ကြောကြီး ငါးခုရှိသည်။ ထို့ပြင် မကြာခဏလှုပ်ရှားနေသည့် ပြတ်ရွေ့ကြောများစွာရှိနေကြောင်း သိရသည်။ ငလျင်လှုပ်ခတ်ပါက အင်အားရစ်ချ်တာစကေး ၁ မှ ၄ ဒသမ ၉ အထိ လှုပ်ခတ်ပါက အနည်းငယ်လှုပ်ခတ်ခြင်းဖြစ်ကာ ရစ်ချ်တာစကေး ၅ မှ ၅ ဒသမ ၉ အထိ လှုပ်ခတ်မှုသည် အင်အားအသင့်အတင့်နှင့် ပျက်စီးမှုအနည်းငယ်ရှိနိုင်ပြီး ရစ်ချ်တာစကေး ၆ မှ ၇ ဒသမ ၅ အထိလှုပ်ခတ်ပါက အင်အားပြင်းအဆင့်သတ်မှတ်ပြီး အပျက်အစီးများသည်။ ရစ်ချ်တာစကေး ၇ ဒသမ ၆ နှင့်အထက် လှုပ်ခတ်သောငလျင်ကို အားအလွန်ပြင်းအဖြစ် သတ်မှတ်ကာ ကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားနိုင်ပြီး မြန်မာနိုင်ငံတွင် ၇ ဒသမ ၅ အဆင့်ရှိ အားပြင်းငလျင်အထိ လှုပ်ခတ်ခဲ့သည်။

မြန်မာနိုင်ငံအဖျားပိုင်း ကချင်ပြည်နယ် ပူတာအိုအနီးမှ စတင်ခဲ့ပြီး မုတ္တမပင်လယ်ကွေ့အထိ မြောက်မှတောင်အထိ ရှိနေသည့် စစ်ကိုင်းပြတ်ရွေ့သည် အဆိုးရွားဆုံး ငလျင်ကြောကြီးတစ်ခုဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝအနီး တောင်-မြောက်တန်းလျက်တည်ရှိနေသည့် ကဘော်ပြတ်ရွေ့၊ ပြင်ဦးလွင်အနီးမှ စတင်ပြီး တောင်ကြီးမြို့အနီး တောင်မြောက်တန်းလျက် တည်ရှိသည့် ကျောက်ကြမ်းပြတ်ရွေ့၊ ရှမ်းပြည်နယ်မြောက်ပိုင်း အရှေ့အနောက်တန်းလျက်တည်ရှိနေသည့် မိုးမိတ်ပြတ်ရွေ့များသည် ငလျင်ကြောကြီးများ ဖြစ်သည်။ ငလျင်ပြတ်ရွေ့အသေး ၄၀ ခန့်ရှိ သောကြောင့် ငလျင်ဒဏ်ကို အချိန်မရွေး ခံစားရနိုင်သည်။

**“ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားလေ့ရှိသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် လူသေဆုံးမှုများအနက် ငလျင်ကြောင့် သေဆုံးမှုက အများဆုံးဖြစ်ပြီး မုန်တိုင်းဘေးနှင့် ရေဘေးတို့ကြောင့် သေဆုံးမှုက ဒုတိယနှင့် တတိယအများဆုံးဖြစ်သည်။ အင်အားပြင်းငလျင်များဖြစ်ပွားပါက ပျက်စီးဆုံးရှုံးမှုကြီးမားနိုင်ပြီး နောက်ဆက်တွဲ ငလျင်ငယ်များလှုပ်ခြင်း၊ ရေကာတာကြီးများ ကျိုးပျက်၍ ရေလွှမ်းခြင်း၊ တောင်ပြိုခြင်း၊ မြေပြိုခြင်း၊ လျှပ်စစ်ကြိုးများ ပူးကပ်သွားခြင်းကြောင့် လျှပ်စစ်မီးပွားမှတစ်ဆင့် မီးလောင်ခြင်း၊ လောင်စာဆီ၊ ဓာတ်ငွေ့ပိုက်များ ထိခိုက်ပျက်စီးရာမှတစ်ဆင့် မီးလောင်ကျွမ်းခြင်း စသည့်နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ပေါ်စေနိုင်သည်”**

ငလျင်ဘေးသည် ကြိုတင်ခန့်မှန်းနိုင်ရန် ခက်ခဲသည့် သဘာဝဘေးအန္တရာယ်ဖြစ်သော်လည်း ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေးနှင့် ပျက်စီးဆုံးရှုံးမှု လျော့ပါးသက်သာစေရေးမှာ အရေးကြီးသည့် အချက်များဖြစ်သည်။ သဘာဝဘေးအန္တရာယ်များသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အဓိက အဟန့်အတားဖြစ်စေသဖြင့် သဘာဝဘေးရင်ဆိုင်တုံ့ပြန်ရေး၊ ကြိုတင်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်နိုင်ပါက ဖြစ်ပေါ်လာနိုင်သည့် မည်သည့်သဘာဝဘေးအန္တရာယ်အပေါင်းကိုမဆို အန်တုနိုင်မည်ဖြစ်သည်။

### လိုက်နာဆောင်ရွက်ရမည့်အချက်များ

စစ်ကိုင်းပြတ်ရွေ့နှင့် ငလျင်ပြတ်ရွေ့ကြောငယ်များ တည်ရှိနေသည့် မြန်မာနိုင်ငံသည် ငလျင်ဘေး အန္တရာယ်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်၍ သက်ဆိုင်ရာကလည်း ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်သည့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ထုတ်ပြန်ထားပြီးဖြစ်သည်။ ထို့ကြောင့် အများပြည်သူတို့အနေဖြင့် ငလျင်ဘေးကို အထူးသတိပြုကြရန် လိုအပ်သကဲ့သို့ တာဝန်ရှိသူများအနေဖြင့်လည်း ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊ ငလျင်လှုပ်ခတ်ပါက အများပြည်သူတို့ ကြိုတင်စုဝေးနိုင်သည့်နေရာများကို ကြိုတင်ပြင်ဆင်ထားခြင်း၊ ငလျင်နှင့်စပ်လျဉ်းသည့် အသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အထိတ်တလန့်ဖြစ်စေသည့် သတင်းမှားများ ဖြန့်ချိမှုများကို စိစစ်ကာ သတင်းမှန်၊ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ခြင်းတို့ကို အလေးထားလုပ်ဆောင်ရန် လိုအပ်သည်။ ရန်ကုန်မြို့တွင် ၁၉၈၈ မှ ၁၉၉၀ ကြား တည်ဆောက်ခဲ့သည့် အဆောက်အအုံများသည် အရည်အသွေးစံချိန်မမီဘဲ ငလျင်အန္တရာယ်အတွက် ကြံ့ခိုင်မှုစိတ်မချရကြောင်း အင်ဂျင်နီယာနှင့် ဘူမိဗေဒပညာရှင်များက မကြာခဏ အသိပေးသည်။

မြန်မာနိုင်ငံတွင်လည်း မကြာခဏဆိုသလို ငလျင်ဘေးများ၏ လှုပ်ခတ်မှုကို နေရာအနှံ့အပြား၌ ခံစားနေရသည်။ အထူးသဖြင့် စစ်ကိုင်းပြတ်ရွေ့သည် အချိန်မရွေး အင်အားပြင်းငလျင် လှုပ်ရှားနိုင်ကြောင်း ဘူမိဗေဒပညာရှင်များက သတိပေးထားပြီးဖြစ်ရာ သက်ဆိုင်ရာဒေသရှိ ပြည်သူများအနေဖြင့် ငလျင်ဘေးကို အလေးထားသတိပြုကြရန် လိုအပ်သည်။ အထပ်မြင့် အဆောက်အအုံတွင် နေထိုင်သူများမှသည် လုံးချင်းအိမ်တွင်နေသူများအထိ သတိပြုနေထိုင်ရန်လိုအပ်သည်။ အနာဂတ်ငလျင် သတင်းအချက်အလက်များရရှိစေရန်နှင့် စစ်ကိုင်းပြတ်ရွေ့အစိတ်အပိုင်းများကို အတိအကျ သတ်မှတ်နိုင်ရန်အတွက် ကောင်းကင်ဓာတ်ပုံများကို ဒရုန်းဖြင့်ရိုက်ကူးမည့် သုတေသနမှတ်တမ်းတင်မှုကို စတင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငလျင်ကော်မတီမှ သိရသည်။

ကမ္ဘာ့ငလျင်ကြောကြီး နှစ်ခုအနက် တစ်ခုမှာ မြစ်ကြီးနားမြို့မှ စတင်ခြင်းဖြစ်ပြီး စစ်ကိုင်း၊ ဂန့်ဂေါ တောင်တန်းများနှင့် ပဲခူးရိုးမအရှေ့ဘက်ခြမ်းကိုဖြတ်ကာ မုတ္တမပင်လယ်ကွေ့အထိ ၁၀၀၀ ကီလိုမီတာ ခန့်ရှည်လျား၍ အပိုင်း ၁ မှာ ပူတာအိုမှ အင်းတော်ကြီး၊ အပိုင်း ၂ မှာ တကောင်းမှ စစ်ကိုင်း၊ အပိုင်း ၃ မှာ သာစည်မှ ပျဉ်းမနား၊ အပိုင်း ၄ မှာ တောင်ငူမှ ပဲခူးနှင့် အပိုင်း ၅ မှာ ပဲခူးမှ မုတ္တမပင်လယ်ကွေ့အထိဖြစ်ပြီး ဘူမိဗေဒပညာရှင်များ လေ့လာချက်အရ တစ်နှစ်လျှင် ပျမ်းမျှ ၁၈ ဒသမ ၅ မီလီမီတာခန့် ရွေ့လျားနေကြောင်း သိရသည်။ မြေငလျင်ကို ကြိုတင်ခန့်မှန်းမှုများ မပြုလုပ်နိုင်သော်လည်း ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားခြင်းဖြင့် ငလျင်ဘေးအန္တရာယ်ကို ထိုက်သင့်သလောက် လျော့ပါးသက်သာစေနိုင်သည်။ ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရာတွင် အရေးအကြီးဆုံးနှင့် အခက်ခဲဆုံးမှာ ငလျင်ဒဏ်ခံအဆောက်အအုံများ ဆောက်လုပ်ခြင်းဖြစ်သည်။ ငလျင်လှုပ်သည့်အခါတွင် အဆောက်အအုံများပြိုကျပြီး လူများသေဆုံးနိုင်သောကြောင့် အဆောက်အအုံများတွင် ငလျင်ဒဏ်ခံနိုင်အောင် ဆောက်ရန်လိုသည်။ အထပ်မြင့်အဆောက်အအုံများရှိသော မြို့ကြီးများတွင် ဆောက်လုပ်ပြီးနှင့် ဆောက်လုပ်ဆဲအဆောက်အအုံများကို ငလျင်ဒဏ်ခံနိုင်ရည် ရှိ မရှိ စစ်ဆေးပြီး မွမ်းမံပြင်ဆင်သင့်သည်များ၊ ဖျက်သိမ်းပစ်သင့်သည်များကို စနစ်တကျစစ်ဆေးကာ တိတိကျကျ ဆောင်ရွက်ရန်လိုသည်။

### ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားလေ့ရှိ

မျက်မှောက်ကာလတွင် ငလျင်နှင့် ဆူနာမီဘေးသည် ကမ္ဘာပေါ်တွင် အဖျက်စွမ်းအားအကြီးမားဆုံး ဘေးအန္တရာယ်များဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားလေ့ရှိသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် လူသေဆုံးမှုများအနက် ငလျင်ကြောင့် သေဆုံးမှုက အများဆုံးဖြစ်ပြီး မုန်တိုင်းဘေးနှင့် ရေဘေးတို့ကြောင့် သေဆုံးမှုက ဒုတိယနှင့် တတိယအများဆုံးဖြစ်သည်။ အင်အားပြင်းငလျင်များ ဖြစ်ပွားပါက ပျက်စီးဆုံးရှုံးမှုကြီးမားနိုင်ပြီး နောက်ဆက်တွဲ ငလျင်ငယ်များလှုပ်ခြင်း၊ ရေကာတာကြီးများ ကျိုးပျက်၍ ရေလွှမ်းခြင်း၊ တောင်ပြိုခြင်း၊ မြေပြိုခြင်း၊ လျှပ်စစ်ကြိုးများ ပူးကပ်သွားခြင်းကြောင့် လျှပ်စစ်မီးပွားမှတစ်ဆင့် မီးလောင်ခြင်း၊ လောင်စာဆီ၊ ဓာတ်ငွေ့ပိုက်များ ထိခိုက်ပျက်စီးရာမှတစ်ဆင့် မီးလောင်ကျွမ်းခြင်း စသည့်နောက်ဆက်တွဲ ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သည်။

ငလျင်လှုပ်ခြင်းသည် မြေအောက်ရှိ ကျောက်များ ကျိုးပြတ်ရွေ့လျားမှုကြောင့် မြေသားထု ရုတ်တရက် လျင်မြန်စွာ တုန်ခါရာမှ ငလျင်လှုပ်ခြင်းဖြစ်ပြီး မြေသားထုစတင်တုန်ခါသည့်နေရာကို ငလျင်ဗဟိုချက်ဟု ငလျင်ပညာရှင်များက သတ်မှတ်ထားသည်။ မြေသားထုအတွင်းရှိ ပြတ်ရွေ့များတစ်လျှောက် အထက်နှင့်အောက်(သို့)ဘေးတိုက် ကျိုးပြတ်ရွေ့လျားမှုကြောင့် ငလျင်အငယ်စားများ ဖြစ်ပေါ်နိုင်သည်။ သမုဒ္ဒရာအောက်ကြမ်းခင်းပြင် မြေသားထုရှိ ပြတ်ရွေ့သည် အထက်(သို့)အောက်သို့ ကျိုးပြတ်ပြီး ငလျင်ကြီးများလှုပ်ပါက ဆူနာမီလှိုင်းကြီးများဖြစ်ပေါ်ကြောင်း သိရသည်။

### ကြိုတင်စီမံဆောင်ရွက်သင့်

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရသော ပြည်သူများအနေဖြင့် ပုံမှန်ဘဝသို့ လျင်မြန်စွာ ပြန်လည်ရောက်ရှိနိုင်ရေး လုပ်ဆောင်ရာတွင် များစွာခက်ခဲသည်ဖြစ်ရာ တာဝန်ရှိသူများအနေဖြင့် သဘာဝဘေးအန္တရာယ်များအပေါ် အမြော်အမြင်ရှိသော စီမံခန့်ခွဲမှုနှင့် တာဝန်ယူ တာဝန်ခံမှုဖြင့် ကြိုတင်စီမံဆောင်ရွက်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# မန္တလေးတိုင်းဒေသကြီးအတွင်း ငါးမွေးတောင်သူများအတွက် အခြေခံငါးမွေးမြူနည်းပညာရပ်များ သင်ကြားပေးမည်

မန္တလေး ဒီဇင်ဘာ ၃၁

**မန္တလေးတိုင်းဒေသကြီးအတွင်းရှိငါးမွေးတောင်သူများအတွက် ငါး မွေးမြူခြင်း၊ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ကောင်းမွန်သောရေသတ္တဝါမွေးမြူရေး ကျင့်စဉ်နည်းပညာရပ်များကို လာမည့်ဖေဖော်ဝါရီလအတွင်း သင်ကြားပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်းမှတာဝန်ခံ ဦးစီးအရာရှိ ဦးထွန်းနောင်ဝင်းက ပြောသည်။**



အဆိုပါ နည်းပညာရပ်များကို ငါးမွေးမြူရေး စိတ်ပါဝင်စားသည့် ငါးမွေးတောင်သူများကို ငါးမွေးမြူရေးနည်းစနစ်များ သိရှိနားလည်စေရေး အတွက် အဓိကထားရည်ရွယ်ပြီး သင်ကြားပေးသွားရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ ယင်းနည်းပညာရပ်များကို သင်ကြားပေးရန် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး သင်ကြားပေးရာတွင်လည်း သင်တန်းတစ်ခုတွင် လူဦးရေ ၂၀ မှ ၂၅ ဦးထိ လက်ခံပြီး ငါးမွေးတောင်သူများကို စာတွေ့၊ လက်တွေ့နည်းဖြင့် သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ငါးမွေးမြူရေးကို စိတ်ပါဝင်စားတဲ့ ငါးမွေးတောင်သူတွေကို သင်တန်းပေးသွားမှာပါ။ စနစ်တကျ မွေးမြူနိုင်ရေးအတွက်လည်း သင်တန်းပို့ချပေးတာပါ။ သရက်ကုန်းငါးလုပ်ငန်းစခန်းမှာပဲ သင်တန်းဖွင့်လှစ်ပေးသွားမှာပါ။ တိုင်းဒေသကြီးအတွင်းရှိ ငါးမွေးတောင်သူတွေအတွက်ပါ သင်တန်းကိုလည်း ကိုဗစ်စည်းကမ်းနဲ့အညီ ဖွင့်လှစ်သင်ကြားပေးသွားမှာပါ။ နှစ်တိုင်းလိုလို သင်တန်းတွေပေးဖို့ လျာထားပါတယ်။ ယခုသင်တန်းကိုတော့ လာမယ့်ဖေဖော်ဝါရီလအတွင်းမှာ ဖွင့်လှစ်ဖို့စီစဉ်ထားပါတယ်။ ငါးလုပ်ငန်းနဲ့ ပတ်သက်တဲ့ ခရိုင်၊ မြို့နယ် စခန်းတွေမှာလည်း ပေးသွားဖို့ အစီအစဉ်ရှိပါတယ်။ ယခုလို နည်းပညာရပ်များပေးခြင်းဖြင့် အခြေခံငါးမွေးမြူရေးကို နည်းစနစ် မှန်မှန်ကန်ကန်နဲ့ မွေးမြူနိုင်မယ့် အကျိုးကျေးဇူးတွေရရှိမှာပါ" ဟု ၎င်းကရှင်းပြသည်။

ငါးမွေးတောင်သူများ ငါးမွေးမြူသည့်အခါတွင် ကျန်းမာသန်စွမ်းသည့် ငါးသားပေါက်၊ ငါးမျိုးစိတ်များကို မွေးမြူနိုင်စေရေးနှင့် ငါးမျိုးကောင်းမျိုးသန့်များကို ထုတ်လုပ်ဖြန့်ဖြူးနိုင်စေရန်အတွက် အခြေခံ ငါးမွေးမြူခြင်းသင်တန်း၊ ငါးဆေးထိုးသားဖောက် သင်တန်းနှင့် ကောင်းမွန်သောရေသတ္တဝါမွေးမြူရေး ကျင့်စဉ်(GAQP)စသည့် နည်းပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ငါးမွေးတောင်သူများ ရေချိုငါးမွေးမြူရေးကို စနစ်တကျ မွေးမြူနိုင်စေရေး၊ ငါးအစားအစာဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် မိမိတို့ကိုယ်တိုင် ငါးသားပေါက်ထုတ်လုပ်နိုင်စေရေးကို ရည်ရွယ်၍ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဘုတ်ပြင်း၊ ပြင်ဦးလွင်၊ ချမ်းမြသာစည်၊ မြစ်ကြီးနားနှင့် ကျောက်မဲမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက ဘုတ်ပြင်းမြို့နယ် ဘန်ဂလား ကျေးရွာအုပ်စု ဘန်ဂလားကျေးရွာ အနီးတွင် သန်းစိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၁၃ ပြားနှင့် အိုက်စ်သုည ဒသမ ဝ၁၆ ကီလို တို့ကို လည်းကောင်း။

ယင်းနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် မိုးကြိုး ကျေးရွာအုပ်စု မိုးကြိုးကျေးရွာရှိ ပူးပေါင်း စစ်ဆေးရေးဂိတ်တွင် ကျော်ဆန်းဦး မောင်းနှင်ပြီး မြင့်စိုး လိုက်ပါလာသည့် မတ်တူးအမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ် နောက်ခန်းရှိ ဆာလာအိတ်များ အတွင်းမှ ဘိန်းဖြူ ၄ ဒသမ ၄ ကီလို သိမ်းဆည်းရမိခဲ့ကြောင်းနှင့် ကွင်းဆက်အရ မွန်းလွဲ ၁ နာရီခွဲ တွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် အမှတ်-ဖဖ ၂/၉၄(ခ)နေ ကိုသူ(ခ)မြင့်သူ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူဇနီးဖြစ်သူ မအေးဆိုင်မွမ်း(ခ)သီရိခိုင်အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ နှင့် မြန်မာငွေကျပ် ၁၀၀၀၀၀ တို့အား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ထို့နောက် စစ်ဆေး ပေါ်ပေါက်ချက်အရ ပူးပေါင်းအဖွဲ့က ညနေ ၆ နာရီ ၄၅ မိနစ်တွင် မြစ်ကြီးနားမြို့ မြို့မရပ်ကွက် ဈေးကြီးလမ်း၌ သန်းတိုးဝင်း(ခ) သန်းတိုးနှင့် ဉာဏ်မင်းတို့အား ဘိန်းဖြူ ၂ ဒသမ ၂ ကီလို၊ HYUNDAI STAREX အမျိုးအစား မော်တော်ယာဉ် တစ်စီးနှင့်အတူ လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၃၀ ရက် နံနက် ၈ နာရီခွဲက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်မဲမြို့နယ် မန္တလေး - မူဆယ်သွား ကားလမ်း မိုင်တိုင်အမှတ်(၁၁၀/၅) တွင် စိုင်းရွှေဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား၂၀၀၀တို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာတွင် ဝင်းဆန်းဦး(ခ) မိုဟာမက် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထား ကြောင်း သိရသည်။ **ရဲပြန်ကြား**



ကျော်ဆန်းဦး၊ မြင့်စိုး၊ ကိုသူ(ခ)မြင့်သူ၊ မအေးဆိုင်မွမ်း(ခ)သီရိခိုင်၊ ဉာဏ်မင်းနှင့် သန်းတိုးဝင်း(ခ)သန်းတိုး တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန် မြို့နယ်တွင် ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၉ ရက် ည ၇ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် ၅၆ လမ်း၊ ၁၃၂ လမ်းနှင့် ၁၃၃ လမ်းကြားတွင် ယာဉ်မောင်း စိုင်းထွန်းအောင် မောင်းနှင်လာသည့် နင်ဆန်းဒီဇယ် ၁၂ ဘီး မော်တော်ယာဉ်အား သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်တွင် လွှစာမှုန့်၊ နွားချေးအိတ်များဖြင့် ဖုံးအုပ်ထားသည့် ဒေသကာလတန်ဖိုးငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၄၁ ဒသမ ၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသော ဘိန်းဖြူများကို ရှမ်းပြည်နယ်မြောက်ပိုင်းမှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

## အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် (၁၂) နှစ်စီ အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မွန်ပြည်နယ် မော်လမြိုင်မြို့ ဇေယျာမြိုင်ရပ်ကွက်နေ အောင်ဇင်သူ(မိ)၊ မမြင့်သူ(ခ) သူသူ(မိ)၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်နေ မသော်သော်ဦး (ခ) မမိုးသူ(မိ)နှင့် မမြတ်နိုး (တိမ်းရှောင်) တို့က မွန်ပြည်နယ် မော်လမြိုင်မြို့နေ မ ... ၃၁ နှစ်၊ ကရင်ပြည်နယ် မြဝတီမြို့နေ မ ... ၃၇ နှစ်နှင့် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်နေ မ ... ၃၆ နှစ်တို့ သုံးဦးကို တရုတ်ယောကျ်ားယူပါက ငွေကျပ် သိန်း(၃၀/ ၅၀)ခန့်ရမည်၊ (၃)လပေါင်းပြီး ပြန်ခေါ်ပေးမည်၊ တရုတ်ယောကျ်ားက ရွှေများ ဆင်ပေးသည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်အမျိုးသားများထံ ပို့ဆောင်ရောင်းစားခဲ့သဖြင့် မော်လမြိုင်မြို့ မြိုင်သာယာနယ်မြေ ရဲစခန်း(ပ) ၂၃၅၅/ ၂၀၁၉၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၈(က)/ ၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မော်လမြိုင်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၈ ရက်က တရားခံ အောင်ဇင်သူနှင့် မသော်သော်ဦး(ခ) မမိုးသူတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ အရ အလုပ်နှင့် ထောင်ဒဏ် (၁၂)နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်)မှ ရေနံချေးအား အောက်ဖော်ပြပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | စက်ရုံ | ရေနံထွက်ပစ္စည်း အမျိုးအမည် | ရေတွက်ပုံ | ပမာဏ | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|---|---|
| | | | | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| ၁။ | ချောက် | ရေနံချေး | ဂါလန် | ၂၄၀၉၄၃ | ၁-၂-၂၀၂၂ | ၁၃:၀၀ | ၁-၂-၂၀၂၂ | ၁၄:၀၀ |

၂။ အသေးစိတ် သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၁-၂၀၂၂ (၆)လ ဘဏ္ဍာရေးနှစ်၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနရှိ စက်ယန္တရား/ယာဉ်များတွင် အသုံးပြုရန်လိုအပ်သော စက်အရန် ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | D.D.P |
|---|---|---|
| (က) | 013/DHPI/MachinerySpare/2021-2022 | Paung Laung |

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၃-၁-၂၀၂၂ ရက်၊ တနင်္လာနေ့
၃။ **တင်ဒါရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း
၄။ **တင်ဒါတင်သွင်းရမည့် ရက်နှင့်အချိန်** - ၂၇-၁-၂၀၂၂ ရက်၊ ကြာသပတေးနေ့ မွန်းတည့်၁၂:၀၀နာရီမတိုင်မီ တင်သွင်းရမည်။
၅။ **တင်ဒါရောင်းချ/တင်သွင်း ရမည့်နေရာ** - ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန၊ (၃)ထပ်ဆောင်ရုံးအမှတ်(၂၇)၊ နေပြည်တော်
၆။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၉၀**

---

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

စစ်တွေမြို့၊ ဆင်ကူးလမ်းရပ်ကွက်အကွက်(၄)၊ အောင်ဇံဝေလမ်း၊ အိမ်အမှတ် (၄/မ၈/၅၄၁)နေ ဦးဘိုးဟန်၏သမီး ဒေါ်မမူမူစံ ၁၁/စတန(နိုင်)၀၂၀၉၄၁ ၏ ညွှန်ကြားချက်အရ ကန့်ကွက်လိုက ကန့်ကွက်နိုင်ကြောင်း အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်-

စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်၊ ကွင်းအမည် ကျောင်းတက်လမ်း၊ အကွက်အမှတ်(၂၇)၊ ဦးပိုင်အမှတ်(၁၀၄)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၇၃ ဧကရှိ ဘိုးဘွားပိုင်အိမ်ရာမြေကွက်မှာ စစ်တွေမြို့နယ် မြေစာရင်းဦးစီးဌာန၏ RD/No.၂၄/၈၄ အရ ဒေါ်မစိန်ဖြူ(ခ)မတင်အေး၏အမည်ပေါက်ဖြစ်ပါသည်။ အဆိုပါ ဘိုးဘွားပိုင်အိမ်ရာ မြေကွက်ကို ဒေါ်မစိန်ဖြူ(ခ)မတင်အေးက တူမအရင်းအချာဖြစ်သူ ဒေါ်ရွှေမြသိန်းအား စာချုပ်စာတမ်းဖြင့် မေတ္တာရှိ အပိုင်ပေးကမ်းထားသည့်အတွက် ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုလျက် ဒေါ်မမူမူစံအား မှတ်ပုံတင်စာချုပ်ပြုလုပ်ကာ အပြီးအပိုင်လွှဲပြောင်းရောင်းချမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း ပိုင်ဆိုင်ကြောင်း အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မမူမူစံထံသို့ဖြစ်စေ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဒေါ်ရွှေမြသိန်းနှင့် ဒေါ်မမူမူစံတို့က တည်ဆဲဥပဒေအရ အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်မမူမူစံ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဦးမောင်သိန်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်အမှတ်-၄၇၁၅၆)**
**အမည်စာရင်းတင်သွင်းသည့်ရက် (၂၆-၂-၂၀၁၆)**
**၈ပ/၁၀၃၊ ပိန်လမ်း၊ ရွာကြီးတောင်ရပ်ကွက်၊ စစ်တွေမြို့**
**ဖုန်း-၀၉-၄၂၀၇၅၆၄၇၇၊ ၀၉-၆၉၂၆၃၁၀၉၉**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၁၅၂-ခ)ဟု ခေါ်တွင်သော ဧရိယာ ၁၂၀၀ စတုရန်းပေ အလျားပေ၆၀x အနံ ပေ၂၀ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အပါအဝင် သီးပင်စားပင်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းအေး ၁၂/လမန(နိုင်)၀၈၂၅၉၀ထံမှ ကျွန်မ ဒေါ်သန္တာအောင် ၁/ ကမန(နိုင်)၀၂၆၇၀၅က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူများမရှိပါက တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန္တာအောင်**
**အမှတ်(၅၆၇)၊ ဗန္ဓုလလမ်း၊ (၃၀)ရပ်ကွက်၊**
**မြောက်ဒဂုံမြို့နယ်၊ ဖုန်း-၀၉-၅၁၆၀၉၅၄**

---

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည-၁၀)၊ ဦးပိုင်အမှတ်(၃၉)၊ ဧရိယာ (၄၀x၆၀)ပေရှိ တသ စောစိုးမြတ် အမည်ပေါက်ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း(၂၀x၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးလှိုင်မြင့် (ဘ) ဦးချစ်နိုင် ၈/မမန (နိုင်)၁၃၈၄၂၈ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေ အချို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးဆွေသန့်ဝင်း(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** |
| **(စဉ်-၁၂၇၁၆)** | **(စဉ်-၄၉၃၀၇)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အခန်းအမှတ်(B-2)၊ ပထမထပ်၊ တိုက်အမှတ်(၂၅)၊ ၆၀အေလမ်း၊**
**၁၀၉အေနှင့် ၁၀၉ဘီလမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၄၀၂၇၇၃၁၁၇၊ ၀၉-၄၀၂၅၉၅၆၂**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၇၀၃

ကမ္ဘောဇဘဏ်လီမိတက်၊ ပြည်ကြီးတံခွန်ဘဏ်ခွဲ (၎င်း၏ကိုယ်စားဘဏ်ခွဲ တာဝန်ခံဒေါ်မြင့်မြင့်နှောင်း) နှင့် ဒေါ်ယုယုခိုင်

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၂) (ဈ)ရပ်ကွက်၊ အမှတ် (ပပ-၅၆/၅၄)၊ ၅၈-၅၉ လမ်းကြား၊ ဖိုးရာဇာလမ်း၊ မြောက်ဘက်နေ တရားပြိုင် ဒေါ်ယုယုခိုင် (ဘ)ဦးအေးဖေ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေအရင်းနှင့် အတိုး (၁၉၂,၆၆၉,၄၅၄ ကျပ် ၇၂ ပြား) အတွက် အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၈ ရက် (၁၃၈၃ ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ခင်ထွေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ရေးမြို့နယ်တရားရုံးတော်၌
### ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၂၂

၁။ ဒေါ်စန်းဝေ
၂။ ဒေါ်ခင်အေးမူ

နှင့်

၁။ ဒေါ်လှမြင့်
၂။ ဦးစိုးအောင်
၃။ ဦးထွန်းထွန်း
၄။ ဒေါ်ခင်ဝင်းကြည်
၅။ ဒေါ်ခင်ထွေးရီ
၆။ ဒေါ်ရီရီဝင်း
၇။ ဒေါ်တင်တင်ဝင်း
၈။ ဒေါ်ငွေငွေဝင်း

**တရားလိုများ** **တရားပြိုင်များ**

ရေးမြို့နယ်၊ လမိုင်းမြို့၊ မြို့မ(၃)ရပ်ကွက်၊ ကျိုက်ကြူဘုရားလမ်း၊ အမှတ် (၇၅၀)နေ (၂) တရားပြိုင် ဦးစိုးအောင်၊ ရေးမြို့နယ်၊ လမိုင်းမြို့၊ ကော့ဒွတ်ကျေးရွာ၊ အကွက်(၁၀)နေ (၃) တရားပြိုင် ဦးထွန်းထွန်းနှင့် ရေးမြို့နယ်၊ လမိုင်းမြို့၊ ကော့ဒွတ်ကျေးရွာ၊ အကွက် (၈)နေ (၄) တရားပြိုင် ဒေါ်ခင်ဝင်းကြည်(ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဇန်နဝါရီ ၁၁ရက်(၁၃၈၃ခုနှစ် ပြာသိုလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဒီဇင်ဘာ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သွင်မွန်ဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ရေးမြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၃ရပ်ကွက်၊ ခွာညိုလမ်း၊ တိုက်အမှတ် ၂၈/၁၊ တတိယထပ်(လေးလွှာ)တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် စပ်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူလက်ရောက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကမ်းလှမ်းသူ ဦးကိုကိုဝင်း ၁၂/ဥကတ(နိုင်)၁၅၀၄၅၅ နှင့် ဒေါ်ဝင်းမင်းသန်း ၁၂/ဥကတ(နိုင်)၁၅၅၈၃၉တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟန်ဝင်းလွင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၄၂)**
**အမှတ် ၉၅၈၊ (၃-က)၊ ဓမ္မရာဇာလမ်း၊ (၁၀)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၈၆၁၄၃၄၇၊ ၀၉-၉၆၄၆၁၄၃၄၇**

---

## ကုမ္ပဏီအား ဖျက်သိမ်းကြောင်းကြော်ငြာ
### အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း
### Sanyo Trading Japan Co.,Ltd.

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏အစည်းအဝေးဆုံးဖြတ်ချက်အရ Sanyo Trading Japan Co.,Ltd အား ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာ ဦးကျော်နိုင်ဦး(တရားလွှတ်တော်ရှေ့နေ)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ အဖြစ် ခန့်အပ်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်-

| | |
|---|---|
| **ဦးကျော်နိုင်ဦး(ဥပဒေဘွဲ့)** | **U LIN HTET OO** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၆၂)** | **Director** |
| **အမှတ်(၅၀)၊ အခန်း(၉)၊ ဒုတိယထပ်၊** | **Sanyo Trading Japan Co.,Ltd.** |
| **ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်** | |
| **ဖုန်း-၀၉-၇၇၇၅၀၅၇၃၇** | |
| **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** | |

---

## Sanyo Bussan Co.,Ltd, Myanmar Branch
### မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ မြန်မာပြည်ရုံးခွဲဖျက်သိမ်းကြောင်းကို အများသိစေရန် ကြော်ငြာခြင်း

Sanyo Bussan Co.,Ltd, Myanmar Branch သည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏အစည်းအဝေးဆုံးဖြတ်ချက်အရ ဒီဇင်ဘာ ၃၁ ရက်မှစ၍ ဆန္ဒအလျောက် မြန်မာပြည်ရုံးခွဲကို ဖျက်သိမ်းမည်ဖြစ်ပါသည်။ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကျော်နိုင်ဦး (တရားလွှတ်တော်ရှေ့နေ)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပါသည်။ Sanyo Bussan Co.,Ltd, Myanmar Branch မြန်မာပြည်ရုံးခွဲနှင့် သက်ဆိုင်သော ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်-

| | |
|---|---|
| **ဦးကျော်နိုင်ဦး(ဥပဒေဘွဲ့)** | **MR.EIJI TAKEUCHI** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၆၂)** | **Director** |
| **အမှတ်(၅၀)၊ အခန်း(၉)၊ ဒုတိယထပ်၊** | **Sanyo Bussan Co.,Ltd.** |
| **ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်** | **Myanmar Branch** |
| **ဖုန်း-၀၉-၇၇၇၅၀၅၇၃၇** | |
| **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** | |

---

## အများသိစေရန် ကြေညာအပ်ပါသည်

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ သာယာကုန်းလမ်း၊ အိမ်အမှတ် (၂၈)နေ ဦးလှသိန်း၏သမီး ဒေါ်လှလှထွေး ၁၀/မလမ(နိုင်)၂၃၈၅၆၂၊ (ဘ)ဦးကျော်ဝင်း၏ သမီး မဖြူနှင်းပွင့် ၁၀/မလမ(နိုင်)၂၇၆၉၉၁၊ (ဘ)ဦးကျော်ဝင်း၏သား မောင်ကောင်းခန့်ကျော် ၁၀/မလမ(နိုင်)၂၉၁၉၃၄ တို့မှ ကြေညာသည်မှာ မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ သာယာကုန်းလမ်း၊ အကွက်အမှတ်(၄၈)၊ ဦးပိုင်အမှတ်(၄၂/ဃ)၊ ဧရိယာ ၀ ဒသမ ၀၁၉ ဧကရှိ ဘိုးဘပိုင်မြေကွက်သည် မြေစာရင်းဦးပိုင်(၁-က) မှတ်ပုံတင်စာရင်း အရ ဒေါ်ဟာဇရာဘီ အမည်ပေါက် ပိုင်ဆိုင်လျက်ရှိပြီး ၎င်းထံမှ သားဖြစ်သူ ဦးကျော်ဝင်းသည် မေတ္တာဖြင့်ပေးကမ်းခြင်းစာချုပ်အမှတ်(၁၇၆/၂၀၂၁)အရ ပိုင်ဆိုင်လာခဲ့ပြီးနောက် ဦးကျော်ဝင်းသည် ၂-၈-၂၀၂၁ ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ဇနီး ဖြစ်သူ ဒေါ်လှလှထွေးနှင့် သမီး၊ မဖြူနှင်းပွင့်နှင့် သား မောင်ကောင်းခန့်ကျော်တို့မှ အမွေဆက်ခံပိုင်ဆိုင်လျက်ရှိကြောင်းကို ကတိသစ္စာပြုလွှာ မှတ်ပုံတင်အမှတ် (၁၁၅/၂၀၂၁)အရ လည်းကောင်း၊ အမွေဆက်ခံကြေညာစာချုပ်အမှတ် (၁၁၆/၂၀၂၁)အရလည်းကောင်း ပိုင်ဆိုင်လာခဲ့ပြီးနောက် ယခုအခါ မူလအမည်မှ ကျွန်တော်/ကျွန်မတို့ အမည်သို့ ပြောင်းလဲပေးပါရန် သက်ဆိုင်ရာ မော်လမြိုင်မြို့၊ လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၌ အမည်ပြောင်းလျှောက်ထားမှုအပေါ် ကန်ကွက်လိုသူများ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ ကျွန်တော်/ကျွန်မတို့ထံသော်လည်းကောင်း သက်ဆိုင်ရာရုံးဌာနအသီးသီးတို့၌ လည်းကောင်း၊ ယခုကြေညာသည့်ရက်မှစ၍ (၁)လအတော အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကန့်ကွက်ကြေညာသူများ**
**ဒေါ်လှလှထွေး၊ မဖြူနှင်းပွင့်၊ မောင်ကောင်းခန့်ကျော်**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/6010 BO KYAW LIGHT TRUCK, Pick Up(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင် ၉/မဟမ(နိုင်)၀၁၄၄၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---

## အများသိစေရန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့နယ်၊ ဈေးတန်း(၁၂)ရပ်ကွက်၊ ကွင်း/အကွက်အမှတ် ၁(C)စန္ဒကူး/ပြင်၊ ဦးပိုင်အမှတ် ၆၊ မြေအမျိုးအစား မြို့မြေပြင်၊ ဧရိယာ ၁ ဒသမ ၂၄၉ဧကရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးမောင်ရွှေ (ခ) ဘန်ဝါရီလာလ်ဂိုအင်ဂါ အမည်ပေါက်ပိုင်ဆိုင်သော ပစ္စည်းဖြစ်ပါသည်။ အထက်ဖော်ပြပါမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းတစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း၊ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေအား ရောင်းချရန်ကမ်းလှမ်းရာတွင် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီး ၂၀-၈-၂၀၂၀ရက်တွင် အပြီးအပိုင်ငွေပေးချေကာ မြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့် စာရွက်စာတမ်းအမည်ပေါက်မူရင်းများကို ကျွန်ုပ်၏မိတ်ဆွေမှ ရရှိထားပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄၀၊ ၃(ဘီ)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၆၄၄၇၁၇၉၂၊ ၀၉-၄၄၅၇၄၉၀၉၇**

---

## ဘိုးဘပိုင် / မြေပိုင်အခွင့်အရေးရရှိထားသော
## မြေအမည်ပြောင်းလျှောက်ထားကြောင်း
## ကြေညာစာ

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၄၅/ ရွှေတောင်)၊ ဦးပိုင်အမှတ်(၄၈ဂ)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၀၅ ဧကနှင့် ဦးပိုင်အမှတ် (၄၈ဓ)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၁၁ ဧကရှိ မြေကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဦးကျော်ဝင်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအပေါ် ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား မူရင်းနှင့်တကွ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **ဦးကျော်ဝင်း ၁၀/မလမ(နိုင်)၁၉၀၀၄၅**

---

## အမည်မှန်

၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှ ဗန်းမော်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်းမှ (A)မှ မစုမြတ်အောင်၏ အမည်မှန်မှာ မဆုမြတ်အောင် ၁/ဗမန(နိုင်) ၀၂၃၅၂၄ဖြစ်ပါကြောင်း။ **ဦးအောင်နိုင်ဝင်း ဗန်းမော်မြို့**

## အမည်ပြောင်း

ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့၊ အထက(ခွဲ) နဝရတ်ကျောင်း Grade-8 (သင်ရိုးဟောင်း)မှ မောင်ဟိန်းသော်ဇင်အား မောင်ဟန်သော်ဇင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟန်သော်ဇင်**

## ဖခင်အမည်မှန်

မံစီမြို့နယ်၊ ကောင်းရာရပ်ကွက် နာဇရက်ရပ် နေဗန်းမော်တံခွန်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-11 မှ မထရေဇာဆိုင်းနူးအောင် ၁/မစန (နိုင်)၀၆၄၉၃၅ ၏ ဖခင်အမည်မှန်မှာ ဦးတူးနန် ၁/မစန(နိုင်)၀၀၂၇၆၀ ဖြစ်ကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်မျိုးအောင် ၈/မဘန (နိုင်)၁၂၃၀၅၈ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကျော်ကျော်ထွန်း ၈/ငဖန (နိုင်)၀၃၇၀၀၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော်မောင်ချစ်ကိုဦး ၈/မလန (နိုင်)၁၃၀၈၈၈ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အောင်ခိုင်မြင့် ၈/မကန(နိုင်) ၁၇၉၂၄၀ ၏ နိုင်ငံကူး လက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## အမည်မှန်

ဦးကျကော်၏ သမီး မက်မန်းမြို့၊ မက်မန် (အထက) တက္ကသိုလ်ဝင်တန်းမှ မနာဆော၏ အမည်မှန်မှာ မနာစော ၁၃/ပယန(နိုင်)၀၀၆၃၉၆ ဖြစ်ပါကြောင်း။

**မနာစော**

## အမည်ပြောင်း

ဦးအေးမောင်၏ သမီး မက်မန်းမြို့၊ ရပ်ကွက်(၂)နေ မရတနာလဲ့လဲ့ထွန်း ၁၃/ပမန(နိုင်) ၁၃၉၈၄၉အား မလရောင်ထွန်း ဟု အမည်ပြောင်းလဲခေါ်ဆို ပါရန်။

**မလရောင်ထွန်း**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 2B/5792 Mitsubishi Cooler L/T ဒေါ်နာဖ ၁၃/ကတန (နိုင်)၀၄၅၇၅၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့် တစ်လအတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 41W/41941 (Honda Wave 110)၊ M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းလုံနွံန်း ၁၃/ကတန(နိုင်)၁၁၅၄၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ တစ်လအတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/4461 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီးအမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးကြေညာချက်
၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)

ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက် ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးထားသည့် ကိစ္စရပ်များ မပါ)အား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယနေ့** သ တင်း အ ညွှန်း

### အင်းစိန်မြို့နယ် လှိုင်မြစ်လမ်း အင်းစိန်ခုံးကျော်တံတားပေါ်တွင် လုယက်မှု ဖြစ်စဉ်မှ တရားခံများ ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိ

ပြည်တွင်းသတင်း စာ - ၁၇

### ခေတ်မီသူတိုင်း YPS ကတ်အသုံးပြုပြီး YBS ဘတ်စ်ကား စီးနင်းကြပါသည်

ဆောင်းပါး စာ - ၁၈




### ၂၀၂၂ အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲတို့တွင် မြန်မာကလပ်အသင်းများ ယှဉ်ပြိုင်ခွင့်ရမည်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

အာရှဘောလုံးအဖွဲ့ချုပ်က ပြုလုပ်မည့် ၂၀၂၂ အာရှအဆင့် ကလပ်ပြိုင်ပွဲများဖြစ်သော အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲတို့တွင် မြန်မာကလပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

မြန်မာကလပ်များအနေဖြင့် လာမည့်နှစ်တွင် ပြုလုပ်မည့် အာရှချန်ပီယံလိဂ်ခြေစစ်ပွဲတွင် တစ်သင်း၊ AFC Cup ပြိုင်ပွဲအုပ်စုအဆင့်တွင် တစ်သင်း၊ ခြေစစ်ပွဲအဆင့်တွင် တစ်သင်း ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ၂၀၂၁ ရာသီတွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ကျင်းပနိုင်ခြင်းမရှိသဖြင့် နောက်ဆုံးကျင်းပခဲ့သည့် ၂၀၂၀ ပြိုင်ပွဲမှ ချန်ပီယံအသင်းနှင့် ဒုတိယဆုရအသင်းတို့ကို ယှဉ်ပြိုင်ခွင့်ပြုမည် ဖြစ်သည်။ ၂၀၂၂ အာရှချန်ပီယံလိဂ်ခြေစစ်ပွဲနှင့် ၂၀၂၂ AFC Cup ပြိုင်ပွဲအုပ်စုအဆင့်တွင် အမှတ်ပေးချန်ပီယံရှမ်းယူနိုက်တက်အသင်း၊ AFC Cup ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်တွင် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် လာမည့်နှစ်တွင် ပြုလုပ်မည့် အာရှချန်ပီယံလိဂ်ပြိုင်ပွဲနှင့် AFC Cup ပြိုင်ပွဲတို့ကို ဇုန်အားလုံးပြုလုပ်နိုင်ရန် စီစဉ်ထားပြီး ကပ်ရောဂါအခြေအနေကြောင့် အိမ်ကွင်း၊ အဝေးကွင်းမကျင်းပဘဲ တစ်ကျော့တည်းသာ ပြုလုပ်မည်ဖြစ်သည်။ ရဲရင့်လွင်

### ၃၁-၁၂-၂၀၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ

| | |
|---|---|
| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် | ၁၈၉ ဦး |
| ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ | ၃ ဦး |
| ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်း | ၁.၇၆ % |



အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက် ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ။

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုင်းရင်းသားပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသို့ အသိပေးထုတ်ပြန်ချက်

**နေပြည်တော် ဒီဇင်ဘာ ၃၁**

နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်လုပ်ဆောင်နိုင်ရေး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီများ ဖွဲ့စည်း၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် လျင်မြန်လွယ်ကူထိရောက်စွာ ဆွေးနွေးဆောင်ရွက်နိုင်သည့် လမ်းကြောင်းများ ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းအားလုံးနှင့် ညှိနှိုင်းဆွေးနွေးမှုများအား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက မြို့ကြီးအချို့တွင် အကြမ်းဖက်လုပ်ရပ်များနှင့် အပြစ်မဲ့ပြည်သူများအား ရက်စက်စွာ သတ်ဖြတ်မှုများ ပြုလုပ်လာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ မန္တလေးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်အပါအဝင် အထက်မြန်မာပြည်မြို့ကြီးအချို့တို့တွင် ဖမ်းဆီးရမိသည့် အကြမ်းဖက်သမားများနှင့် လက်နက်/ခဲယမ်းများသည် KIA အဖွဲ့နှင့် TNLA အဖွဲ့များဖြင့် ဆက်နွယ်ပတ်သက်မှုများရှိကြောင်း တွေ့ရှိရသည်။

*စာမျက်နှာ ၁၆ ကော်လံ ၁* ❖